http://www.dhammadownload.com

သာသနာ့ပျိုးခင်း

သာသနာ့ပျိုးခင်းစာစဉ်(၂)

# သာသနာ့ပျိုးခင်း

## လူငယ်ယဉ်ကျေးမှုစာစောင်

အရှင်ရေဝတ (သာသနာ့ပျိုးခင်း)

စီစဉ်သည်

သာသနာ့ပျိုးခင်းစာစဉ်(၂)

သာသနာ့ပျိုးခင်း

လူငယ်ယဉ်ကျေးမှုစာစောင်

အရှင်ရေဝတ (သာသနာ့ပျိုးခင်း)

စီစဉ်သည်

ကန့်ဘလူဖြူစင်ဝင်း၊ ဒီပါဆွေ၊ ဓမ္မပီယဆရာတော်၊ ကြယ်စင်မင်း(မုံရွာ)၊ အုံ့မောင်
အရှင်သီရိန္ဒာစာရ(မြင်းခြံ)၊ တင်နိုင်တိုး၊ ဦးဘုန်း(ဓာတု)
ဘုန်းမိုးသွန်း(မုံရွာ)၊ အရှင်ဝိစိတ္တ(မနာပဒါယီ)၊ ခင်စောတင့်၊
ယဉ်မေခင်(မုံရွာ)၊ အောင်နိုင်မောင်(မုံရွာ)၊ သီဟာသစ်၊ ခိုင်မြဝါ၊
လွင်ချန်ဖြိုး(နတ်မောက်)၊ သီတလ(ချင်းတွင်း)၊ ဝေဠုဝတီရဟန်းတော်၊
အောင်ချိုအေး (ACA)၊ မြိုင်နန်းမြေ - ရဝေသျှင်၊ သိန်းအေး

http://www.dhammadownload.com

ပျိုးခင်းစာပေဥယျာဉ်

အမှတ်(၆/က-၁) စူနီယမ်ပတ်ခ်၊ သုခဝတီလမ်း
ရန်ကင်း (သုခဝတီပန်းခြံအနီး)
ဖုန်း ၀၉-၅၀၂၅၄၀၉၊ ၀၉-၇၃၀၁၂၆၄၅၊ ၀၉-၈၅၁၆၂၀၉။

http://www.dhammadownload.com

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး၊
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
* စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.dhammadownload.com

သာသနာ့ပျိုးခင်း စာစဉ် (၂)

# သာသနာ့ပျိုးခင်း
# လူငယ်ယဉ်ကျေးမှုစာစောင်

**အရှင် ဧရဝတ (သာသနာ့ပျိုးခင်း)**
**စီစဉ်သည်**

ဓမ္မမင်္ဂလာစာကြည့်တိုက် (မုံရွာမြို့ မင်းရွာ) ဖွင့်ပွဲအထိမ်းအမှတ် ထုတ်ဝေသည်။

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် - ၆၀၀၉၈၀၁၁၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀၉၀၃၁၂၁၁

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ ၂၀၁၂၊ ဧပြီလ

**အုပ်ရေ** - ၁၀၀၀

**မျက်နှာဖုံးဒီဇိုင်း**

လင်းဝဏ္ဏ

**အတွင်းဖလင်**

ပုံရိပ်ရှင်

**ထုတ်ဝေသူ**

ဦးသန်းဆွေ၊ ယူနတီစာပေ
၃၆ (အပေါ်ဆုံးထပ်)၊ ဟသ်ာတလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။

**ကွန်ပျူတာစာစီ**

သာသနာ့ပျိုးခင်း ကွန်ပျူတာ

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**

ဦးဇော်မြင့်ဝင်း၊ ကာလာဖုံ ပုံနှိပ်တိုက်၊
၁၈၄၊(ခ) ၃၁-လမ်း (အထက်) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး** - ၁၂၀၀ိ

၂၉၄.၃

ကလောင်စုံ

သာသနာ့ပျိုးခင်း လူငယ်ယဉ်ကျေးမှု စာစောင်/ကလောင်စုံ။ -ရန်ကုန်၊ ယူနတီစာပေ၊ ၂၀၁၂။

၁၃၀-စာ၊ ၁၃.၃၄ × ၂၁ စင်တီ

(၁) သာသနာ့ပျိုးခင်း လူငယ်ယဉ်ကျေးမှု စာစောင်

http://www.dhammadownload.com

## သာသနာ့ပျိုးခင်း
## လူငယ်ယဉ်ကျေးမှုစာစောင်

# မာတိကာ


| | | |
|---|---|---|
| ၁။ လိမ္မာယဉ်ကျေးကြစေသော | စီစဉ်သူ | ၇ |
| ၂။ ကလေးတို့အားမာန် | (ကန့်ဘလူ ဖြူစင်ဝင်း) | ၈ |
| ၃။ အတ္တမှော်ရုံ | ဒီပါဆွေ | ၁၁ |
| ၄။ ပညာသည်သာ မြတ်နိုးအပ်သောအရာ | ဓမ္မပိယဆရာတော် | ၁၃ |
| ၅။ သေရည်၏ ရလဒ် | ကြယ်စင်မင်း (မုံရွာ) | ၁၉ |
| ၆။ လူငယ် လန်းပါစေ | အံ့မောင် | ၂၀ |
| ၇။ ပညာဉာဏ်ရောင်ထွန်းလင်းပြောင်မှ | အရှင်သီရိန္ဒာစာရ (မြင်းခြံ) | ၂၇ |
| ၈။ လူငယ်နှင့် သမိုင်း | တင်နိုင်တိုး | ၃၈ |
| ၉။ သွေးတူတိုင်း ဆွေမျိုးမဟုတ်၊<br>အတွေးတူမှ ဆွေမျိုးဖြစ်သည် | ဦးဘုန်း (ဓာတု) | ၄၃ |
| ၁၀။ ညီမျှခြင်းနဲ့ အရသာ | ဘုန်းမိုးသွန်း (မုံရွာ) | ၅၇ |
| ၁၁။ တကယ့် ဒုက္ခငြိမ်းရာ | အရှင်ဝိစိတ္တ (မနာပဒါယီ) | ၆၁ |
| ၁၂။ ကြင်နာစာနာစိတ် ထားကြည့်ပါ | ခင်စောတင့် | ၆၇ |
| ၁၃။ ပီတိ | ယဉ်မေခင် (မုံရွာ) | ၇၂ |
| ၁၄။ သခင်စိတ်ဆိုသည်မှာ | ဘုန်းမိုးသွန်း (မုံရွာ) | ၇၇ |
| ၁၅။ အသိအလိမ္မာနှင့် စာပေသြဇာ | အောင်နိုင်မောင် (မုံရွာ) | ၈၃ |
| ၁၆။ အလံမဲ့ရီး | သီဟာသစ် | ၉၂ |
| ၁၇။ ဓမ္မအမွေ ပေးကြလေ | ခိုင်မြဝါ | ၉၆ |
| ၁၈။ ပျိုးခင်းထဲက လူငယ် | လွင်ချမ်းဖြိုး (နတ်မောက်) | ၁၀၂ |
| ၁၉။ သစ်ပင်လေးတစ်ပင် စိုက်ခဲ့တယ် | သီတလ (ချင်းတွင်း) | ၁၀၆ |
| ၂၀။ မြတ်တန်ဖိုး | ဝေဠုဝတီရဟန်းတော် | ၁၁၁ |
| ၂၁။ နွေးထွေးရင်ခွင် | အောင်ချိုအေး (ACA) | ၁၁၂ |
| ၂၂။ ပျိုးခင်းရွာက ကျေးလက်တက္ကသိုလ် | မြိုင်နန်းမြေ-ရဝေသျှင် | ၁၁၆ |
| ၂၃။ လူငယ်တွေ တကယ်<br>အောင်မြင်ချင်တာလား | သိန်းအေး | ၁၂၄ |

# လိမ္မာယဉ်ကျေးကြစေသော

[illegible]ကသနှုပျိုးခင်း ယဉ်ကျေးမှုသင်တန်း အထိမ်းအမှတ် လူငယ် [illegible]စာစောင်ကို အမှတ်တရ ထုတ်ဝေလိုစိတ်ဖြစ်ပေါ်လာ၏။ မိတ်ဆွေ မျ[illegible]တော်များထံ စာပေအကူအညီ တောင်းခံရာ လက်ကမ်းကြိုဆို၍ စာမူများ [illegible]အားတက်သရော ရေးသားပေးလာကြပါ၏။ အပြင်အဆင်များတွင်လည်း ပထမအကြိမ်က မာတိကာနှင့် ဆောင်းပါးများကို ရိုးရှင်းသောပုံစံဖြင့်ပင် စီစဉ်ခဲ့၏။ ယခု ဒုတိယစာစောင်တွင် ကဏ္ဍများတိုးချဲ့၍ စီစဉ်ထားပါ၏။ ယခုတစ်ကြိမ်တွင် အမှာစာ သဘောမဟုတ်ပါဘဲ စာမျက်နှာကို ဖွင့်လှစ်လိုက်ပါသည်။

**“ပညာလည်း ရှိ၊ အသိလည်း တိုး၊ အမျိုးကို ဆောင်မယ်၊ တို့လူငယ်”** ဟူသော ဆောင်ပုဒ်လေးနှင့်အတူ လူငယ်များ အသိဉာဏ်ပညာတိုးပွားပြီး အမျိုးအကျိုးဆောင်ရွက်လိုစိတ်ရှိသော လူငယ်လူရွယ်များ ထွန်းကားပေါ်ပေါက်လာရေးကို ဦးတည်ချက်ထားကာ ဤလူငယ်ယဉ်ကျေးမှု စာစောင်လေးကို စီစဉ်ဖြစ်ခဲ့ပါသည်။ ဤစာစောင်ဖြင့်ပင် စစ်ကိုင်းတိုင်း မုံရွာမြို့နယ် မင်းရွာ ကျေးရွာရှိ အောင်ဇေယျ ကျောင်းတိုက်အတွင်း ဇေယျမင်္ဂလာ ပိဋကတ်စာကြည့်တိုက်နှင့် အလင်းရောင် စာကြည့်တိုက်များကို အောင်မြင်စွာ ဖွင့်လှစ်ပြီး တိုးတက်အောင် ဆောင်ရွက်နိုင်စွမ်းရှိကြသဖြင့် ဂုဏ်ပြုလိုက်ပါသည်။ ညောင်ဖြူပင်ကျေးရွာရှိ လယ်တီပဏ္ဍိတ ဦးမောင်ကြီးကို ဂုဏ်ပြုထားသည့် **မောင်ကြီးတို့ရွာ** စာကြည့်တိုက်တွင်လည်း စာကြည့်တိုက် နာယကအဖြစ် တာဝန်ယူထားရသဖြင့် ဘုန်းတော်ကြီးကျောင်းများရှိ ပိဋကတ်တိုက်များသည်လည်း သာမန် စာကြည့်တိုက်အဖြစ်မှ လူထုအကျိုးပြု စာကြည့်တိုက်များအဖြစ် ရှင်သန်လာသည်ကို တွေ့ရသည့်အတွက် များစွာ ဝမ်းသာပီတိ ဖြစ်ရသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ အားလုံးကို ဂုဏ်ပြုအပ်ပါသည်။ စာပေမှ ပေးသော အသိပညာ၊ အတတ်ပညာများဖြင့် လူ့ဘောင်လောက သာယာလှပပြီး ယဉ်ကျေးမှုများ တိုးတက်လာပေလိမ့်မည်ဟု ယုံကြည်မိပါသည်။

**စီစဉ်သူ**

http://www.dhammadownload.com

# ကလေးတို့ အားမာန်

ဆရာမိဘ ဆုံးမစကား
နားထောင်ရာဝယ် ဘယ်ခါမှားသည်
မရှိပြီတည်း၊ ဂုဏ်ရည်ပြည့်ဝ
ဘဝအထက်တန်း မျက်နှာပန်းလှလှ
နေရသူတွေ များလှပေ၏။

ဆရာမိဘ၊ ဆုံးမစကားကို
တန်ဖိုးထားလေလေ
ကိုယ့်ဂုဏ်ဝေမြဲ၊ မှန်မလွဲတည်း။

ဆရာမိဘ အဆုံးမအောက်မှာ
နေရတာမို့ ကလေးဘဝ
များလှတန်ဖိုး ဂုဏ်မညှိုးဘူး။
တိုး၍ရှေ့သာ လှရာတည်း။

ငယ်ရွယ်ပျိုနု ယခုနေခါ
ပညာခနေ မကြွယ်ဝလည်း
ဘာမှ ဘယ်ဝယ် အားငယ်စရာ
မလိုပါတည်း၊ မှန်စွာတစ်နေ့
ပြည့်လိမ့်ခနေ၊ ရလိမ့်ပညာ
သေချာပါ၏၊

http://www.dhammadownload.com



ဆရာမိဘ၊ ညွှန်ပြသည့်အတိုင်း
မဆိုင်းလျင်စွာ၊ သာစွအဟုတ်
လုပ်ခွင့်ရကာ၊ လုပ်နေတာမို့
ကလေးတို့အားမာန်၊ အလှစံလိမ့်။

ပညာအရောင် ထွန်းလင်းပြောင်ဟု
ပညာမျိုးသာ ကိုယ့်ဥစ္စာဟု
မြန်မာ့ဆိုရိုး မြတ်နိုးဆောင်ကာ
မြတ်ပညာလှ ရအောင်ကြိုးစား
မှတ်သားယူလျက် ခရီးဆက်သော်
အခက်ခဲပြဿနာ ကြုံလာပါက
တစ်ခဏချင်း ဖြေရှင်းသွားနိုင်
အားအစွမ်းပိုင်သူ မော်ကွန်းထူအံ့။

ဆရာမိဘ၊ ဆုံးမစကား
ထောင်နားမစိုက် ထင်ရာလိုက်သော်
အမိုက်မှောင်ဖုံး လူလုံးမလှ
ကျိုးနည်းရလိမ့်။

ကလေးငယ်မို့ အတွေးထည်ဝါ
လိမ္မာရေးခြား၊ ရှိထားကြဖို့။
သာစွစိတ်ဓာတ်၊ မွေးမြူတတ်ဖို့
မြတ်စေတနာ၊ မြတ်မေတ္တာဖြင့်
ပြောကာပေးသည့် ယဉ်ကျေးမှုသင်တန်း
ဖွင့်ကမ်းကြိုဆို၊ များထိုထိုသို့
ကလေးတို့တက်ခွင့် အခါသင့်ပြီ။
အားမာန်ဝင့်ကြွား ဂုဏ်ရည်ပွားအံ့။

မြတ်ပညာဂုဏ် မွေးပျံ့ထုံလျက်
အသက်ရှင်သန် အမြင်မှန်နှင့်

http://www.dhammadownload.com



သင့်မြတ်ရာလုပ် နောက်မဆုတ်ပါ။
ဘာသာသာသနာ၊ ပြည်ရွာကောင်းကျိုး
သယ်ပိုးစွမ်းသူ မော်ကွန်းထူအံ့။
ဖြူသန့်စိတ်ထား၊ ကလေးတို့အားမာန်
အလှစံလိမ့်။

ကလေးတို့ဘဝ ပြည့်ဝလိမ့်မှာ။
ပညာတော်ပုံ ဂုဏ်သတင်းကြားရ
မြင်တွေ့ရလျှင် မိဘနှစ်ဖြာ
ဆရာတို့မှာ ဝမ်းသာမဆုံး
အပြုံးလွှမ်းနေ ပန်းသမျှပေ၏။

ကန့်ဘလူ ဖြူစင်ဝင်း

http://www.dhammadownload.com

## အတ္တမှော်ရုံ

(၁)

ပထမတော့... ငါ

ကောစာ..။

(၂)

ဒုတိယမှာ ရုပ်နာမ်ရောက်

ငါဆိုတာ ဖျောက်

ပျောက်...။

(၃)

တတိယမှာ ဥပါဒ် ဠီ ဘင်

သဘောဝင်တော့

ဆင်ခြင်သည့် ငါ ဘယ်မှာ

ဆင်ခြင်သည့် ရုပ်နာမ်

ဘယ်ချောင်မှာ ကုပ်

ငုတ်တုတ်ထိုင်ရင်း အဖြေရှာ

ဘဝဆိုတာ လုံးလည်ချာ

http://www.dhammadownload.com



(၄)

တွေ့ရပြန်တော့
ဖြစ်တည်ပျက်ခြင်း အလျှင်းဝေးစွာ
အတ္တ မခွါသေးသည့် ငါ
ငါ... ငါ... ငါ
သက္ကာယ မကွာသေးသည့် ငါ

(၅)

သြော်...
လွတ်လမ်းလည်းမြင်
ကျွတ်တမ်းလည်း ဝင်ချင်တဲ့
ပုထုဇဉ်ဆိုတဲ့ ငါဟာ
အတ္တမော်တွင်း သက်ဆင်းပြီးရာတော့
သက္ကာယ ညွတ်ကွင်း ဖက်တင်းပြီးရာတော့
သံသရာစက်ကွင်း နင်းချဉ်းပြီးရာတော့
ရှာသာရှာ
ငြိမ်းချမ်းခြင်းက ဗလာ
ပဿဒိက အရည်မပါ
အဖြေမှာ မာယာနှောတဲ့
ဘဝအဆင် မချောသည့်
ဥမ္မတ္တကော ငါ။ ။

ဒီပါဆွေ(မုံရွာ)

http://www.dhammadownload.com

# ပညာသည်သာ မြတ်နိုးအပ်သောအရာ

ရွှေသည် ချစ်စရာကောင်းသည်၊ ငွေသည် ချစ်စရာကောင်းသည်၊ ဂုဏ်သည် ချစ်စရာကောင်းသည်၊ ရာထူးဌာနန္တရသည် ချစ်စရာကောင်းသည်၊ စည်းစိမ်ဥစ္စာသည် ချစ်စရာကောင်းသည်၊ လုပ်ပိုင်ခွင့်အာဏာသည် ချစ်စရာကောင်းသည်၊ ထိုထိုအရာတို့ထက် ပို၍ ချစ်စရာကောင်းသည်က ပညာသာဖြစ်သည်။

ရွှေသည် မြတ်နိုးအပ်သောအရာဖြစ်သည်၊ ငွေသည် မြတ်နိုးအပ်သောအရာဖြစ်သည်၊ ဂုဏ်သည် မြတ်နိုးအပ်သောအရာ ဖြစ်သည်၊ ရာထူးဌာနန္တရသည် မြတ်နိုးအပ်သောအရာဖြစ်သည်၊ စည်းစိမ်ဥစ္စာသည် မြတ်နိုးအပ်သောအရာဖြစ်သည်၊ လုပ်ပိုင်ခွင့်အာဏာသည် မြတ်နိုးအပ်သောအရာဖြစ်သည်၊ ထိုထိုသို့သော မြတ်နိုးဖွယ်တို့ထက် ပို၍ မြတ်နိုးအပ်သောအရာကား ပညာသာ ဖြစ်သည်။

ပညာဟူသည် မူရင်းက ပါဠိဝေါဟာရ ဖြစ်သည်။ မြန်မာက မွေးစားစကားလုံးအဖြစ် မွေးစား၍ ယူထားသည်။ မြန်မာလိုလည်း ပညာဟု ပင် ခေါ်ဝေါ်နေကြသည်။ သူ၏ အဓိပ္ပါယ်ကား နက်နဲကျယ်ဝန်းလှသည်၊ ပညာကို တိပိဋကပါဠိမြန်မာအဘိဓာန်က "အထူးထူး၊ အပြားပြားအားဖြင့် ဝေဖန်၊ ပိုင်းခြား၊ စဉ်းစား၊ ဆင်ခြင် သိမြင်တတ်သော သဘောတရား၊ အသိ၊ အလိမ္မာ၊ ဉာဏ်ပညာ"ဟု ဖွင့်သည်။

http://www.dhammadownload.com



ပညာ၌ ပ,က "အထူးထူး၊ သို့မဟုတ် အပြားပြား" ဟု အဓိပ္ပါယ်ထွက်သည်၊ ညာ,က သိခြင်းဖြစ်သည်၊ အထူးထူးအပြားပြား ဝေဖန်၍ သိခြင်းသည် ပညာဖြစ်သည်၊ အထူးထူးအပြားပြား ပိုင်းခြား၍ သိခြင်းသည် ပညာဖြစ်သည်၊ အထူးထူးအပြားပြား စဉ်းစား၍သိခြင်းသည် ပညာ ဖြစ်သည်၊ အထူးထူးအပြားပြား ဆင်ခြင်၍ သိခြင်းသည် ပညာဖြစ်သည်။

ပညာသည် ဝေဖန်သည်၊ ပညာသည် ပိုင်းခြားသည်၊ ပညာသည် စဉ်းစားသည်၊ ပညာသည် ဆင်ခြင်သည်၊ ပညာသည် အသိဖြစ်သည်၊ ပညာသည် အလိမ္မာဖြစ်သည်၊ ပညာသည် ဉာဏ်ဖြစ်သည်။ ထို့ကြောင့် ပါဠိသက်ပေါဟာရအဘိဓာန်က ပညာကို ဖွင့်ပြရာတွင် "အသိဉာဏ်၊ အပြားအားဖြင့် သိတတ်သောဉာဏ်၊ ဆည်းပူးရသောအသိဉာဏ်၊ အသိဉာဏ်ကို ရရာရကြောင်း ရှာဖွေဆည်းပူးအပ်သောအတတ်" ဟု ဖွင့်သည်။

အသိ၊ အလိမ္မာ၊ ဉာဏ်ပညာဟူသည် အဓိပ္ပါယ်ကတော့ အတူတူပင်ဖြစ်သည်။ အသိသည် ဉာဏ်၊ ဉာဏ်သည် အသိ၊ အသိသည် ပညာ၊ ပညာသည် အသိ၊ ဉာဏ်သည် ပညာ၊ ပညာသည် ဉာဏ်၊ အရာရာ၌ ကောင်းစွာ ထိုးထွင်း၍ သိတတ်သောအသိ၊ အလိမ္မာသည် "ဇာနာတီတိ ဉာဏံ" ဟူသော ဝစနတ္ထအရ "ဉာဏ်" ဟု ခေါ်ရသည်။

ထိုဉာဏ်သည် အရာရာ၌ မဖြစ်ဖြစ်အောင် ကြံဆောင်တတ်သော အနက်သဘောရှိသောကြောင့် "ဓီ" ဟု ခေါ်၏။ "ဓီ" ဟု ခေါ်ဆိုအပ်သော ဉာဏ်သည် အရာရာ၌ မဖြစ်ဖြစ်အောင် ကြံဆောင်တတ်၏။

ထိုဉာဏ်သည် လွန်စွာ ထင်ရှားကျော်စောတတ်သော အနက်သဘောရှိသောကြောင့် "ပညာ" ဟု အမည်ရ၏၊ ပညာတွေ တတ်လျှင် ထင်ရှား၏၊ ကျော်ကြား၏၊ ပညာရှိလျှင် ပို၍ ထင်ရှားကျော်ကြား၏။

ထိုဉာဏ်သည် အရာရာ၌ ကောင်းစွာသိတတ်သောအနက်သဘောကြောင့် "ဗုဒ္ဓိ မတိ မုတိ ဝိဇ္ဇာ မန္တာ" ဟု အမည်ရ၏၊ ဉာဏ်သည် ညစ်ညူးစေတတ်သော ကိလေသာတို့ကို သတ်တတ်သောအနက်သဘောရှိသောကြောင့် "မေဓာ" ဟု အမည်ရ၏။

ထိုဉာဏ်သည် ကောင်းသောအကျိုးစီးပွား၌ မွေ့လျော်တတ်သော

http://www.dhammadownload.com



အနက်သဘောရှိသောကြောင့် "ဘူရိ" ဟု အမည်ရ၏။ ဉာဏ်သည် ကောင်းသောအကျိုးစီးပွား၌ မွေ့လျော်တတ်၏။ ထိုဉာဏ်သည် သိသင့်သိ ထိုက်သောတရားတို့၌ ကောင်းစွာဖြစ်တတ်သောကြောင့် "ယောနိ" ဟု အမည်ရ၏။

ထိုဉာဏ်သည် သိအပ်သောတရားတို့ကို ရှေးရှုထင်စေတတ်သော အနက်သဘောကြောင့် "ပဋိဘာန" ဟု အမည်ရ၏၊ ထိုဉာဏ်သည် မတွေဝေတတ်သောအနက်သဘောကြောင့် "အမောဟ" ဟု အမည်ရ၏၊ အဘိဓာန်စာကိုယ်နှင့်တကွ ထိုထိုသုတ္တန်တို့၌ ဤသို့ မိန့်ဆိုတော်မူအပ်၏။

ဓမ္မသင်္ဂဏီစသောပါဠိတော်တို့၌ ဤသို့ မိန့်တော်မူအပ်၏၊ ဉာဏ် ပညာသည် ပဇာနနာ-အပြားအားဖြင့် သိတတ်၏၊ ဝိစယ=ပဝိစယ=ဓမ္မဝိစယ -ကောင်းမြတ်သောအကျိုးစီးပွားကို ပွားစေတတ်၏၊ သလ္လက္ခဏာ=ဥပလက္ခ ဏာ=ပစ္စုလက္ခဏာ-ကောင်းစွာမှတ်သားတတ်၏၊ ကောသလ္လံ-ပညာရှိဟူ သောအမည်ကို ခံယူစေခြင်းငှါ စွမ်းနိုင်၏၊ နေပုညံ-သိမ်မွေ့သောသူဟူသော အမည်ကို ခံယူစေခြင်းငှါ စွမ်းနိုင်၏၊ ဝေဘဗျာ-အထူးဖြစ်တတ်သော အနက် သဘောရှိ၏။

ထိုဉာဏ်ပညာသည် စိန္တာ-မဖြစ်ဖြစ်အောင် ကောင်းစွာ ကြံတတ် ၏၊ မေဓာ-ကိလေသာတို့ကို မိုးကြိုးစက်ပမာ ကောင်းစွာနှိပ်စက်တတ်၏၊ ပရိဏာယိကာ-ထိုးထွင်း၍ သိခြင်းသို့ ညွှတ်တတ်၏၊ ဝိပဿနာ-အထူး သဖြင့် ရှုတတ်၏၊ ပတောဒေါ-နှင်တံနှင့်တူ၏၊ ဣန္ဒြိယံ-ယှဉ်ဖက်တရား တို့အပေါ်၌ အစိုးရ၏၊ ဗလံ-ဆန့်ကျင်ဘက်တရားတို့ကြောင့် မတုန်မလှုပ် တတ်သောသဘောရှိ၏၊ သတ္ထံ-အမြောက်စိန်ပြောင်း စသော လက်နက်နှင့် တူ၏၊ ရတနာ-နှစ်သက်မွေ့လျော်ခြင်းကို ဖြစ်စေတတ်၏၊ အာလောကော= ဩဘာသော=ပဇ္ဇောတော-ဆီမီးရောင်တို့ထက် ဆတက်ထမ်းပိုးတိုး၍ ထွန်း လင်း တောက်ပ၏။

ထိုဉာဏ်ပညာသည် လောကီပညာ၊ လောကုတ္တရာပညာဟူ၍ နှစ်မျိုးရှိ၏၊ လူချမ်းသာ စသော ချမ်းသာအမျိုးမျိုးကို ပေးစွမ်းနိုင်သော လောကီကုသိုလ်ပညာနှင့်တကွ ဤလောက၌ နာယူသင်ကြားမှတ်သားအပ်

http://www.dhammadownload.com



သော လက်မှုပညာ၊ နှုတ်မှုပညာတို့သည် လောကီပညာမည်၏။ မဂ်ဖိုလ်နှင့် ယှဉ်သောပညာသည် လောကုတ္တရာပညာမည်၏။

တစ်နည်း… ကမ္မဇပညာနှင့် ဝီရိယဇပညာ ဟူ၍ နှစ်ပါးရှိ၏။ ရှေးဘဝ ဆည်းပူးအားထုတ်ခဲ့သော ကောင်းမှုကံ၏ အစွမ်းဖြင့် ပဋိသန္ဓေနေသည်ကစ၍ ပဋိသန္ဓေစိတ်နှင့် ယှဉ်တွဲပါလာသော အသိအလိမ္မာပညာသည် ကမ္မဇပညာ မည်၏၊ လက်ရှိဘဝ ပဝတ္တိအခါ၌ ဝီရိယဖြင့် ကြိုးစားအားထုတ်၍ သင်ကြားဆည်းပူးအပ်သော အသိအလိမ္မာ ဉာဏ်ပညာသည် ဝီရိယဇပညာမည်၏။

ပါဠိတော်တို့၌ သုတမယ ပညာ၊ စိန္တာမယ ပညာ၊ ဘာဝနာမယ ပညာဟူ၍ သုံးမျိုးပြ၏၊ နာယူမှတ်သားသင်ကြား၍ သိခြင်းသည် သုတမယ ပညာဖြစ်၏၊ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားဆင်ခြင်၍ သိခြင်းသည် စိန္တာမယ ပညာဖြစ်၏၊ ပွားများအားထုတ်မှုကြောင့် သိခြင်းသည် ဘာဝနာမယပညာ ဖြစ်၏၊ အာဠဝကဘီလူးက "ပညာရဖို့ အဘယ်သို့ကျင့်ရပါမည်နည်း" ဟု ဘုရားကို မေးလျှောက်တော့ ဘုရားက "ပညာရဖို့ နားထောင်ရမည်" ဟု မိန့်ခဲ့၏။ သုတမယပညာကို ရည်စူးခြင်းဖြစ်၏၊ သို့မဟုတ် အတတ်ပညာကို ရည်စူးခြင်းဖြစ်၏။

အာဠဝက ဘီလူးက "လောကမှာ အဘယ်ပုံအဘယ်နည်း အသက်မွေးခြင်းသည် အကောင်းဆုံးဖြစ်ပါသနည်း" ဟု မေးလျှောက်တော့ ဘုရားက "ပညာနှင့် အသက်မွေးခြင်းသည် အကောင်းမြတ်ဆုံးဖြစ်၏" ဟု ဖြေကြားခဲ့သည်။ ဤနေရာ၌ အဋ္ဌကထာဆရာက ဖွင့်တာက "ပစ္စုပ္ပန်သံသရာ နှစ်ဖက်မျှ၍မြင်သော၊ သို့မဟုတ် သူ့ဖို့ ကိုယ့်ဖို့ နှစ်ဖို့မျှ၍မြင်သော ဒွိစက္ခုပုဂ္ဂိုလ်တို့၏ အသက်မွေးခြင်းသည် အကောင်းဆုံးဖြစ်၏" ဟု ဖွင့်ပြသည်။ ထို့ကြောင့် ပညာဟူသည် ပစ္စုပ္ပန်သံသရာ မျှ၍မြင်ခြင်း၊ သူ့ဖို့ ကိုယ့်ဖို့ မျှ၍မြင်ခြင်းဟု ဆိုရမည်။ ထိုပညာနှင့် အသက်ရှင်ခြင်းသည် အကောင်းဆုံးဖြစ်သည်။

အာဠဝကဘီလူးက "လောကမှာ စင်ကြယ်အောင် အဘယ်ကဲ့သို့ နေထိုင်ရပါမည်နည်း" ဟု မေးလျှောက်တော့ ဘုရားက "လောကမှာ

http://www.dhammadownload.com



စင်ကြယ်အောင် ပညာနှင့်သာ နေထိုင်ပါ''ဟု မိန့်ခဲ့ပြန်ပါသည်။ သာမန် ကြည့်လျှင်တော့ ဘဝမှာ စင်ကြယ်ဖို့ သီလနှင့်နေထိုင်ရမည်ဟု အများစု ဖြေကြလိမ့်မည်ထင်သည်။ ဘုရားကတော့ သီလနှင့် နေထိုင်ပါဟု မမိန့်ခဲ့၊ ပညာနှင့် နေထိုင်ပါဟု မိန့်သည်၊ ထူးတော့ ထူးသည်။

''တက်ကပ်မှာ ပညာ၊ ဆုတ်ကပ်မှာ ဥစ္စာ''ဟု ဆိုကြသည်။ ယခုဆုတ်ကပ်ခါသမယဆိုတော့ ပညာထက် ဥစ္စာကို အလေးထားကြသည်။ ပညာရေးသမားနှင့် စီးပွားရေးသမား နှစ်ဦးတွင် စီးပွားရေးသမားကိုသာ အလေးထားလာကြသည်။ ငွေရှိလျှင် မည်သည့်နေရာမဆို လူရာဝင်သလို ဖြစ်လာသည်။ လူမျက်နှာကို မကြည့်၊ ငွေမျက်နှာကိုသာ ကြည့်လာကြ သည်။ ဆုတ်ကပ်မှာ ငွေက ပို၍ မျက်နှာပွင့်၊ ပို၍ အလေးသာလာသည်က တော့ အမှန်ပင် ဖြစ်သည်။

သို့သော် စီးပွားရေးသမားက ငွေနှင့်သိက္ခာနှစ်ခုတွင် သိက္ခာကို အလေးမထား၊ ငွေကိုသာ အလေးထားသည်။ အရာရာကို စီးပွားရေးမျက်စိ နှင့် ကြည့်တတ်သောအကျင့်ရှိသည်။ အရာရာကို စီးပွားရေးအတွက် တွက် တတ်သောအကျင့်ရှိသည်။ ဘယ်သူသေသေ ငတေမာရင်ပြီးရော ဝါဒသည် စီးပွားရေးသမားအများစုထံမှ လာသည်။ ထို့ကြောင့် စီးပွားရေးသမားက စင်ကြယ်ဖို့ ခက်သည်။

စီးပွားရေးသမားက သိက္ခာကို ကျချင်ကျပါစေ၊ ငွေကိုတော့ အကျမခံ။ ပညာရေးသမားက ငွေကိုသာ အကျခံမည်၊ သိက္ခာကိုတော့ အကျမခံ။ စီးပွားရေးသမားက လောဘ ဦးစီး၍ အလုပ်လုပ်သည်။ ပညာ ရေးသမားက အလောဘဦးစီး၍ အလုပ်လုပ်သည်။ ပညာရေးသမားက ငွေနှင့်သိက္ခာ နှစ်ခုတွင် သိက္ခာကိုသာ အလေးထားသည်၊ ငွေကို အလေး မထား။ ပညာရေးသမားက ပညာမာန်ရှိသည်၊ ''လျှာပေါ် မြက်ပေါက် စေတော့'' ဟူသော ခံယူချက်သည် ပညာရေးသမားတို့ထံမှ လာသည်။ ပညာရေးသမားက စည်းစိမ်တော့ ချို့တဲ့ချင် ချို့တဲ့ပေမည်၊ ကိုယ်ကျင့်တရား ကတော့ မချို့တဲ့။ ပညာရေးသမားက စည်းစိမ်တော့ ရှိချင်မှရှိမည်၊ ချမ်းသာ ကတော့ ရှိသည်။ [အနဝဇ္ဇသုခ-အကုသိုလ်ကင်းသောချမ်းသာ၊ အနဏျ သုခ-ဝဋ္ဋ်ကြွေးကင်းသော ချမ်းသာ။]

http://www.dhammadownload.com



ဥဂ္ဂသုတ္တန်၌ ရွှေငွေဥစ္စာပစ္စည်းများစွာ ပေါကြွယ်ဝသူကို သူဌေး အစစ်ဟု ဘုရား မသတ်မှတ်။ သဒ္ဓါ၊ သီလ၊ ဟိရီ၊ ဩတ္တပ္ပ၊ သုတ၊ စာဂ၊ ပညာ သူတော်ဥစ္စာ ခုနစ်ပါး ပြည့်စုံသူကိုသာ သူဌေးအစစ်ဟု ဘုရား သတ်မှတ်သည်။ သူတော်ဥစ္စာခုနစ်ပါးနှင့် ပြည့်စုံဖို့ဟူရာ၌ အသိဉာဏ်ပညာ ဦးစီးသော ပညာရေးသမားသာ ပြည့်စုံနိုင်သည်။ ပညာရေးသမားတို့၏ စိတ်နှလုံးက သူတော်ဥစ္စာခုနစ်ပါးတို့နှင့် ပြည့်ဝ၍ အမြဲဖြူစင် သန့်ရှင်း စင်ကြယ်နေသည်။ ထို့ကြောင့် ပညာသည်သာ မြတ်နိုးအပ်သောအရာ ဖြစ် ပေသည်။

အရှင်သံဝရာလင်္ကာရ
မဲ့ဗွပိယဆရာတော်
(၂၁-၁၂-၂၀၁၀)

http://www.dhammadownload.com

# သေရည်၏ ရလဒ်

သေရည်သေရက်ဆိုသည်မှာ
အဆိပ်တစ်မျိုးပါ
မြောက်မြားစွာသော မကောင်းမှု
သူလေ စုတုပြု။
အမှားထုပေါင်း သောင်းခြောက်ထောင်
သူလေလမ်းပြဆောင်။
မိတ်ဆွေယောင်ဆောင်ပြီးကွယ်
သတိကို ခြွေဖွဲ့။
ဂုဏ်ရည်မဲ့တဲ့တိုင်အောင်ပင်
သူလေ ဆွဲဆောင်ချင်။
ဒါကို ခင်ကြ လူအများ
ဘဝလုံးပါးပါး။

ကြယ်စင်မင်း (မုံရွာ)

http://www.dhammadownload.com

# လူငယ် လန်းပါစေ

စာရေးသူသည် အသက် ၈၀ ရှိပြီ။ အသက် ၈၀ ရှိသော သူသည် ကလေး ဘဝ၊ လူငယ် ဘဝ၊ လူလတ် ဘဝ၊ လူကြီး ဘဝ၊ လူအို ဘဝ မျိုးစုံ ဖြတ်သန်းခဲ့ပြီးပြီ။ ထိုဖြတ်သန်းမှုများမှရသော အသိမျိုးစုံနှင့်လည်း ထိတွေ့ခဲ့ပြီးပြီ။

ထိုသို့ ထိတွေ့ရာမှ ခံစားမှုများ ဖြစ်ပေါ်ခဲ့သည်။ ခံစားမှုများမှ စိတ် စေတနာတို့လည်း ဖြစ်ပေါ်ခဲ့ပြီ။ ယနေ့ အသက် (၈၀) ရှိသော လူအိုသည် တက်လာကြသော မြေးပျိုများကို သာယာစေချင်၊ လှပစေချင်၊ တိုးတက် စေချင်သည်။

ထို့ကြောင့် သူ့အတွေ့အကြုံ၊ သူ့ဆန်းစစ်မှုများပေါ်တွင် အခြေခံ၍ ဤစေတနာစာကို ရေးရသည်။

## ကျန်းမာရေး

သားတို့, မြေးတို့အတွက် ပထမဆုံး အရေးကြီးသည်မှာ ကျန်းမာရေး ဖြစ်သည်။ ကျန်းမာမှ ဘဝလှပအောင်၊ ခိုင်မာအောင် တည်ဆောက်နိုင်ကြ လိမ့်မည်။ ကျန်းမာရေးသည် ဘဝဗိမာန်၏ အခြေခံအုတ်မြစ် ဖြစ်သည်။ မကျန်းမာလျှင် ထိုအဆင့်နှင့်ပင် ပက်လက်လန်ကျပြီ။ ဘာမှ နင်လားငါလား လုပ်နိုင်တော့မည် မဟုတ်။

http://www.dhammadownload.com



လူကျန်းမာဖို့သာမက စိတ်ကျန်းမာဖို့လည်း လိုသည်။ စိတ်မကျန်းမာဖြန်ပါလျှင်လည်း စိတ်ကျောရိုးပျော့ပြီး လုပ်ချင်စိတ် အားကောင်းတော့လိမ့်မည် မဟုတ်။

စိတ်က လောကကြီးကို စိန်ခေါ်ရဲသောသတ္တိ ရှိရမည်။ စိန်ခေါ်၍ လက်ရုံးဆန့်တန်းလိုက်ရလိမ့်မည်။

ကျန်းမာရေးကောင်းစေရန် အခြေခံအားဖြင့် အစားမှန်၊ အအိပ်မှန်၊ အနေမှန်၊ အနားမှန်ရမည်။ ကျန်းမာစေသော အစာများကို သိဖို့၊ သုံးဖို့ လိုမည်။ ရေသည် ကိုယ်ခန္ဓာအတွက် အရေးကြီးလှသော အသက်ဓာတ်ကို ပေးသဖြင့် ရေအလုံအလောက် သောက်ဖို့လိုသည်။

လူကို သေစေတတ်သော သို့မဟုတ် လူညှိုးနွမ်းကျိုးစေတတ်သော အေအိုင်ဒီအက်စ်ရောဂါနှင့် မူးယစ်ဆေးရောဂါတို့ကို သတိတရားနှင့် အပြတ်ရှောင်နိုင်ရမည်။ ရန်သူဆိုးလို သတိကြီးကြီးထားဖို့ လိုသည်။ လူဖြစ်မရှုံးဖို့ လိုသည်။

ကိုယ်ခန္ဓာ၏ လှုပ်ရှား အလုပ်လုပ်မှုသည် ကျန်းမာရေးကို အာမခံသည်။ စိတ်အလွန်စိုးရိမ် သတိထားခြင်း၊ စိတ်တင်းကျပ် စည်းကမ်းကြီးလွန်းခြင်းများ မရှိဘဲ စိတ်ကို ပေါ့ပေါ့ပါးပါး အေးအေးဆေးဆေး အလုပ်လုပ်တတ်လျှင် ရောဂါနှင့် ကွာဝေးနိုင်ပါသည်။

## စာပညာ

လူငယ်ဆိုတော့ စာသင်ရမည်ပေါ့။ စာသည် လူ့အသိ၊ လူ့အတွေး၊ လူ့ခံစားမှုကို ဖော်ပြသော မီဒီယာဖြစ်၍ စာမှတစ်ဆင့် လောကကြီး၏ သိဖွယ်ဟူသမျှကို သော့ဖွင့်ယူကြရမည်။ ထို့ကြောင့် ဘာသာစကား စာများကို သင်ယူဖို့လည်း လို၏။ ပညာ ဘာသာရပ် စာများကိုလည်း သင်ယူဖို့ လို၏။ ထို့ကြောင့် ပါဠိသဒ္ဒါသင်ရိုးအဖွင့်စာမှာ "အတ္ထော အက္ခရသညာတော" ဖြစ်သည်။ အတ္ထော-အနက်ကို၊ အက္ခရာ-အက္ခရာ စာလုံးများအားဖြင့်၊ သညာတော-သိအပ်၏။

စာတတ်မှ လောကကို သော့ဖွင့်နိုင်မည်။

http://www.dhammadownload.com



## လောကပညာ

အက္ခရာ စာများကို တတ်သိပြီးသောအခါ လူ့လောကကြီးက ရှာဖွေစုဆောင်းထားသော လောကအတတ်အသိ အထွေထွေကို ရှာဖွေ ထိတွေ့လာနိုင်သည်။

ရှာဖွေထိတွေ့နည်း နှစ်မျိုးရှိသည်။ တစ်မျိုးမှာ ကိုယ်တိုင် ဖြတ်သန်းထိတွေ့ခြင်း၊ နောက်တစ်မျိုးမှာ အခြား ဖြတ်သန်း ထိတွေ့သူများ၏ အတွေ့အကြုံကို နာကြားဖတ်ရှု၍ တစ်ဆင့်ရယူခြင်း ဖြစ်သည်။

အခြားသူများ၏ အတွေ့အကြုံများ၊ အတွေးအမြင်များကို ရယူရာတွင် နားထောင်ခြင်း၊ ကြည့်ရှုလေ့လာခြင်း၊ ဖတ်ကြားခြင်းနည်းများကို သုံးနိုင်သည်။ ဖတ်ကြားခြင်းသည် အကြီးဆုံးသော့ ဖြစ်သည်။ အများဆုံး အကျယ်ဝန်းဆုံးသော သုတများကို ရနိုင်သည်။

ထို့ကြောင့် လူငယ်သည် စာဖတ်ရမည်။ ကျောင်းစာအပြင် အပြင် လောက စာများကိုပါ ကောင်းရာရွေးချယ်၍ ဖတ်နိုင်သည်။

စာဖတ်၍ သုတပြည့်ဝသောသူသည် သာမန်လူနှင့်မတူ၊ လေးနက်မှု၊ အလေးချိန်စီးမှုများသည်။ မိမိအကျိုး၊ လောကအကျိုးဆောင်ရာတွင် စွမ်းဆောင်နိုင်ရည် ပိုများလာသည်။

## စာရိတ္တ

လောကအတွက် လူတော်များ အလွန်လိုအပ်ပါသည်။ အရည်အချင်းတော်လာသလောက် စွမ်းဆောင်နိုင်ရည်လည်း ပိုမြင့်လာပါသည်။ စွမ်းဆောင်နိုင်ရည် ပိုမြင့်လာသောအခါ မိမိအတွက်၊ တိုင်းပြည်အတွက်၊ ကမ္ဘာအတွက်၊ လောကအတွက် ဆောင်ရွက်ပေးနိုင်သော အလားအလာလည်း ပိုများလာပါသည်။

ထို့ကြောင့် လူငယ်သည် တော်အောင်လုပ်ရမည်။ တော်တာထက် ပိုအရေးကြီးသော အရည်အချင်း ရှိသေးသည်။ ကောင်းတာ ဖြစ်သည်။ လူကောင်းမှ ကောင်းတာတွေကို တကယ်လုပ်နိုင်မည်ဖြစ်သည်။ လူတော်

http://www.dhammadownload.com



ဆိုသည်က တစ်ကွေ့ကွေ့တွင် သဝေထိုးနိုင်သည်။ ဖောက်သွားနိုင်သည်။ လူကောင်းက ပို၍ တည်ငြိမ်သည်။

သို့သော် လောကကြီးတွင် အရာရာတိုင်းသည် လှုပ်ရှားနေသည်။ တစ်နေရာမှာ တစ်သမတ်တည်း အငြိမ်မနေ။ လှုပ်ရှားပြောင်းလဲတတ်သည်။ ထို့ကြောင့် ဆင်ဦးစီးက ဆင်ကို ချွန်းတို့၍ တို့၍၊ ဒူးနှင့် တို့၍ တို့၍ သတိပေးနေရသလို လူ့စိတ်ကို ကောင်းရာမှာ ကြာရှည်တည်အောင် သတိပေးနေဖို့ လိုသည်။ ကိုယ့်ကိုယ်ကိုယ် သတိပေးထိန်းကျောင်းရမှာ ဖြစ်သည်။

ဗုဒ္ဓဘုရား ဟောစကား အခြေခံအချက်ကြီး သုံးချက် ရှိသည်။

**"မကောင်းမှု ရှောင်၊**
**ကောင်းမှု ဆောင်၊**
**ဖြူအောင် စိတ်ကိုထား"**

အကြွင်သူသည် ဤသုံးချက်နှင့်အညီ နေထိုင်ကျင့်ကြံ၏။ ထိုသူသည် လူကောင်းဖြစ်မည်မလွဲတည်း။ လူကောင်းသည် လောက၏ ရတနာ၊ လူ၏ ရတနာဖြစ်သည်။ ကောင်းမှုဆောင်ဟူသော စကားတွင် မိမိ၏အကျိုး၊ အများ၏ အကျိုးကို ဆောင်နိုင်အောင် ကြိုးပမ်းရာသည်။ ကောင်းတာကို လုပ်ဖို့အတွက် သတ္တိလိုအပ်သည်။ သန္နိဋ္ဌာန်စိတ် လိုအပ်သည်။

ဗုဒ္ဓသည် ဆင်းရဲတွင်းတွင် တလူးလဲလဲ ရုန်းနေရသော သတ္တဝါတို့ကို ကယ်ချွတ်ရန် သူ၏ အချိန်ကာလရှိသမျှကို သုံးခဲ့၏၊ ပေးခဲ့၏။

ဆင်းရဲသူများ၊ ဒုက္ခရောက်သူများ၊ မတရားပြုခံနေရသူများအတွက် ဆောင်ရွက်ပေးနိုင်ကြပါလျှင် စာရိတ္တကြယ်ပွင့်များ မုချဖြစ်လိမ့်မည်။

## စိတ်ဓာတ်

ဗုဒ္ဓမြတ်စွာက "ဖြူအောင် စိတ်ကိုထား" ဟု ဟောကြားခဲ့သည်။ စိတ်ကောင်းရှိသူနှင့် တွေ့ရ ဆက်ဆံရလျှင် အလွန် စိတ်အေးချမ်းသာ၏။ စိတ်ကောင်းမရှိသူနှင့် တွေ့ရသည်မှာကား ငရဲတည်း။ စိတ်ကောင်းထားကြရန် အလွန်အရေးကြီးပါသည်။

http://www.dhammadownload.com



အမရပူရ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီးက သူ့ကျောင်းတိုက်၏ စည်းကမ်းချက်များတွင် စိတ်ကောင်းရှိရန်ကို ထိပ်ဆုံးက ထားသည်။ ပင်ကို စိတ်ကောင်း အားနည်းသူများမှာ ဘုရားအကျိုး၊ အများအကျိုး ဆောင်ရွက်ခြင်း၊ မေတ္တာဘာဝနာပွားခြင်းတို့ဖြင့် စိတ်ကောင်းအား တိုးလာနိုင်ပါသည်။

## စစ်နှင့် ငြိမ်းချမ်းရေးဝတ္ထုကြီးရေးသူ

ကမ္ဘာကျော် စာရေးဆရာကြီး တော်စတွိုင်းက စိတ်ကောင်းရှိသူတွေ အချင်းချင်း စုမိပေါင်းမိကြလျှင် အစိုးရကောင်းများရ၍ ကမ္ဘာကောင်းကြီး တည်ဆောက်နိုင်လိမ့်မည်ဟု ရေးခဲ့သည်။ တော်စတွိုင်းစိတ်ဓာတ် ပျံ့ပါစေ။

တိပိဋကဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသကလည်း "တို့ မေတ္တာစွမ်း ကမ္ဘာလွှမ်း ငြိမ်းချမ်းကြပါစေ" ဟု မေတ္တာဓာတ် လွှတ်ပျံ့စေခဲ့သည်။ စိတ်ဓာတ်သည် ပုဂ္ဂိုလ်ကို ဖန်တီးနိုင်လိမ့်မည်။ တိုင်းပြည်ကို ဖန်တီးနိုင်လိမ့်မည်။ ကမ္ဘာကို ဖန်တီးနိုင်လိမ့်မည်။ လူ့အဖွဲ့အစည်းကို တစ်ဆင့်မြင့်တက်စေရမည်။

ဤသို့သော လူတော်လူကောင်း စိတ်ကောင်းရှိသူများသည် မိမိတို့ ပုဂ္ဂိုလ်ရေးအရ အပြစ်ကင်းစင် တိုးတက်သာယာမှုကို တည်ဆောက်ဖို့ ကြိုးစားမည်သာ ဖြစ်သည်။ အများ၏ တိုးတက်သာယာမှုကို ရအောင်လည်း ကြိုးပမ်းအားထုတ်ဖြစ်လိမ့်မည်။

အထူးသဖြင့် မိမိ မွေးဖွားနေထိုင်ရာ တိုင်းပြည်၏ သာယာမှု၊ တိုးတက်မှု၊ ဝပြောမှု၊ ငြိမ်းချမ်းမှုတို့အတွက်လည်း အားထုတ်ခြင်းအမျိုးမျိုး ပေးလှူကြလိမ့်မည်။

ကောင်းပါလေစွ။

လူသည် မိမိ လူအဖြစ် အသက်ရှင်လာရခြင်းအတွက် အကောင်းဆုံး အနှစ် ရတနာကို ဖန်ဆင်းနိုင်ရန် မိမိနေသော လူ့အဖွဲ့အစည်းကို တစ်ဆင့် တိုးတက်အောင် ထမ်းဆောင်ကြိုးပမ်းရမည် ဖြစ်သည်။

လူ့လောက၏ ပညာရပ်များကို နောက်ထပ် တိုးတက်အောင် လုပ်ကြ

http://www.dhammadownload.com



ရပေမည်။ လူ့လောကသည် စဉ်ဆက်မပြတ် တိုးတက်သော၊ သာယာသော လူ့လောကဖြစ်အောင် ဖန်ဆင်းကြရပေမည်။

## အမျိုးသားဖြစ်တည်မှု ထိန်းသိမ်းကြ

အထက်ပါတာဝန်များကို ထမ်းဆောင်ရင်း ယနေ့သမိုင်းဖြစ်ပေါ်မှု အခြေအနေအရ မိမိတို့၏ အမျိုးသားဖြစ်တည်မှုကို သတိရှိရှိ ကာကွယ် ထိန်းသိမ်းကြဖို့ လိုပါလိမ့်မည်။

ယနေ့ကမ္ဘာတွင် လူမျိုးပေါင်းစုံ ရောယှက်ဆက်သွယ်မှု တရားလွန် များလာချိန်တွင် သတိမရှိကြပါက အမျိုးသားဖြစ်တည်မှု တိမ်ကော ပျောက် ကွယ်သွားနိုင်ပါသည်။

အမျိုးသား နယ်နိမိတ်များသည် ရှည်လျားလှသော သမိုင်းကာလ တစ်ခုအထိ အရေးပါနေလိမ့်ဦးမည်။ လူမျိုးပေါင်းစုံနှင့် ရောယှက် ဆက်ဆံ ခင်မင်ကြမှုများလည်း ရှိနေမည်။ သို့သော် အမျိုးသား ဖြစ်တည်မှုကသာ လူများကို ထွေးပိုက် ကာကွယ်ထားနိုင်လိမ့်မည်။

တစ်ပါတည်းပင် ပို၍ ပို၍ ယိုင်နဲ့လာသော အမျိုးသားယဉ်ကျေးမှု ကို ထိန်းသိမ်း၍ အချိန်ကာလနှင့် သဟဇာတဖြစ်သော ပြည်သူ့အမျိုးသား ယဉ်ကျေးမှုသစ်များကို ဖန်တီးကြရာသည်။

## သဘာဝကို ကာကွယ်ထိန်းသိမ်းကြ

လူသည် ကမ္ဘာမြေပေါ်တွင် လူတွေချည်းသာ နေထိုင်ရသည် မဟုတ် ပါ။ တောတောင်ရေမြေ မြစ်ချောင်းပင်လယ် သမုဒ္ဒရာ မိုးကောင်းကင် အာကာသများနှင့်အတူ နေရသည်။ တိရစ္ဆာန်များ၊ ငှက်များ၊ ငါးများ၊ ပိုးမွှား များနှင့်လည်း အတူနေရသည်။

သမိုင်းကာလတစ်လျှောက်လုံး အတူနေသွားကြရမည်သာဖြစ်သည်။ လူ့လောက၊ တိရစ္ဆာန်လောက၊ သဘာဝလောကတို့၏ သုံးချောင်းထောက် ရပ်တည်နေခြင်းကို ကာကွယ်ထိန်းသိမ်းသွားရမည် ဖြစ်သည်။ ဒေါက်တစ် ချောင်း ပျက်လျှင် အားလုံးလည်း ပြိုကျပျက်စီးလိမ့်မည်။

http://www.dhammadownload.com



## အသင့်ပြင်

လူသည် ရပ်နေ၍ မရ။ သဘာဝသည်လည်း ရပ်နေ၍ မရ။
ရှေ့ဆက် ချီတက်ကြရမည်။
လူငယ်အား ခရာတုတ် သတိနှိုးလိုက်ရသည်မှာ…
ရှေ့ကိုဆက်ချီတက်ဖို့ အသင့်ပြင်…

အုံမောင်
(၂၉-၉-၂၀၁၁၊ ရန်ကုန်)

http://www.dhammadownload.com

# ပညာဉာဏ်ရောင် ထွန်းလင်းပြောင်မှ

## နတ္ထိ ပညာ သမာ အာဘာ ဟောဖော်ပြ

အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူ၏။ ထိုအခါက နတ်သားတစ်ယောက်သည် သန်းခေါင်ယံအချိန်၌ ဇေတဝန် တစ်ကျောင်းလုံးကို (ကိုယ်ရောင်၊ ကိုယ်ဝါဖြင့်) ထွန်းလင်းစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏။ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ သင့်တော်သည့်နေရာ၌ ရပ်နေ၏။

သင့်တော်သည့်နေရာ၌ ရပ်နေသော ထိုနတ်သားသည် မြတ်စွာဘုရား၏ အထံတော်၌ ဤဂါထာကို လျှောက်ထား၏။

"အရှင်ဘုရား နေရောင်နဲ့တူတဲ့ အရောင်မျိုးဆိုတာဟာ မရှိပါဘုရား"

"ဒကာနတ်သား ပညာရောင်နဲ့တူတဲ့ အရောင်မျိုးဆိုတာ မရှိပါတကား"

## အဆိုကွဲထွက် ရှင်းလင်းချက်

အရောင်အလင်းနှင့် ပတ်သက်၍ နတ်သားနှင့် မြတ်စွာဘုရားတို့ အဆိုအမိန့်ချင်း မတူကြပါ။ နတ်သားက နေ၏ အရောင်အလင်းနှင့်တူသော အရောင်အလင်းမျိုး မရှိပါဟု ဆို၏။ မြတ်စွာဘုရားက "ပညာဉာဏ်၏ အရောင်အလင်းနှင့်တူသော အရောင်အလင်းမျိုး မရှိပါ" ဟုမိန့်၏။

http://www.dhammadownload.com



"လောကမှာ ရှိရှိသမျှ အရောင်အလင်းတို့တွင် နေ၏ အရောင်အလင်းသည် အားလုံးသော အရောင်အလင်းတို့ထက် သာလွန်၍ ထွန်းလင်း၏။ တောက်ပ၏။ ထို့ကြောင့် နေရောင်နှင့်တူသော အရောင်အလင်းမျိုး ဆိုသည်မှာ မရှိပါ"ဟု နတ်သားက ဆိုခြင်းဖြစ်သည်။ မြတ်စွာဘုရားက ထိုအဆိုကို လက်မခံပါ။ ပညာဉာဏ်အရောင်အလင်းနှင့်တူသော အရောင်အလင်းမျိုး ဆိုတာ မရှိပါ။ အဘယ်ကြောင့်ဆိုလျှင် လောကမှာ ရှိကြသည့် အရောင်အလင်းတို့တွင် ပညာရောင်, ပညာအလင်းကသာ အမြတ်ဆုံးဖြစ်သောကြောင့်ပါတည်း။ ထိုစကားကို အကျယ်ချဲ့ဦးမည်။ လောက၌ အရောင်အလင်းတို့သည် နေရောင်,လရောင်, မီးရောင်, ပညာဉာဏ်ရောင် ဟု လေးမျိုးတို့ရှိကုန်၏။ ငါးခုမြောက် အရောင်အလင်းဆိုသည်မှာ မရှိပါ။ ထိုအရောင်လေးမျိုးတို့တွင် နေရောင်သည် နေ့အခါမှာသာ ထွန်းလင်းနိုင်၍ ညဥ့်အခါမှာ မထွန်းလင်းနိုင်ပါ၊ မီးရောင်သည် နေ့, ညဥ့်မဟူ ထွန်းလင်းနိုင်ပေမယ့် မီးရှိစဉ်သာ ထွန်းလင်းနိုင်၏။ မီး မရှိပါက (မီးပျက်နေပါက) မထွန်းလင်းနိုင်ပါ။ ယင်းနေရောင်, လရောင်, မီးရောင်တို့သည် တစ်စိတ်တစ်ပိုင်းလောက်သာ ထွန်းလင်းနိုင်ကြ၏။ ထွန်းလင်းသောအခါမှာလည်း ပစ္စုပ္ပန်အချိန်မှာသာ အမိုက်မှောင်ကို ပယ်ဖျောက်နိုင်ကြ၏။ အတိတ်, အနာဂတ် အချိန်တို့၌ အမိုက်မှောင်ကို မပယ်ဖျောက်နိုင်ကြပါ။

ပညာဉာဏ်ရောင်သည်ကား နေ့နေ့ညဥ့်ညဥ့် ထွန်းလင်းနိုင်၏။ တောက်ပနိုင်၏။ ထွန်းလင်းတောက်ပသောအခါမှာလည်း တစ်စိတ်တစ်ပိုင်းသာမက တစ်ကမ္ဘာလုံး တစ်စကြဝဠာလုံး ထွန်းလင်းနိုင်၏။ တောက်ပနိုင်၏။ စကြဝဠာတိုက်တစ်သောင်းကိုသော်လည်း တစ်ပြိုင်နက် ထွန်းလင်းနိုင်၏။ တောက်ပနိုင်၏။ အတိတ်, အနာဂတ်အချိန်အခါတို့၌ ဖုံးလွှမ်းတတ်သော အမိုက်မှောင်ကိုလည်း ပယ်ဖျောက်နိုင်၏။

## ပညာရောင်လင်း သာလွန်ခြင်း ကြောင်းရင်း ဤသို့ဖြစ်

ပညာအရောင် ပညာအလင်းကသာ အမြတ်ဆုံးဟု ဆိုရခြင်းမှာ ပညာဉာဏ်နှင့် ပြည့်စုံသူ ပုဂ္ဂိုလ်တစ်ဦး တင်ပျဉ်ခွေထိုင်နေစဉ်အတွင်း တစ်သောင်းသော လောကဓာတ်သည် အခြားသော နေရောင်, လရောင် စသည် မတင်

http://www.dhammadownload.com



နိုင်။ ထိုပုဂ္ဂိုလ်၏ တစ်ခုတည်းသော အရောင်ဖြင့် ထွန်းလင်းနိုင်၏။ ထို့ကြောင့် ပညာနှင့်တူသော အရောင်အလင်းမည်သည် မရှိ၊ (ပညာအရောင် ပညာအလင်းကသာ အမြတ်ဆုံးဟုဆိုခြင်း ဖြစ်ပါသည်။)

## ဘုရားမိန့်ထုံး အမှန်ဆုံး

အရောင်အလင်းနှင့် ပတ်သက်၍ နတ်သားနှင့် မြတ်စွာဘုရားတို့ အဆိုအမိန့်မတူကြခြင်းမှာ အခြေခံပေါ်မူတည်၍ ကွဲလွဲခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ နတ်သားက ရုပ်တရားအပေါ်၌ အခြေခံ၍ ပြောဆိုခြင်းဖြစ်သည်။ မြတ်စွာဘုရားက နာမ်တရားအပေါ်၌ အခြေခံ၍ မိန့်ဆိုခြင်းဖြစ်သည်။

ထိုအပြော အဆိုအမိန့်နှစ်ရပ်တို့တွင် -

မြတ်စွာဘုရား၏ အဆိုအမိန့်သာလျှင် အမှန်ဆုံးဖြစ်ပါသည်။ နေရောင်, လရောင်, မီးရောင်တို့သည် ရုပ်တရား၏ အရောင်, အလင်းများ ဖြစ်ကြ၏။ ယင်းရုပ်တရား၏ အရောင်, အလင်းတို့ဖြင့် ကိလေသာအမှောင်ထုကို မထွင်းဖောက်နိုင်ပါ၊ ပညာဉာဏ်ရောင်သည်ကား နာမ်တရား၏ အရောင်, အလင်း ဖြစ်၏။ ယင်းနာမ်တရား၏ အရောင်, အလင်းဖြင့် ကိလေသာအမှောင်ထုကို ထွင်းဖောက်နိုင်ပါသည်။ ထွင်းဖောက်နိုင်၍ သိသင့် သိထိုက်သော အရာတို့ကို သိနိုင်ပါသည်။

## ပညာသဘော ဤသို့ပြော

ပညာဉာဏ်သည် အကျိုးမှန်သမျှကို အကျိုးအနေဖြင့်သိ၏။ အကြောင်းမှန်သမျှကို အကြောင်းအနေဖြင့် သိ၏။ ဟုတ်မှန်သောသဘောတိုင်း ဖောက်ထွင်း သိမြင်နိုင်၏။ ခက်ခဲနက်နဲလှသော အမှန်လေးပါး မြတ်တရားကိုပင် ပိုင်းခြားထင်ထင် သိမြင်ခြင်းငှါစွမ်းနိုင်၏။

(အဘိ-ဋ္ဌ၊၂။၁၃၂)

ယင်းသို့ သိမြင်နိုင်သော်လည်း ပညာဉာဏ်အသိသည် ပုဂ္ဂိုလ်အလိုက်ကွာခြား၏။ ဉာဏ်အလိုက်ကွာခြား၏။ သဗ္ဗညုဘုရားရှင်တို့၏ သဗ္ဗညုတဉာဏ်မှတစ်ပါး အခြားပုဂ္ဂိုလ်တို့၏ ဉာဏ်သည် အကြွင်းမဲ့ အကုန်အစင်

http://www.dhammadownload.com



မသိမြင်နိုင်။ သိသင့်သိထိုက်သည့် မမြဲခြင်း, ဆင်းရဲခြင်း, အစိုးမရခြင်း စသော သဘောတရားကိုသာ သိမြင်နိုင်၍ မသင်ဖူးသော အတတ်ပညာ, မရောက်ဖူးသော အရပ်, မကြားဖူးသောပုဂ္ဂိုလ်၏အမည် ပညတ် စသည်တို့ကိုကား မသိနိုင်ပေ။ သဗ္ဗညု ဘုရားရှင်တို့၏ သဗ္ဗညုတ ဉာဏ်တော်သည်ကား ဆိုခဲ့ပြီးသမျှ အလုံးစုံကို အကုန်အစင်သိမြင်နိုင်သည်။

(မိလိန္ဒပဉှာ-၄၂)

## ဉာဏ်ရောင်ရှိလျှင် အဖြေမြင်

လောကဝ္ဌ အမေးပုစ္ဆာ ပြဿနာတစ်ရပ်ကို ဖြေဆိုနိုင်ခြင်း, မဖြေဆိုနိုင်ခြင်းသည်လည်း ပညာဉာဏ်အရာသာဖြစ်၏။ ပညာဉာဏ်ရောင် အလင်းရှိပါက အဖြေကို ထင်းခနဲ လင်းခနဲသိနိုင်သည်။ ပညာဉာဏ်ရောင် မလင်းပြောင်ပါက နေရောင်, လရောင်, မီးရောင်တို့ ဘယ်လောက်ပင် လင်းနေနေ အဖြေကို မသိနိုင်ပါ။ ပညာဉာဏ်ရောင် အလင်းရှိမှု,မရှိမှုကြောင့် အမေးပုစ္ဆာ ပြဿနာကိုဖြေဆိုနိုင်မှု, မဖြေဆိုနိုင်မှုကို အောက်ဖော်ပြပါ အကြောင်းအရာနှင့် နှိုင်းယှဉ်၍ ကြည့်ပါက သိနိုင်ပါလိမ့်မည်။

## အမေးရှိလျက် အဖြေမထွက်

ရှေးလွန်လေပြီးသောအခါက ဝိဒေဟတိုင်း မိထိလာပြည်၌ ဝေဒေဟမင်းကြီး ထီးနန်းအုပ်ချုပ် မင်းလုပ်၏။ အခါတစ်ပါး ဝေဒေဟမင်းကြီးအား ထီးချက်စောင့်နတ်သမီးက ပြဿနာလေးချက်တို့ကို မေး၏။ မင်းကြီးသည် အဖြေကိုမသိ၍ "ငါမသိပါ တခြားသော ပညာရှိတို့ကို မေးပါဦးမယ်"ဟု တစ်ရက်မျှ အခွင့်တောင်း၏။ အခွင့်ရ၍ နောက်တစ်နေ့၌ သေနကအမတ် ပုက္ကုသအမတ် ကာမိန္ဒအမတ် ဒေဝိန္ဒအမတ် ဟူသော ပညာရှိ အမတ်ကြီးလေးယောက်တို့ကို ခေါ်စေ၏။ အမတ်ကြီးတို့လာ၍ ခင်းထားသည့်နေရာ၌ နေထိုင်သောအခါ မင်းကြီးက ပြောဆို၏။

"သေနကအမတ်ကြီး၊ ဒီကနေ့ ညဉ့်အဖို့က ထီးချက်စောင့်နတ်သမီးက ငါ့အား ပြဿနာလေးချက်တို့ကို မေးတယ်။ ငါက မသိလို့ ပညာရှိတို့ကို

http://www.dhammadownload.com



မေးပါဦးမယ်လို့ ပြောထားရတယ်၊ အဲဒီပြဿနာတို့ကို ငါ့အား ပြောဆိုပါလော''

မင်းကြီးသည် ထိုသို့ပြောဆိုပြီး နတ်သမီးမေးသော ပြဿနာ လေးချက်တို့တွင် ရှေးဦးစွာ ဤပြဿနာတစ်ပုဒ်ကို ပြောဆို၏။

''အို-မင်းကြီး၊ လက်ခြေတွေနဲ့ ပုတ်ခတ်တယ်၊ မျက်နှာကိုလည်း ပုတ်ခတ်တယ်၊ အဲဒီပုတ်ခတ်တဲ့သူကို (အပုတ်ခတ်ခံရသူက) စင်စစ် ချစ်နေရတာဖြစ်တယ်၊ ဒီပုတ်ခတ်ခြင်းဟူသော အကြောင်းကြောင့် ချစ်အပ်သူဟာ ဘယ်သူပါလဲ အရှင်မင်းကြီး''

သေနကအမတ်သည် အဖြေကိုမသိ၍ ဘယ်သူ့ကို ပုတ်ခတ်တာလဲ၊ ဘယ်လို ပုတ်ခတ်တာလဲ ဟူ၍ ထိုထိုအရာကို ယောင်ယမ်း မြည်တမ်းကာ (ပြဿနာ၏) အဆုံးကိုမမြင်နိုင်၊ အစကိုမမြင်နိုင်ပေ။ ပုက္ကုသအမတ်၊ ကာမိန္ဒအမတ်၊ ဒေဝိန္ဒအမတ်တို့သည်လည်း တုံ့ပြန်၍ ပြောဆိုစရာ စကားမရှိ၊ အဖြေမရှိ ဖြစ်ကြကုန်ပြီ။ ထိုအခါ မင်းကြီးသည် နှလုံးမသာမယာ ဖြစ်၍ ညဥ့်ရောက်ပြန်သော် နတ်သမီးက မေးလေ၏။

''အို-မင်းကြီး၊ ပြဿနာကို သိအပ်ပါပြီလား''

''အို-နတ်သမီး၊ ငါဟာ ပညာရှိ လေးယောက်တို့ကို မေးအပ်ပါပြီ၊ သူတို့လည်း မသိကြပါ''

''အို-မင်းကြီး အဲဒီအမတ်ကြီးတွေ ဘယ်မှာ သိနိုင်ကြမှာလဲ။ မဟောသဓာပညာရှိကို ထား၍ တခြားတစ်စုံတစ်ယောက်သောသူမျှ ဒီပြဿနာတို့ကို ဖြေဆိုနိုင်သူဆိုတာမရှိပါ။ တကယ်လို့ အဲဒီ မဟောသဓာပညာရှိကို အခေါ်ခိုင်း၍ ဒီပြဿနာတို့ကို ဖြေဆိုစေလိမ့်မယ် မဟုတ်ဘူးဆိုရင် အလျှံပြောင်ပြောင် တောက်ပတဲ့ ဒီသံတူနဲ့ အရှင်မင်းကြီးရဲ့ခေါင်းကို ခွဲပစ်ရလိမ့်မယ်။

အို-မင်းကြီး၊ မီးလိုရင် ပိုးစုန်းကြူးကို မှုတ်လို့ မရပါ၊ နို့ရည်လိုရင် နွားဦးချိုကိုညှစ်လည်း မရပါ''

## ပြဿနာအထူး ပိုးစုန်းကြူး

ထိုသို့ ပြောဆိုပြီးနောက် ပိုးစုန်းကြူးပြဿနာကို ထုတ်ပြပြန်၏။

''အို-မင်းကြီး၊ ရဲရဲညီးတဲ့မီး ရှိပါလျက် မီးရှာသွားတဲ့သူဟာ ညဥ့်အခါ

http://www.dhammadownload.com



၌ ပိုးစုန်းကြူးကို တွေ့မြင်တယ်၊ တွေ့တော့ မီးစစ်လို့ အောက်မေ့ မှုတ်ထင်တယ်။ အဲဒီသူဟာ ဘယ်သူပါလဲ။

အို-မင်းကြီး၊ အဲဒီ မီးရှာတဲ့သူဟာ ပိုးစုန်းကြူးရဲ့အပေါ်၌ နွားချေးမှုန့်တို့ကို လည်းကောင်း၊ မြက်တွေကို လည်းကောင်း ကြဲ၍မှုတ်လျက် တလွဲလုံ့လပြုသော်လည်း မတောက်နိုင်။

အို-မင်းကြီး၊ ဒီအတူ သားသမင်နဲ့တူတဲ့ လူမိုက်ဟာ အကြောင်းမဟုတ်သဖြင့် (ရှာပေမယ့်) အကျိုးစီးပွားကိုမရနိုင်၊ နွားဦးချို၌ နို့ရည်မရှိပါ၊ အဲဒီနွားဦးချိုမှ နို့ညှစ်တဲ့သူဟာ နို့ရည်ကို မရသလို ဒီအတိုင်းပင် အကျိုးစီးပွားကို မရနိုင်။

အို-မင်းကြီး၊ သတ္တဝါတွေဟာ ရန်သူတို့ကို နှိမ်သဖြင့် လည်းကောင်း၊ အဆွေခင်ပွန်းတို့ကို ချီးမြှောက်သဖြင့် လည်းကောင်း အထူးထူးအပြားပြားသော အကြောင်းတွေနဲ့ အကျိုးစီးပွားသို့ ရောက်ကြရတယ်။

အို-မင်းကြီး၊ စစ်သူကြီးကို ရသဖြင့် လည်းကောင်း၊ အကျွမ်းဝင်တဲ့အမတ်သူရဲတို့ကို ဆောင်နိုင်သောအားဖြင့် လည်းကောင်း ဥစ္စာရတနာတို့ကိုဆောင်တတ်တဲ့ မြေကြီးကို မင်းတွေဟာ စိုးအုပ်သိမ်းပိုက်၍ နေနိုင်ကုန်တယ်''

## အဖြေမသိ ခြိမ်းခြောက်ဘိ

''အဲဒီ မင်းတွေဟာ အရှင်မင်းကြီးနဲ့တူကြတာဖြစ်၍ မီးထင်းရှာလျက်ပင် ပိုးစုန်းကြူးကို မီးမှုတ်ကြပါ။ အို-မင်းကြီး အရှင်မင်းကြီးကတော့ မီးရှိပါလျက် ပိုးစုန်းကြူးကို မီးမှုတ်တဲ့သူလို၊ ချိန်ခွင်ကိုစွန့်ပစ်၍ လက်နဲ့ ချိန်စက်စေသလို၊ နို့ရည်လိုပါလျက် နွားဦးချိုမှ နို့ကိုညှစ်တဲ့သူလို သေနက စတဲ့သူတွေကို မေးတယ်။ ဒီသူတွေဟာ ဘာကို သိကြမှာလဲ။ ဟုတ်တယ်။ အဲဒီသူတွေဟာ ပိုးစုန်းကြူးနဲ့တူတယ်၊ မီးပုံကြီးနဲ့တူတဲ့ မဟောသဓာဟာ ပညာနဲ့ထွန်းလင်းတောက်ပတယ်၊ အဲဒီ မဟောသဓာကို အခေါ်ခိုင်းပြီး မေးလော့။ ဒီပြဿနာတွေကို (အဖြေ) မသိရင် အရှင်မင်းကြီးရဲ့ အသက်ဟာ မရှိတော့ပါ''

နတ်သမီးသည် မင်းကို ခြိမ်းခြောက်၍ ကွယ်ပျောက်လေ၏။

http://www.dhammadownload.com



## မဟော်ပညာရှိ ခေါ်ပါဘိ

ထိုအခါ မင်းကြီးသည် သေဘေးက ခြိမ်းခြောက်၍ နောက်တစ်နေ့၌ အမတ် လေးယောက်တို့ကို ခေါ်ခိုင်းပြီးလျှင် ဤသို့ပြောဆိုစေခိုင်းလိုက်၏။

"အမောင်တို့၊ သင်တို့ လေးယောက်တို့ဟာ ရထားလေးစီးတို့၌ရပ်၍ မြို့တံခါးလေးပေါက်တို့မှ ထွက်ပြီးလျှင် ငါ့သား မဟောသဓာပညာရှိကို တွေ့မြင်ရာ အရပ်မှာပင် မဟောသဓာအား ပူဇော်သက္ကာရပြု၍ လျင်မြန်စွာ ဆောင်ခဲ့ကြကုန်လော့"

အမတ်လေးယောက်တို့သည်လည်း တစ်ခုစီသော တံခါးဖြင့် ထွက်သွားကြကုန်၏။ ထိုအမတ်တို့တွင် အမတ်သုံးယောက်တို့ကား မဟောသဓာကို မတွေ့မြင်ကြကုန်။ တောင်တံခါးဖြင့် ထွက်သွားသော အမတ်သည် ဒက္ခိဏ ယဝမဇ္ဈဂုံးကျေးရွာ၌ မဟောသဓာကိုတွေ့၍ မြို့တော်သို့ခေါ်သွားလေ၏။

## အမေးဟူသမျှ ဖြေမယ်

မင်းကြီးသည် မဟောသဓာကို ထီးဖြူစိုက်ထောင်အပ်သော မင်း၏ ပလ္လင်၌ နေစေပြီးလျှင် ကိုယ်တိုင် နိမ့်ရာအရပ်၌နေ၍ ပြောဆို၏။

"ပညာရှိ၊ ထီးဖြူ၌ စောင့်ရှောက်အုပ်စိုး၍နေသော နတ်သမီး (ထီးစောင့် နတ်သမီး) က ငါ့အား ပြဿနာလေးချက်တို့ကို မေးတယ်။ အဲဒီ ပြဿနာ တို့ရဲ့ အဖြေကို ငါ မသိပါ၊ ပညာရှိ လေးယောက်တို့လည်း မသိကြပါ။ ချစ်သား၊ အဲဒီ ပြဿနာတို့ကို ငါ့အား ပြောဆိုပါလော့"

"အရှင်မင်းကြီး၊ ထီး၌ စောင့်ရှောက်စိုးအုပ်နေတဲ့ နတ်သမီးပင်ဖြစ်စေ၊ နတ်မင်းကြီး လေးယောက် စသူတို့ကိုပင် ဖြစ်ကြပါစေ တစ်ယောက်ယောက် က မေးတဲ့ပြဿနာကို ကျွန်ုပ် ဖြေဆိုနိုင်ပါတယ်။ အို-မင်းကြီး၊ နတ်သမီး မေးတဲ့ ပြဿနာတို့ကို ပြောဆိုပါလော့"

## မေးခွန်းအစ ဖြေရှင်းပြ

ထိုအခါ မင်းကြီးသည် နတ်သမီးမေးသော နည်းအတိုင်းပင် ပြောဆို လို၍ ပထမ ပုစ္ဆာကို ပြောပြ၏။ မဟောသဓာလည်း မင်းကြီး စကားကို

http://www.dhammadownload.com



ကြားလျှင် အနက်အဓိပ္ပါယ် ပေါ်လွင်ထင်ရှားစွာဖြစ်၏။ ထို့နောက် ပြဿနာကို ဖြေဆို၏။

"အို-မင်းကြီး၊ နာတော်မူလော့၊ ဒီပထမပုစ္ဆာ ပြဿနာကား ပုတ်ခတ်သူဟာ နို့စို့အရွယ်ကလေးငယ်ပင် ဖြစ်ပါတယ်၊ နို့စို့အရွယ် ကလေးငယ်ဟာ မိခင်က ရင်ခွင်ပိုက်၍ ချော့မြူတဲ့အခါ မြူးရွှင်လျက် လက်ခြေတွေနဲ့ မိခင်ကို ပုတ်ခတ်တယ်၊ ကန်ကျောက်တယ်၊ ဆံပင်ကို ဆွဲတယ်၊ လက်သီးဆုပ်နဲ့ မိခင်ရဲ့မျက်နှာကို ထုတယ်၊ ဒီလို ပုတ်ခတ်တဲ့အတွက် မိခင်က ကလေးငယ်ကို ချစ်နေရပါတယ်"

## မေးခွန်း ဒုတိယ ဖြေရှင်းပြ

"သားတော် မဟောသဓာ၊ နတ်သမီးမေးတဲ့ ဒုတိယပုစ္ဆာ ပြဿနာကား အို-မင်းကြီး၊ အလိုရှိတိုင်း ဆဲရေးတယ်၊ အဆဲရေးခံရသူရဲ့ ပြန်လာခြင်းကိုလည်း အလိုရှိတယ်၊ အဲဒီ ဆဲရေးခံရသူကို စင်စစ် ချစ်နေရတာဖြစ်တယ်၊ ဒီဆဲရေးခံရသောကြောင့် ချစ်တဲ့သူဟာ ဘယ်သူပါလဲ အရှင်မင်းကြီး"

"အရှင်မင်းကြီး၊ ဒီ ဒုတိယပုစ္ဆာ ပြဿနာကား အဆဲရေးခံရသူဟာ မိခင်က နှုတ်နဲ့စေခိုင်းတာကို ပြုလုပ်ရန် တတ်နိုင်တဲ့ ခုနစ်နှစ်၊ ရှစ်နှစ်အရွယ် သားငယ်ကို ဆိုခြင်းဖြစ်ပါတယ်။ ခုနစ်နှစ်၊ ရှစ်နှစ်အရွယ် သားငယ်ဟာ မိခင်ဖြစ်သူက ဈေးကို သွားခိုင်းတော့ မုန့်ပေးမှသွားမယ်လို့ ပြောတယ်၊ မုန့်ပေးလိုက်တော့ ခိုင်းရာသို့ မသွားဘဲ တော်ရာမှာ တခြား ကလေးများနဲ့ ကစားပြီး နောက်မှ ပြန်လာတယ်၊ မိခင်က ထပ်၍ခိုင်းတဲ့အခါ ပြောင်ပြီး ထွက်ပြေးတယ်၊ ဒီအခါ မိခင်က မြည်တွန်၊ ဆဲရေးပြီး တုတ်နဲ့ လိုက်တယ်၊ ကလေးက ထွက်ပြေးတယ်၊ နေဝင်လို့ပြန်မလာတော့မှ ငါ့သားကလေး မလာ၊ မလာနဲ့ မျှော်နေရတယ်။ လိုက်ရှာလို့ သားကို တွေ့တော့ မိခင်မှာ အလွန်ချစ်ခြင်း ဖြစ်ပါတယ်။ မင်းကြီး၊ အဲဒီလို မိခင်ရဲ့ စိတ်ဆိုး တဲ့ အချိန်မှာ သားကို အလွန်ချစ်တာမျိုး ဖြစ်ပါတယ်"

http://www.dhammadownload.com



## မေးခွန်း တတိယ ဖြေရှင်းပြ

"သားတော် မဟောသဓာ၊ နတ်သမီးမေးတဲ့ တတိယပုစ္ဆာ ပြဿနာကား အို-မင်းကြီး၊ မဟုတ်မမှန်တဲ့စကားနဲ့ စွပ်စွဲတယ်၊ မမှန်တဲ့စကားနဲ့ ကျီစယ်ကလူပြုမူတယ်၊ အဲဒီစွပ်စွဲ ကလူကျီစယ်တဲ့သူကို စင်စစ် ချစ်နေရတာဖြစ်တယ်၊ အဲဒီစွပ်စွဲကလူကျီစယ်သောကြောင့် ချစ်တဲ့သူဟာ ဘယ်သူပါလဲ အရှင်မင်းကြီး"

"အရှင်မင်းကြီး၊ ဒီတတိယပုစ္ဆာ ပြဿနာကား ညားခါစ ဇနီးမောင်နှံတို့ကို ရည်ရွယ်၍ ဆိုခြင်း ဖြစ်ပါတယ်။ ညားခါစ ဇနီးမောင်နှံတို့ဟာ ဆိတ်ကွယ်ရာ၌နေကြ၍ လောက၌ လူအပေါင်းဟာ သာယာအပ်သော မေ့လျော့ပျော်ပါးခြင်းဖြင့် ရွှင်မြူးကြလျက် တစ်ယောက်အပေါ်တစ်ယောက် မခံချင်အောင် ပြောဆိုကြတယ်၊ ယောကျ်ားလုပ်သူက မယားကို 'မင်းက ငါ့အပေါ်မှာ ချစ်စိတ် မရှိပါဘူး၊ ဟိုကောင်အပေါ်မှာသာ ချစ်စိတ်ရောက်နေတယ်' လို့ မခံချင်အောင်ပြောတယ်။ မယားလုပ်တဲ့သူကလည်း ယောကျ်ားကို 'ရှင်ကရော ဟိုကောင်မကိုပဲ ချစ်နေတာ' လို့ ပြောဆိုတယ်။ အဲဒီလို ဇနီးမောင်နှံ နှစ်ယောက်တို့ အချင်းချင်း (တစ်ယောက်က တစ်ယောက်ကို) မဟုတ်မမှန်တဲ့စကားနဲ့ စွပ်စွဲကြတယ်၊ မမှန်တဲ့ စကားနဲ့ အောက်မေ့စေကြတယ်၊ စွပ်စွဲပြောဆိုကြတယ်၊ အဲဒီအခါမှာ ဇနီးမောင်နှံ နှစ်ယောက်တို့ဟာ အတိုင်းထက်အလွန် အချင်းချင်း (တစ်ယောက်က တစ်ယောက်ကို) ချစ်ခင်ကြတယ်။ အဲဒီလို ဒီပြဿနာရဲ့ အနက်, အဓိပ္ပါယ်ကို သိတော်မူပါလော့"

## မေးခွန်း စတုတ္ထ ဖြေရှင်းပြ

"သားတော် မဟောသဓာ၊ နတ်သမီးမေးတဲ့ စတုတ္ထပုစ္ဆာ ပြဿနာကား အို-မင်းကြီး၊ ထမင်း, အဖျော်ကို လည်းကောင်း၊ အဝတ်, အစား, အိပ်ရာ, နေရာတို့ကို လည်းကောင်း ဆောင်ယူတယ်၊ စင်စစ် ဆောင်ယူတတ်သူတွေ ဖြစ်ကြပါလျက် အဲဒီသူတွေကို စင်စစ် ချစ်အပ်တာဖြစ်ကုန်တယ်၊ ဒီဆောင်ယူသောကြောင့် ချစ်တဲ့သူဟာ ဘယ်သူပါလဲ အရှင်မင်းကြီး"

http://www.dhammadownload.com



"အရှင်မင်းကြီး၊ ဒီစတုတ္ထပုစ္ဆာ ပြဿနာကို တရားစောင့်တဲ့ ရဟန်း၊ ပုဏ္ဏားတို့ကို ရည်ရွယ်၍ ဆိုအပ်တာ ဖြစ်တယ်။ ဟုတ်ပါတယ်။ ယုံကြည်မှု (သဒ္ဓါတရား)ရှိကြတဲ့ အမျိုးတွေဟာ ဒီလောက နောက်လောကကို ယုံကြည်၍ ပေးလည်း ပေးလှူကြတယ်။ ပေးလှူခြင်းငှါလည်း အလိုရှိကြတယ်၊ အဲဒီယုံကြည်မှု (သဒ္ဓါတရား) ရှိသူ အမျိုးတွေဟာ တရားရှိတဲ့ ရဟန်း၊ ပုဏ္ဏားတို့ကို တောင်းကြတာ၊ ရတာကိုဆောင်ယူ စားသောက်ကြတာတွေကို မြင်၍ အဲဒီ ရဟန်း၊ ပုဏ္ဏားတွေအပေါ်မှာ အတိုင်းထက်အလွန် ချစ်ခင်ကြတယ်၊ (သူတို့ရဲ့ နှလုံးသွင်းကား) ငါတို့ကိုသာ တောင်းကြတယ်၊ ငါတို့ရဲ့ ဥစ္စာဖြစ်တဲ့ ထမင်း၊ အဖျော် စတာတွေကို ဘုဉ်းပေးသုံးဆောင်ကြတယ်လို့၊ အို-မင်းကြီး၊ အဲဒီလို အပေးမရှိ အယူသမားသက်သက်တွေ ဖြစ်ကြတဲ့ သူတော်ကောင်းတွေကို စင်စစ်မတော့ တောင်းလည်း တောင်းသူ တွေ့ရတာကို ဆောင်လည်း ဆောင်သူတွေ ဖြစ်ကြပါကုန်လျက် ချစ်အပ်ကြကုန်တယ်"

## ပြဿနာဖြေရှင်း ပူဇော်ခြင်း

ဤသို့ နတ်သမီးမေးသော ပြဿနာလေးချက်တို့ကို မဟောသဓာဖြေဆိုပြီးတိုင်း ပြီးတိုင်း နတ်သမီးသည် မဟောသဓာကို ပန်းတို့ဖြင့် ပူဇော်၏။ မင်းကြီးသည်လည်း ပူဇော်၏။ နောက်ဆုံးပြဿနာကိုဖြေဆို၍ ပြီးသောအခါ နတ်သမီးသည် ရတနာ ခုနစ်ပါးအပြည့်ပါသော ရတနာတောင်းကို "ယူတော့ ပညာရှိကြီး" ဟု(ပြောဆို၍) မဟောသဓာ၏ခြေရင်း၌ချ၍ ပူဇော်၏။ မင်းကြီးသည်လည်း မဟောသဓာအား အလွန်အကဲ ပူဇော်မှုကိုပြု၍ အလွန်ကြည်ညိုကာ စစ်သူကြီးအရာကို ပေးလေ၏။

## ကလေးသူငယ် ကျက်ဖို့ကွယ်

အထက်ပါ နတ်သမီးအမေးနှင့် မဟောသဓာ၏အဖြေတို့ကို လူငယ်များ မှတ်သားနိုင်အောင် လင်္ကာကလေးတို့ကို ရေးသားပြလိုက်ပါ၏။

http://www.dhammadownload.com



အမေး ။ ။ လက်ခြေသုံးလျက်၊ ရိုက်ထုနှက်၊ သက်သက်နှိပ်စက်တယ်၊ ရိုက်ထုလို့လျှင်၊ သူကိုပင်၊ ချစ်ခင်နေရတယ်၊ ချစ်ခင်အပ်သူ၊ ဘယ်လိုလူ၊ သိမူဖြေပါကွယ်။

အဖြေ ။ ။ နို့စို့အရွယ်၊ ကလေးငယ်၊ မှတ်ကွယ် ဖြေပါတယ်။

အမေး ။ ။ အလိုရှိတိုင်းဆဲ၊ ထွက်သွားလည်း၊ လာခဲမျှော်ရတယ်၊ အဆဲခံလိုလျှင်၊ သူကိုပင်၊ ချစ်ခင်နေရတယ်၊ ချစ်ခင်အပ်သူ၊ ဘယ်လိုလူ၊ သိမူဖြေပါကွယ်။

အဖြေ ။ ။ ခိုင်းလို့ရလွယ်၊ သားသူငယ်၊ မှတ်ကွယ် ဖြေပါတယ်။

အမေး ။ ။ မဟုတ်စကား၊ ပြောကာကြား၊ လွဲမှား စွပ်စွဲတယ်၊ စွပ်စွဲလို့လျှင်၊ သူကိုပင်၊ ချစ်ခင်နေရတယ်၊ ချစ်ခင်အပ်သူ၊ ဘယ်လိုလူ၊ သိမူဖြေပါကွယ်။

အဖြေ ။ ။ မောင်နှံနှစ်သွယ်၊ ညားစရွယ်၊ မှတ်ကွယ် ဖြေပါတယ်။

အမေး ။ ။ ပေးသမျှမူ၊ အကုန်ယူ၊ သွားသူများလှတယ်၊ ယူကြလို့လျှင်၊ သူကိုပင်၊ ချစ်ခင်နေရတယ်၊ ချစ်ခင်အပ်သူ၊ ဘယ်လိုလူ၊ သိမူဖြေပါကွယ်။

အဖြေ ။ ။ ရဟန်း,ပုဏ္ဏား၊ ကျင့်ရှိငြား၊ မှတ်သား ဖြေပါတယ်။

**အရှင်သီရိန္ဒာစာရ (မြင်းခြံ)**

## ကျမ်းကိုး

၁။ ဇာတက-အဋ္ဌကထာ။ ၂၂ မဟာနိပါတ-၅။
ဥမင်္ဂဇာတက ဇာ-ဋ္ဌ၊၆။ ၂၁၃မှ-၂၂၂

၂။ ဇာတ်တော်ကြီးဆယ်ဘွဲ့ မဟောသဓ ဇာတ်တော်ကြီးဝတ္ထု
(မင်းဘူး ဦးဉာဏသဆရာတော်)။ ပထမတွဲ ၆၀၄ မှ၊ ၆၂၁ ထိ။

၃။ ဇာတ်ပါဠိတော်-နိဿယ (ပြည်ဆရာတော်)
ဒုတိယအုပ်-၁၆၄ မှ၊ ၁၆၆ ထိ။

http://www.dhammadownload.com

# လူငယ်နှင့် သမိုင်း

လူငယ်သည် သမိုင်းကို သိအပ်၏။ သမိုင်းဟု ဆိုရာ၌ မြန်မာသမိုင်းရော ကမ္ဘာ့သမိုင်းပါ သိအပ်ပါသည်။ သမိုင်းထဲတွင် စိတ်ဝင်စားစရာ အချက်အလက်၊ အကြောင်းအရာများ အများအပြားရှိပါသည်။ ယင်းအချက်အလက်များကို ဆက်စပ်ရှာဖွေ ဖော်ထုတ်ရသည်မှာ အလွန်စိတ်ဝင်စားစရာ ကောင်းလှသည်။ တစ်ခါတစ်ရံ စုံထောက်ဝတ္ထုကောင်းတစ်ပုဒ် ဖတ်ရှုနေရသကဲ့သို့ပင် ဖြစ်ပါသည်။ သမိုင်းကို လေ့လာလိုသူ လူငယ်တစ်ဦးက မေးမြန်းဖူးပါသည်။ မြန်မာ့သမိုင်းကို မည်သို့လေ့လာသင့်ကြောင်း မေးမြန်းခြင်း ဖြစ်ပါသည်။ ဤစာရေးသူသည် သမိုင်းပညာရှင်တစ်ဦး မဟုတ်ပါ။ သမိုင်းကို ဝါသနာပါသူ၊ ချစ်မြတ်နိုးသူ သုတေသီတစ်ဦးသာ ဖြစ်ပါသည်။ သို့ဖြစ်၍ စာရေးသူ၏ အဖြေက မှန်ကောင်းမှ မှန်ပါမည်။ သို့သော် လူငယ်လူရွယ်များအတွက် အကြံဉာဏ်ကောင်းများ ကြိုးစားပေးအပ်လိုပါသည်။

သမိုင်းဘာသာရပ်သည် အလွန်ကျယ်ပြန့်လှပါသည်။ သမိုင်း၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတို့နှင့်လည်း ဆက်စပ်လျက်ရှိပါသည်။ မြန်မာသမိုင်းကို စတင်လေ့လာလိုသူ လူငယ်တစ်ဦးအား မှန်နန်းရာဇဝင်၊ တွင်းသင်းရာဇဝင်၊ ဇာတာတော်ပုံရာဇဝင်၊ ရာဇဝင်ကျော်စသည့်ကျမ်းများကို ဖတ်ရှုလေ့လာရန် လမ်းညွှန်လိုက်လျှင် ဘာသာရပ်အပေါ် စိတ်ပျက်လက်ပျက် ဖြစ်သွားနိုင်သည် ထင်ပါသည်။

http://www.dhammadownload.com



သမိုင်းကို လွယ်လင့်တကူ စတင်စဉ်းစားပါလျှင် သင့်မည်ထင်ပါသည်။ ဦးစွာ မိမိတို့ မိဘဘိုးဘွားများနှင့် ပတ်သက်၍ ဆွေစဉ်မျိုးဆက်စာရင်း တစ်စုံတစ်ခု ပြုစုကြည့်ပါ။ မိဘဆွေမျိုးများထဲတွင် သမိုင်း၌ ထင်ရှားခဲ့သူများ ပါရှိကောင်း ပါရှိပါလိမ့်မည်။ ကောင်းသည် ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ အမည်ထင်ရှားခဲ့သည်ဖြစ်စေ တတ်နိုင်သမျှ စုံစုံလင်လင် ပြုစုကြည့်ပါ။

ယနေ့အထိ ဘုရင့်နောင်မင်း၏ အဆက်အနွယ်များ၊ ညောင်ရမ်းမင်းတရား၏ အနွယ်များ၊ ကုန်းဘောင်နွယ်များ၊ ရခိုင်ပညာရှိ မဟာပညာကျော်၏ အဆက်အနွယ်များသည် ထိုသို့သော ဆွေစဉ်မျိုးဆက်စာရင်းကို ပြုစုထားကြရာ စိတ်ဝင်စားစရာ ကောင်းလှပါသည်။ နိုင်ငံရပ်ခြားတွင် ဤကဲ့သို့ ဆွေစဉ်မျိုးဆက် ရှာဖွေပေးသည့် ကုမ္ပဏီအဖွဲ့အစည်းများပင် ရှိနေသည် ဆိုပါသည်။

ထို့နောက် မိမိနေထိုင်ရာ ပတ်ဝန်းကျင်မြို့ရွာအကြောင်း လေ့လာကြည့်ပါ။ မိမိ၏ အနီးဝန်းကျင်တွင် စေတီပုထိုး၊ ဘုန်းတော်ကြီးကျောင်း၊ ဘုရားကျောင်း စသည့် ဘာသာရေး အဆောက်အဦများ ရှိနိုင်ပါသည်။ ထိုနေရာများတွင် ကမ္ပည်းစာတမ်းများ ရှိနေတတ်ပါသည်။ ခေါင်းလောင်းစာ၊ အလှူရှင်ကမ္ပည်းစာ စသည်တို့ကို လေ့လာကြည့်ပါ။ ခုနှစ်သက္ကရာဇ်ရက်စွဲများကို ရှာကြည့်ပါ။ လွန်ခဲ့သည့် နှစ်ပေါင်းမည်မျှကာလက ကမ္ပည်းမှတ်တမ်းဖြစ်မည်ကို သိရှိရပါလိမ့်မည်။

တစ်ဖန် မိမိတို့ မြို့ရွာတွင် အုပ်ချုပ်ခဲ့ကြသည့် မြို့သူကြီး၊ ရွာသူကြီး အဆက်ဆက် စာရင်းကို ပြုစုကြည့်ပါ။ ထိုသူများ၏ စွမ်းဆောင်ရည်ကို မေးမြန်း မှတ်တမ်းပြုစုကြည့်ပါ။ စိတ်ဝင်စားစရာ အချက်အလက်များ ပေါ်ထွက်လာပါလိမ့်မည်။ မိမိတို့ မြို့ရွာအတွင်း သမိုင်းတွင် ထင်ရှားခဲ့သူများ၊ သမိုင်းနှင့် ဆက်စပ်နေသူများရှိခဲ့ဖူးပါက မှတ်တမ်းပြုထားသင့်ပါသည်။ ထို့နောက် တစ်ဆင့်တက်၍ မိမိတို့ မြို့ရွာ တည်ရှိရာမြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းအတွင်းမှ အထင်ကရ အဆောက်အဦများ၊ ထင်ရှားသော ပုဂ္ဂိုလ်များ၊ အထင်အရှား ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်များ၊ သမိုင်းဝင်နေရာများအကြောင်းကို လက်လှမ်းမီသ၍ ဆက်လက် ပြုစုလေ့လာသင့်ပါသည်။

http://www.dhammadownload.com



ပြီးလျှင် မိမိပြုစုထားသော မှတ်တမ်းမှတ်ရာများကို ခြုံငုံလေ့လာကြည့်ပါ။ ဖြည့်စွက်သင့်သည့် အချက်အလက်အကြောင်းအရာများ ရှိပါက ရှာဖွေဖြည့်စွက်ပါ။ ရာဇဝင်ကျမ်းများတွင် မည်သို့မည်ပုံ ဖော်ပြထားသည်ကို အက္ခရာဝလိမှတစ်ဆင့် ရှာဖွေတိုက်ဆိုင်လေ့လာကြည့်ပါ။ (အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားသော ဂေဇက်တီးယား မှတ်တမ်းများလည်း ရှိတတ်ပါသည်။)

သမိုင်းတွင် ခေတ်သတ်မှတ်ပုံက ပညာရှင်တစ်ဦးနှင့်တစ်ဦး ကွာခြားမှုများ ရှိပါသည်။ သို့သော် ယေဘုယျအားဖြင့်မူ တူညီကြသည်။ ဘုရင်အုပ်ချုပ်သော ခေတ်သည် ၁၈၈၅-ခုနှစ် နိုဝင်ဘာလအထိဖြစ်ပြီး နောက်ဆုံးမြန်မာဘုရင်က သီပေါမင်း၊ နောက်ဆုံး မင်းနေပြည်တော်က ရတနာပုံ (မန္တလေး)မြို့တော် ဖြစ်သည်။ သီပေါမင်းသည် ကုန်းဘောင်ခေတ် မင်းဆက်၏ (၁၁) ဆက်မြောက် နောက်ဆုံး ဘုရင်ဖြစ်၍ မြန်မာမင်းများလက်ထက်ကာလကို ပျူခေတ်၊ ပုဂံခေတ်၊ မြင်စိုင်း၊ ပင်းယ၊ အင်းဝခေတ်၊ တောင်ငူ ဟံသာဝတီခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် စသည်ဖြင့် ခွဲခြားသတ်မှတ်ကြသည်။

မြန်မာမင်းများလက်ထက်ကာလတွင် ခေတ်အားလုံးကို လက်လှမ်းမမီနိုင်သည့်တိုင် ကုန်းဘောင်ခေတ်ကိုတော့ အကြမ်းဖျင်း သိသင့်ပါသည်။ ကုန်းဘောင်မင်းဆက်ကို အလောင်းမင်းတရားက ၁၇၅၂ တွင် စတင်တည်ထောင်ပြီး မင်း (၁၁) ဆက်အုပ်စိုးကာ သီပေါမင်းလက်ထက် ၁၈၈၅ တွင် ပျက်သုဉ်းခဲ့သည်။ သို့ဖြစ်၍ မင်းဆက်သက်တမ်းက ၁၃၃ နှစ် ကြာမြင့်ပါသည်။ အုပ်စိုးခဲ့သည့် မင်းများကို "လောင်း-ဒီ-မြေ-စဉ့်-ဖောင်-၊ ဒုံ-ကိုင်း-သာ-ပု-မင်း-သီ" ဟု မှတ်သားထားနိုင်ပါသည်။ အလောင်းမင်းတရား၊ ဒီပဲယင်းမင်း (နောင်တော်ကြီး)၊ မြေဒူးမင်း (ဆင်ဖြူရှင်)၊ စဉ့်ကူးမင်း၊ ဖောင်းကားစားမောင်မောင်၊ ဗဒုံမင်း(ဘိုးတော်ဘုရား)၊ စစ်ကိုင်းမင်း(ဘကြီးတော်)၊ သာယာဝတီမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်း၊ သီပေါမင်းတို့ဖြစ်ကြသည်။

၂၉ နိုဝင်ဘာ ၁၈၈၅ တွင် သီပေါမင်း ပါတော်မူသွားပြီးနောက် နယ်ချဲ့အင်္ဂလိပ်တို့က အုပ်ချုပ်ခဲ့ကြရာ ၁၉၄၂ ခုနှစ် ဂျပန်ဝင်ချိန်အထိ ဖြစ်ပါသည်။ ထိုခေတ်ကာလ တစ်လျှောက်ကို ကိုလိုနီခေတ်ဟု သတ်မှတ်နိုင်

http://www.dhammadownload.com



ပါသည်။ (၁၉၄၂-၁၉၄၅) ခုနှစ်ကာလကို ဂျပန်ခေတ်ဟု ဆိုနိုင်ပြီး ဗြိတိသျှတို့ ပြန်လည် ရောက်ရှိလာကြပြီးနောက် စက္ကူဖြူအုပ်ချုပ်ရေး ကာလကို စစ်ပြီးခေတ်ဟု သတ်မှတ်ကြ၏။

၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိပြီးနောက် ဖဆပလ အစိုးရတက်လာခဲ့ရာ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ တာဝန်ယူချိန်အထိ ဖဆပလခေတ်ဟု ဆိုနိုင်ပါသည်။ တော်လှန်ရေးကောင်စီသည် ၁၉၇၄-ခုနှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဖွဲ့စည်းအုပ်ချုပ်ခဲ့ရာ ၁၉၈၈-ခုနှစ်အထိဖြစ်ပါသည်။ မြန်မာမင်းများ လက်ထက်ခေတ်အဆက်ဆက် အရေးပါသော အဖြစ်အပျက်များ၊ လူပုဂ္ဂိုလ်များကို မိမိတို့ စိတ်ပါဝင်စားရာ ခေတ်အလိုက် လေ့လာနိုင်ကြပါသည်။ သို့တည်းမဟုတ် ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ စစ်ပြီးခေတ်၊ ဖဆပလခေတ်၊ တော်လှန်ရေးကောင်စီခေတ်မှ အကြီးအကဲများ၊ အဖြစ်အပျက်များ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်အကြောင်းအရာများကိုလည်း လေ့လာနိုင်ကြပါသည်။

သမိုင်း အချက်အလက်အကြောင်းအရာများအပြင် သမိုင်းဆိုင်ရာ ရုပ်ပုံ၊ ဓာတ်ပုံ၊ မြေပုံ၊ ပန်းချီများကိုလည်း သိမ်းဆည်းသင့်ပါသည်။

တစ်ခါက ဆရာ ဦးစိုးညွန့်(ရာပြည့်) ၏ ထုတ်ဖော်မှုဖြင့် ချဉ်ပေါင်ရွက်သည် မောင်မှိုင်း ဝတ္ထုရေးသူ ဝန်စာရေး ဦးကြီး၏ပုံကို "၂၀ ရာစု မြန်မာစာရေးဆရာ ၁၀၀ (ဒုတိယအုပ်) တွင် ထည့်သွင်းဖော်ပြနိုင်ခဲ့သည်။ ဝန်စာရေးဦးကြီး ရေးသားသော ငါးထပ်ကြီးဘုရားဘွဲ့စာအုပ် စာမျက်နှာ(၁)မှ ပုံကို ပစ္စည်းဟောင်းရောင်းသည့် အထမ်းသမားတောင်းထဲမှ အမှတ်မထင်ရရှိခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာစာပေလောကအတွက် အရေးပါသော ဖော်ထုတ်မှုတစ်ရပ် ဖြစ်ပါသည်။

လူငယ်အချို့က တံဆိပ်ခေါင်း၊ ငွေစက္ကူဟောင်းများ စုဆောင်းကြသည်။ ကောင်းသော အလေ့အထ ဖြစ်ပါသည်။ တံဆိပ်ခေါင်းများသည်လည်း ခေတ်အဆက်ဆက်သမိုင်းကို ပြောနေကြပါသည်။ သတင်းစာပါ သတင်း၊ ဆောင်းပါး၊ နာရေးကြော်ငြာတို့မှလည်း သမိုင်းကွင်းဆက်ကလေးများ ရရှိနိုင်ပါသည်။ ဤသည်မှာ စာရေးသူ စိတ်ကူးမိသ၍ လူငယ်များ

http://www.dhammadownload.com



သမိုင်းလေ့လာရန် လမ်းညွှန်မျှသာ ဖြစ်ပါသည်။ လေ့လာကြည့်ကြပါဟု လည်း တိုက်တွန်းလိုပါသည်။

လူငယ်သည် သမိုင်းကို သိအပ်၏။ သမိုင်းကို သိခြင်းသည် အမျိုးဇာတိဂုဏ်ကို မြှင့်တင်ခြင်းလည်း မည်ပါသည်။ သမိုင်းအမှန်ကို သိရန် အားထုတ်ကြပါဟု ဆိုချင်ပါသည်။

**တင်နိုင်တိုး**

http://www.dhammadownload.com

# သွေးတူတိုင်း ဆွေမျိုးမဟုတ်၊ အတွေးတူမှ ဆွေမျိုးဖြစ်သည်

လူတို့သည် လောကဓံနှင့်တွေ့လျှင် ညည်းတွားတတ်ကြသည်။ ကိုယ့်လောက် လောကဓံ၏ ဒဏ်ကို ခံရသူမရှိဟု ထင်တတ်ကြသည်။ ကံဆိုးလိုက်လေခြင်း၊ ဖြစ်ရလေခြင်းဟု စုတ်တသပ်သပ်ဖြင့် ကိုယ့်ကိုယ်ကိုယ် ပြန်၍ သနားနေတတ်ကြသည်။ ကျွန်တော်တို့ ကိုးကွယ် ယုံကြည်သော သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားရှင်၏ လောကဓံများနှင့် နှိုင်းယှဉ်ကြည့်ပါက ကျွန်တော်တို့ တွေ့ကြုံခဲ့ရသော တွေ့ကြုံနေရသော လောကဓံများသည် ဘာမျှ မဟုတ်ပါ။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ ဘုရားဖြစ်စဉ် ဗုဒ္ဓဝင်ထဲမှ လောကဓံ၏ ရှုထောင့်မှ နေပြီး စာတစ်ပုဒ်၊ စာတစ်အုပ်ကို ရေးသားလိုက်ရပေသည်။

ဤစာအတွက်–

(၁) သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ရေးသားပြုစုသော 'ဗုဒ္ဓဘာသာကောင်းတစ်ယောက်'

(၂) ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး ရေးသား ပြုစုတော်မူသော 'ဇိနတ္ထပကာသနီကျမ်း'

(၃) မင်းကွန်းဆရာတော်ဘုရား ရေးသားပြုစုတော်မူသော 'မဟာဗုဒ္ဓဝင်'

(၄) ဝဏ္ဏသီရိ ရေးသားသော ''ညီတော် အာနန္ဒာ၏ ဘဝတစ်သက်တာ မှတ်တမ်း''

http://www.dhammadownload.com



(၅) အမရပူရမြို့၊ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော် အရှင် ဇနကာဘိဝံသ ရေးသားစီရင်တော်မူအပ်သော အခြေပြု ပဋ္ဌာန်း တော်၊ ဘုရားဥပဒေတော်ကြီး၊ ဘာသာရေးပြဿနာများ၊ သိပ္ပံ အမြင်နှင့် ဗုဒ္ဓအဘိဓမ္မာ အဖြေများ၊ နံနက်ခင်း ဩဝါဒများ။

(၆) ဆရာကြီး ဦးရွှေအောင် ရေးသားသော-
ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း၊ ထေရဝါဒ အုတ်မြစ်၊ ဗုဒ္ဓ (သို့မဟုတ်) လောကသားတို့၏ အနိူင်းမဲ့ ကျေးဇူးရှင်၊ ဓမ္မပဒ၊ အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်၊ ဗုဒ္ဓ (သို့မဟုတ်) အနိူင်းမဲ့။

(၇) ဒေါက်တာ ဝါလ်ပိုလာ ရာဟုလာ အရှင်သူမြတ် ရေးသားပြုစု ပြီး ဦးကိုလေး (ဇေယျာမောင်) မြန်မာဘာသာ ပြန်ဆိုထားသော 'မြတ်ဗုဒ္ဓဒေသနာ'

(၈) ဓမ္မပဒ အဆိုအမိန့်များကို မှီငြမ်းပါသည်။

**ဦးဘုန်း (ဓာတု)**

**မန္တလေး**

http://www.dhammadownload.com

---

လူတော်များ လူကောင်းမဖြစ်ခြင်းနှင့် စွမ်းရည်ရှိသူများ စိတ်ကောင်း မရှိခြင်းသည် သူ၏ လက်ရှိဘဝအတွက် လည်းကောင်း သူ၏ သံသရာ ဘဝအတွက် လည်းကောင်း ပူလောင်မှုများဖြင့် နှောင်ဖွဲ့ထားသလို သူနှင့် ဆက်စပ်ရာ ပတ်ဝန်းကျင်တစ်ခုလုံး သည်လည်း သောကဖြင့် နေထိုင်ကြရသည်။

---

# သွေးတူတိုင်း ဆွေမျိုးမဟုတ်၊ အတွေးတူမှ ဆွေမျိုးဖြစ်သည်

'ရှင်ဒေဝဒတ်' သည် ငါ့ဘဝအတွက် အရေးပါသောသူ တစ်ယောက် ဖြစ်ခဲ့သည်။ သူ့ကြောင့် ငါသည် ပြဿနာများစွာကို ဖြေရှင်းခဲ့ရသည်။

ပြဿနာသည် ရေနှင့် တူသည်။ ငါသည် ကျောက်ဆောင်နှင့် တူသည်။

ရေသည် ပြင်းထန်စွာဖြင့် ကျောက်ဆောင်ကို ဝင်တိုက်၏။

နောက်ဆုံးတွင် ကျောက်ဆောင်အတွက် လှပသော ရေလှိုင်းများသာ ဖြစ်သွားတတ်သည်။

ရေမှုန်၊ ရေမြှော၊ ရေလှိုင်းငယ်များဖြစ်ကာ ပျောက်ကွယ်သွားတတ်ကြသည်။

'ရှင်ဒေဝဒတ်' သည် ငါ၏ ယောက်ဖ ဖြစ်သည်။ 'ယသော်ဓရာ' ၏ အစ်ကို ဖြစ်သည်။ သူ၏အမေသည် ငါ၏အဒေါ် ဖြစ်သောကြောင့် သူနှင့်ငါသည် ညီအစ်ကို တော်ကြပြန်သည်။ ငါသည် သူ၏ ညီငယ်ဖြစ်သည်။ သူသည် ငါ၏အစ်ကို ဖြစ်သည်။ ငါတို့ မျိုးရိုးသည် သာကီဝင်မင်းမျိုးများ ဖြစ်ကြသည်။

http://www.dhammadownload.com



'ရှင်ဒေဝဒတ်' သည် လူတော်တစ်ယောက် ဖြစ်သည်။ သို့သော် သူသည် လူကောင်းတစ်ယောက် မဖြစ်ခဲ့။

သူသည် စွမ်းအားကြီးသောသူတစ်ယောက်လည်း ဖြစ်သည်။ သို့သော် သူသည် စိတ်ကောင်း မရှိခဲ့။

'ရှင်ဒေဝဒတ်' သည် သူနှင့်အတူ သာကီဝင်မင်းမျိုး ဖြစ်ကြသော 'ဘဒ္ဒိယ မင်းသား'၊ 'အနုရုဒ္ဓမင်းသား'၊ 'အာနန္ဒာမင်းသား'၊ 'ဘဂုမင်းသား'၊ 'ကိမိလ မင်းသား' တို့နှင့်အတူ ငါ၏ သာသနာအတွင်းသို့ ဝင်ရောက်လာခဲ့သည်။ ရဟန်းပြုခဲ့သည်။ သူတို့ ရဟန်းပြုစဉ်က သူတို့၏ ကျေးကျွန်ဖြစ်သော 'ဥပါလိ' လည်း ရဟန်းပြုခဲ့သည်။

ငါ၏ သာသနာ၌ ဦးစွာ ရဟန်းပြုသူကို နောက်မှ ရဟန်းပြုသူများက အရိုအသေပြုကြရသည်။ 'ရှင်ဒေဝဒတ်' အပါအဝင် သာကီဝင်မင်း (၆) ယောက်တို့သည် ရဟန်းပြုစဉ်တုန်းက သူတို့၏ ကျေးကျွန်ဖြစ်သော 'ဥပါလိ' ကို ဦးစွာ ရဟန်းပြုစေသည်။ ထိုသို့ ပြုခြင်း၏ ရည်ရွယ်ချက်မှာ သာကီဝင်မင်းမျိုး ဟူသည့် မာန်ကို ချိုးနှိမ်လို၍ ဖြစ်သည်။ ထိုစဉ်တုန်းက 'ရှင်ဒေဝဒတ်' သည် ဤမျှလောက် နူးညံ့သည်။ သဘောထားကြီးသည်။ စိတ်ဓာတ်ကောင်းသည်။ စိတ်ထားဖြူစင်သည်။

သူနှင့်အတူ ရဟန်းဝတ်သောသူအားလုံးသည် သောတာပန်များ၊ ရဟန္တာများ အသီးသီး ဖြစ်သွားကြသည်။

'ရှင်ဒေဝဒတ်' တစ်ဦးတည်းသာ အရိယာ မဖြစ်ဘဲ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော ပုထုဇဉ် ရဟန်းသာ ဖြစ်ခဲ့ရသည်။ ပုထုဇဉ် ရဟန်းဖြစ်သောကြောင့် သူ၌ရှိသော တန်ခိုးဣဒ္ဓိပါဒ်သည် လူအများကို လှည့်စားရလွယ်ကူသည်။ သူ့၌ရှိသော တန်ခိုးဣဒ္ဓိပါဒ်သည် မျက်လှည့်ဆရာတစ်ယောက်ကဲ့သို့ ဖြစ်သည်။ ထို့ကြောင့် လူအများက သူ့ကို သဘောကျကြသည်။ နှစ်သက်ကြသည်။ သူ၏ မျက်လှည့်ဆန်သော တန်ခိုး ဣဒ္ဓိပါဒ်သည် လူအများက သူ့ကို အလွယ်တကူ ဦးညွှတ်ရန် ပြုစားရန်အတွက် ဖြစ်သည်။

ငါ၏ သာသနာအတွင်း၌ 'ရှင်ဒေဝဒတ်' ထက် အရင် ရဟန်းပြုပြီး ငါ အလွန် အားကိုးရသော ရဟန်း (၂) ပါး ရှိသည်။ 'ရှင်သာရိပုတ္တရာ'

http://www.dhammadownload.com



နှင့် 'ရှင်မောဂ္ဂလာန်' တို့ ဖြစ်ကြသည်။ သူတို့ (၂) ပါးသည် သွေးနှင့် တော်စပ်ထားသော ဆွေမျိုးများ မဟုတ်ကြ။ အမြင်တူ၊ အတွေးတူ၍ တော်စပ်အပ်သော ဆွေမျိုးဖြစ်သည်။ သူတို့ (၂) ပါးသည် ငါ၏ ဩဝါဒ အတိုင်း အများ၏ အကျိုးကို သယ်ပိုးနိုင်ကြသူများ ဖြစ်သည်။

တစ်နေ့သောအခါ လှူဒါန်းလိုက်သော အဖိုးတစ်သိန်းထိုက်တန် သည့် သင်္ကန်းအလှူခံယူမှုနှင့် ပတ်သက်၍ 'ရှင်သာရိပုတ္တရာ' နှင့် 'ရှင် ဒေဝဒတ်' တို့ အယူအဆ ကွဲလွဲကြသည်။

ရာဇဂြိုဟ်ပြည်တွင် ဖြစ်၏။ ရာဇဂြိုဟ်ပြည်တွင် 'ရှင်သာရိပုတ္တရာ' သည် ငါ၏ နည်းနိဿယအတိုင်း ဒါနကထာကို ပုဂ္ဂိုလ် (၄) ပါးခွဲ၍ လူအများကို တရားဟော၏။ ထိုတရားပွဲတွင် သူကြွယ်တစ်ယောက်သည် အဖိုးတစ်သိန်းထိုက်တန်သော နံ့သာဖြင့် ထုံအပ်ထားသည့် သင်္ကန်းကို ကပ်လှူလိုက်သည်။ ထိုသင်္ကန်းကို မည်သည့်ရဟန်းအား လှူကြမည်နည်း ဟု မေးမြန်းဆုံးဖြတ်ကြသည်။ အလှူခံ ပုဂ္ဂိုလ်ကို ရွေးချယ်ကြသည်။

ဧည့်ပရိသတ် တချို့က ဤသင်္ကန်းကို 'ရှင်သာရိပုတ္တရာ' အား လှူဒါန်းလိုသည်။

တချို့က 'ရှင်ဒေဝဒတ်' အား လှူဒါန်းလိုသည်။

'ရှင်သာရိပုတ္တရာ' ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကို အကြောင်းပြု၍ လှူဒါန်းလိုခြင်း ဖြစ်သည်။ လူကို ခင်၍မဟုတ်။ သာသနာ တော် အကျိုးအတွက် လှူဒါန်းလိုခြင်း ဖြစ်သည်။

'ရှင်ဒေဝဒတ်' ကို လှူဒါန်းလိုသူများသည် 'ရှင်ဒေဝဒတ်' ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကို ရည်မှန်းပြီး လှူဒါန်းလိုခြင်း မဟုတ်။ 'ရှင်ဒေဝဒတ်' ကို ခင်မင်၍ ကျေးဇူးခံ ကျေးဇူးစားအဖြစ် ရည်ရွယ်ပြီး ပုဂ္ဂိုလ်စွဲဖြင့် လှူဒါန်းလိုခြင်း ဖြစ်သည်။

'ရှင်သာရိပုတ္တရာ' သည် သာသနာတော်၏ မျက်နှာကိုသာ ကြည့် ၏။ သံဃာကို ရည်မှန်း၍ လှူဒါန်းခြင်းကိုသာ နှစ်သက်သည်။

'ရှင်ဒေဝဒတ်' သည် သာသနာတော်၏ မျက်နှာကို မကြည့်။ သူနှင့် ခင်မင်သူများက လှူဒါန်းသည့်အတွက် သူသာ အလှူခံထိုက်သည်

http://www.dhammadownload.com



ဟု ယူဆသည်။ တကယ်တော့ 'ရှင်ဒေဝဒတ်' သည် အသိဉာဏ်ပညာဘက်သို့ ဦးမလှည့်ဘဲ ခံစားမှုဘက်သို့ ဦးလှည့်ခဲ့သည်။ လောကုတ္တရာဘက်သို့ ဦးမလှည့်ဘဲ လောကီဘက်သို့ ဦးလှည့်ခဲ့သူ ဖြစ်သည်။ အနတ္တဘက်သို့ ဦးမလှည့်ဘဲ အတ္တဘက်ကို ဦးလှည့်ခဲ့သူ ဖြစ်သည်။ ပညာဉာဏ်သတိနည်းပါးခြင်းသာ ဖြစ်သည်။

'ရှင်သာရိပုတ္တရာ' သည် ငါပြီးလျှင် ပညာအကြီးဆုံး ဖြစ်သည်။ ခံစားမှုသည် ပဓာန မကျ။ ပညာသည်သာ ပဓာန ကျသည်ဟု သိမြင်သူ ဖြစ်သည်။ ဦးနှောက်နှင့် နှလုံးသားကို သတိဉာဏ်ဖြင့် ယှဉ်၍ စဉ်းစားတတ်သူ ဖြစ်သည်။

'ရှင်ဒေဝဒတ်' ကို လှူဒါန်းလိုသူက လူအများစု ဖြစ်နေသည်။ နောက်ဆုံးတွင် 'ရှင်ဒေဝဒတ်' သည် ဤသင်္ကန်းကို အလှူခံလိုက်သည်။ အမှန်အားဖြင့် 'ရှင်ဒေဝဒတ်' သည် သနားစရာကောင်းသူ တစ်ဦးသာ ဖြစ်သည်။

'ရှင်ဒေဝဒတ်' သည် ဤသင်္ကန်းကို ဝတ်ဆင်ပြီး ကြွားကြွားဝါဝါ နေပြသည်။ လမ်းသလားပြသည်။

ဤအပြုအမူကို ကြည့်ခြင်းဖြင့် သူ၏ စရိုက်ဆိုး၊ ဉာဉ်ဆိုးများကို အကဲခတ်၍ ရသည်။ သူ့ကို လူအများက အစုအပေါင်းဖြင့် တစ်သားတည်း နေလိုသူ မဟုတ်။ ဗိုလ်လုပ်လိုသူ ဖြစ်သည်။

သူ၏ အပြုအမူသည် မာန၏ အပြုအမူသာ ဖြစ်သည်။

မာန၏ သဘောသည် ယှဉ်ပြိုင်လိုသည်။ ယှဉ်ပြိုင်သောအခါ ကိုယ့်၌ တကယ်မရှိသော ဂုဏ်သတ္တိများကို တကယ်ရှိသယောင် ဟန်ဆောင်ပြရသည်။ တကယ်ရှိနေသော အားနည်းချက်များ အပြစ်အနာအဆာများကိုလည်း ဖုံးကွယ်ကြရပြန်သည်။ လိမ်လည်ကြရပြန်သည်။ လိမ်လည်မှု၊ လှည့်ဖြားမှု၊ အကောက်ကြံမှုတို့သည် မာန၏ ဂုဏ်သတ္တိများသာ ဖြစ်သည်။

မာနကြောင့် ပြိုင်ဆိုင်လိုသည့်စိတ် ဖြစ်ပေါ်လာသည်။ ပြိုင်ဆိုင်လိုသည့် စိတ်ကြောင့် သတ္တိရှိသယောင် ဆောင်ပြရသည်။ လိမ်လည်ကြရပြန်သည်။ လိမ်လည်မှု၊ လှည့်ဖြားမှု၊ အကောက်ကြံမှုတို့သည် မာန၏ ဂုဏ်သတ္တိများသာ ဖြစ်သည်။

http://www.dhammadownload.com



မာနကြောင့် ပြိုင်ဆိုင်လိုသည့်စိတ် ဖြစ်ပေါ်လာသည်။ ပြိုင်ဆိုင်လိုသည့်စိတ်ကြောင့် သတ္တိရှိသယောင် ဆောင်ပြရသည်။ လိမ်လည်ရသည်။ ကောက်ကျစ်ရသည်။ နောက်ဆုံးတွင် ဗိုလ်လုပ်ချင်လာသည်။ ဗိုလ်လုပ်ချင်လာ၍ သူ့အား ဗိုလ်တင်နိုင်မည့် ပရိသတ်ကို ရှာရတော့သည်။ ဗိုလ်မြန်မြန်ဖြစ်ရန်အတွက် စဉ်းစားရတော့သည်။

အမြန်ဆုံးနဲ့ အလွယ်ကူဆုံး ဗိုလ်ဖြစ်ရန် နည်းလမ်းမှာ ဘုရင်ကိုးကွယ်သည့် 'မင်းဆရာ' ပြုခြင်းပင် ဖြစ်သည်။

ထိုအချိန်က ရာဇဂြိုဟ်ပြည်တွင် 'ဗိမ္ဗိသာရမင်းကြီး' ရှိသည်။ ငါ့ကို အလွန်ကြည်ညိုသည်။ ဆည်းကပ်သည်။ သူသည် သောတာပန် ဘုရင်တစ်ပါး ဖြစ်သည်။ သာဝတ္ထိပြည်တွင် ငါ့ကို ဆည်းကပ်သော ကောသလမင်း ရှိသည်။ သူတို့၏ 'မင်းဆရာ' ဖြစ်ရန် သူ စဉ်းစားသည်။ ငါ့ကို ဆည်းကပ်နေသူများ ဖြစ်သောကြောင့် မလွယ်ကူမှန်း သူ သိသည်။

ထိုအခါ 'ဗိမ္ဗိသာရမင်းကြီး' ၏ သား ငယ်ရွယ်သူ ဖြစ်သော အိမ်ရှေ့ ဥပရာဇာ 'အဇာတသတ်' ကို သူ မြင်သည်။ သူက ငယ်ရွယ်သူဖြစ်၍ အသိဉာဏ်နည်းသည်။ လှည့်စားရ လွယ်ကူနိုင်သည်။ စည်းရုံးရ လွယ်ကူနိုင်သည်။

တစ်နေ့သော် 'ရှင်ဒေဝဒတ်' သည် သူ၏ တန်ခိုးဣဒ္ဓိပါဒ်ဖြင့် မျက်လှည့်ဆန်ဆန် ပြကွက်ဆန်းများ ပြကာ 'အဇာတသတ်' အား စည်းရုံးလေတော့သည်။ နောက်ဆုံးတွင် 'အဇာတသတ်' သည် 'ရှင်ဒေဝဒတ်' ၏ တပည့် ဖြစ်လာတော့သည်။

'မင်းက အဖေကို သတ်ပြီး ဘုရင်လုပ်၊ ငါက ယောက်ဖကို သတ်ပြီး ဘုရားလုပ်မည်' ဟု 'ရှင်ဒေဝဒတ်' က 'အဇာတသတ်' ကို စည်းရုံးလေတော့သည်။

'အဇာတသတ်' သည် သူ၏ ဖခင်အား ခြေဖဝါးကို ဓားနှင့်ခွဲ၍ တစိမ့်စိမ့် ညှဉ်းပန်းပြီးမှ သတ်လေတော့သည်။ ဖခင်ကို သတ်ပြီး ဘုရင်လုပ်လေတော့သည်။

'ရှင်ဒေဝဒတ်' သည်လည်း ငါ့အား အကြမ်းနည်းဖြင့် သတ်ရန် ကြံစည်လေတော့သည်။

http://www.dhammadownload.com



ပထမအကြိမ်တွင် ရာဇဂြိုဟ်ပြည်အတွင်း နံနက် ဆွမ်းခံကြွချိန်၌ 'နာဠာဂီရိ' ဆင်အား အရက်များတိုက်ပြီး ငါ့အား နင်းသတ်ခိုင်းပြန်သည်။ မအောင်မြင်ခဲ့။

ဒုတိယအကြိမ်တွင် 'အဇာတသတ်' ၏ စစ်သည်တော်များထဲမှ လေးသမားများကို လွှတ်ပြီး ငါ့အား မြားများဖြင့် ပစ်သတ်ခဲ့သည်။ မအောင်မြင်ခဲ့။

တတိယအကြိမ်တွင်လည်း ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်တုံးကြီးများ လိမ့်ချပြီး ငါ့အား သတ်ဖြတ်ခဲ့ပြန်သည်။ ငါ၏ ခြေမတွင် အသားကြေပြီး သွေးခြည်ဥခဲ့ရသည်။

ဤသို့ အကြမ်းနည်းဖြင့် မရ၍ အနုနည်း သုံးပြန်လေသည်။

'ရှင်ဒေဝဒတ်' သည် ငါ၏ နေရာကို အလွန်လိုချင်နေသူ ဖြစ်သည်။

ငါ၏ သာသနာအား 'ရှင်ဒေဝဒတ်' သည် သူ့အား လွှဲအပ်ရန် ဖြောင်တောင်းဆိုခဲ့ပြန်သည်။ ငါသည် ငါ အားကိုးရသော 'ရှင်သာရိပုတ္တရာ' နှင့် 'ရှင်မောဂ္ဂလာန်' တို့ကိုပင်လျှင် ငါ၏ သာသနာနှင့် သံဃာကို မလွှဲအပ်ခဲ့။

တောင်း၍ရသောအရာနှင့် တောင်း၍ မရသောအရာ ရှိသည်ကို 'ရှင်ဒေဝဒတ်' ခွဲခြားပြီး မသိ။

အရာဝတ္ထု ပစ္စည်းဥစ္စာများကိုသာ တောင်းခြင်းဖြင့် ရကောင်းရနိုင်သည်။ လိုလားခြင်းဖြင့် ရကောင်းရနိုင်သည်။

စစ်မှန်သော ဦးညွှတ်ခြင်း၊ စစ်မှန်သော အရိုအသေပေးခြင်း၊ စစ်မှန်သော အပူဇော်ခံရခြင်း၊ စစ်မှန်သော မေတ္တာ၊ စစ်မှန်သော အချစ်၊ စစ်မှန်သော အကျော်အစောကို တောင်း၍မရ။ ထို့အတူ သူတစ်ပါး၏ ကုသိုလ်အမှုကို ကိုယ့်ကုသိုလ်အမှုဖြစ်အောင် တောင်းယူ၍ မရ။ ကိုယ်၏ အကုသိုလ်ကိုလည်း တောင်းတိုင်းပေး၍ မရ။

ထိုအချိန်က ငါ၏ အသက်သည် (၅၅) နှစ် ရှိပြီ။

'ရှင်ဒေဝဒတ်' သည် ခေါင်းပါးသောအကျင့် ကျင့်ရန် ငါ့အား လျှောက်ထားပြီး သံဃာကို ဂိုဏ်းခွဲလေတော့သည်။ သူက ငါ့ကို ပြော

http://www.dhammadownload.com



သည်။ မြို့ကျောင်း၌ မနေဘဲ တောကျောင်း၌နေရန်၊ ပင့်ဆွမ်းကို မစားဘဲ ခံဆွမ်းကိုသာ စားရန်၊ ပံ့သကူသင်္ကန်းကိုသာ ဝတ်ဆင်ရန်၊ သစ်ပင်အောက်၌သာ သီတင်းသုံးရန်၊ အသားငါးမစားဘဲ သက်သတ်လွတ်စားရန်တို့ကို ပြောဆိုသည်။ ဤသို့ စကားများ ပြောဆိုပြီး သူ့စကားအား ငါ လက်မခံ၍ သူ့စကားကို လက်ခံသူများအား ခေါ်ယူသွားခဲ့သည်။ သံဃာကို ဂိုဏ်းခွဲခဲ့သည်။

ဤလောက၌ . . .

ရုပ်ရည်ရူပကာ အဆင်းသဏ္ဌာန်ကို ကြည့်ပြီး ချစ်ခင်ကြည်ညိုသူသည် (၃) ယောက်တွင် (၂) ယောက် ရှိသည်။

ဂုဏ်သတင်းကျော်စောသည်ကို အကြောင်းပြု၍ ချစ်ခင် ကြည်ညိုသူသည် (၅) ယောက်တွင် (၄) ယောက် ရှိသည်။

ခေါင်းပါးသောအကျင့်ကို အကြောင်းပြု၍ ချစ်ခင် ကြည်ညိုဆည်းကပ်သူသည် (၁၀) ယောက်တွင် (၉) ယောက် ရှိသည်။

ဤသည်ကို 'အရှင်ဒေဝဒတ်' ရိပ်စားမိသည်။

အသိနဲ့ အကျင့်ကို တစ်ထပ်တည်းကျအောင် ပြုလုပ်နိုင်မှ လူဖြစ်ရကျိုးနပ်လေသည်။ ရဟန်းဖြစ်ရကျိုးနပ်သည်။ အသိသည် ဘယ်ဘက်တောင်ပံဖြစ်လျှင် အကျင့်သည် ညာဘက်တောင်ပံ ဖြစ်သည်။ အသိနှင့် အကျင့် ညီမျှမှသာ ပျံသန်း၍ရသည်။

လူဖြစ်သော်လည်း လူလို မနေကြသူက များသည်။ လူဖြစ်ပြီး တိရစ္ဆာန်လို နေကြသူက များသည်။

မိမိ ကိုယ်ကျိုးတစ်ခုတည်းကို ကြည့်ပြီး အတ္တဖြင့် ရှင်သန်နေထိုင်သူများသည် တိရစ္ဆာန်ကဲ့သို့ ရှင်သန်နေထိုင်သူများသာ ဖြစ်သည်။ တိရစ္ဆာန်ဟူသည် ကိုယ့်အကျိုး တစ်ခုတည်းကိုသာ ကြည့်ခဲ့သည်။ 'ရှင်ဒေဝဒတ်' သည် ကိုယ့်ကျိုးတစ်ခုတည်းကိုသာ ကြည့်ခဲ့သူ ဖြစ်သည်။

လူတိုင်းသည် အချိန်ရှိသရွေ့ တစ်ခုခုကို လုပ်နေကြသည်။ သူတို့လုပ်သောအလုပ်သည် ကုသိုလ်နှင့် အကုသိုလ် အမှု (၂) ခုထဲမှ (၁)ခုသာ ဖြစ်သည်။

http://www.dhammadownload.com



ကိုယ့်အတွက် ရည်ရွယ်၍ လုပ်သောအလုပ်သည် အတ္တအပေါ် အခြေခံသည်။ ကိလေသာအပေါ် အခြေခံသည်။ အဝိဇ္ဇာအပေါ် အခြေခံသည်။ လောဘအပေါ် အခြေခံသည်။ ဒေါသအပေါ် အခြေခံသည်။ အကုသိုလ်အလုပ် ဖြစ်သည်။

အများအတွက် ရည်ရွယ်၍ လုပ်သောအလုပ်သည် အနတ္တအပေါ်တွင် အခြေခံသည်။ ဗြဟ္မစိုရ်အပေါ်တွင် အခြေခံသည်။ ဝိဇ္ဇာအပေါ်တွင် အခြေခံသည်။ အလောဘအပေါ်တွင် အခြေခံသည်။ အဒေါသအပေါ် အခြေခံသည်။ ကုသိုလ်အလုပ် ဖြစ်သည်။

ကိုယ့်အကျိုးကို မကြည့်ဘဲ အများအတွက် ရည်ရွယ်ပြီး လုပ်ဆောင်သောကြောင့် ဤအလုပ်သည် ပါရမီအလုပ် ဖြစ်သည်။ ပါရမီအလုပ် ဖြစ်လျှင် အကြောက်တရား မရှိတော့။

လောဘကို အောင်နိုင်သူသည် လောကကို အောင်နိုင်သူ ဖြစ်သည်။

ဒေါသကို အောင်နိုင်သူသည် လောကကို အောင်နိုင်သူ ဖြစ်သည်။

မာနကို အောင်နိုင်သူသည် လောကကို အောင်နိုင်သူ ဖြစ်သည်။

အတ္တကို အောင်နိုင်သူသည် လောကကို အောင်နိုင်သူ ဖြစ်သည်။

ဣဿာကို အောင်နိုင်သူသည် လောကကို အောင်နိုင်သူ ဖြစ်သည်။

မစ္ဆရိယကို အောင်နိုင်သူသည် လောကကို အောင်နိုင်သူ ဖြစ်သည်။

မောဟကို အောင်နိုင်သူသည် လောကကို အောင်နိုင်သူ ဖြစ်သည်။

'ရှင်ဒေဝဒတ်သည်' လောကကို အရှုံးပေးခဲ့ရသူ၊ ဒေါသကို အညံ့ခံခဲ့ရသူ၊ မာနအောက်၌ ဘဝကို ချေဖျက်ခဲ့ရသူ၊ အတ္တအောက်၌ ဘဝသစ်ပင်ကို စိုက်ပျိုးခဲ့ရသူ၊ ဣဿာ အဆိပ်ရည်ကို အာသာငမ်းငမ်း သောက်သုံးခဲ့ရသူ၊ မစ္ဆရိယ မီးတောက်များဖြင့် ပူလောင်ခဲ့ရသူ၊ မောဟ အမှောင်လမ်းတွင် စမ်းတဝါးဝါးဖြင့် လျှောက်လှမ်းခဲ့ရသူ ဖြစ်သည်။

သူသည် လူတစ်ယောက်ဖြစ်ခဲ့သော်လည်း လောကကို အောင်နိုင်သူ မဖြစ်ခဲ့။

http://www.dhammadownload.com



နောက်ဆုံး 'ရှင်ဒေဝဒတ်' သည် သူ၏ မကောင်းမှုကံကြောင့် သွေးပွက်ပွက် အန်လေတော့သည်။

ကရုဏာစိတ်ဖြင့် အမှန်ဆိုရပါလျှင် 'ရှင်ဒေဝဒတ်' ၏ ဘဝသည် သနားစရာလည်း ကောင်းသည်။ ရင်နင့်ဖွယ်ရာလည်း ကောင်းသည်။ သူ့ကြောင့် ငါ၏ ပါရမီတော်ကို ဖော်ပြခွင့် ရခဲ့သည်။ သူ့ကြောင့် ငါ၏ ဂုဏ်သတင်း ပို၍ ကျော်စောခဲ့သည်။ တကယ်တမ်းတော့ သူသည် ငါ၏ ပါရမီဖြည့်ဖက်တစ်ဦးဟု ဆို၍ရသည်။

ငါ သီတင်းသုံးရာ သာဝတ္ထိသို့ သူ၏ အမှားများကို တောင်းပန်ရန်အတွက် ဇေတဝန်ကျောင်းသို့အလာ ကျောင်းတော်အနီးရှိ ရေကန်အနီး မြေမျို၍ အသက်ဆုံးပါးခဲ့ရသည်။ သူ သေဆုံးသည်ဟု ကြားသိကြရသော လူအပေါင်းတို့သည် လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီး ပွဲလမ်းသဘင်များပင် ကျင်းပသည်အထိ ဖြစ်ခဲ့ရသည်။

ဤသည်ကား ကျေးဇူးတရားကို မသိသောသူတို့၏ သွားရာလမ်း ဖြစ်သည်။ အတ္တသမားတို့၏ သွားရာလမ်း ဖြစ်သည်။

အသင်တို့ တွေးကြည့်ကြစမ်းပါ။

စဉ်းစားကြည့်စမ်းပါ ချစ်သားတို့။

မတရားပြုမူသူ၊ တရားမရှိသူတို့ သွားရာလမ်းသည် အထင်အရှား ရှိနေကြောင်း 'ရှင်ဒေဝဒတ်' က သူ၏ အသက်နှင့် ဂုဏ်သိက္ခာရင်းပြီး ပြသွားခဲ့ပြီ။

ကိုယ်၏ အပြုအမူကို ကိုယ်သိသည်။ ကိုယ်၏ ကုသိုလ်ကို ကိုယ် သိသည်။ ကိုယ်၏ အကုသိုလ်ကိုလည်း ကိုယ် သိသည်။ ကိုယ်၏ မာနကိုလည်း ကိုယ် သိသည်။ ကိုယ်၏ အတ္တကိုလည်း ကိုယ် သိသည်။ ကိုယ်ပြုခဲ့သော 'ကံ' များ၏ အကျိုးဆက်ကို ကိုယ့်ကိုယ်တိုင် ခံစားရမည်သာ ဖြစ်သည်။ လူစားထိုး၍ မရ။ အကုသိုလ်၏ အကျိုးဆက်ကိုလည်း ရှောင်လွှဲ၍ မရ။ မည်သည့် နေရာတွင်မှ ပုန်းကွယ်၍ မရ။ အချိန်ကာလတစ်ခုမှာ အကျိုးပေးတတ်သည်။

ဒါကြောင့် ကောင်းမှုကို ရဲရဲဝံ့ဝံ့ ဆက်၍လုပ်ပါ ချစ်သား။

http://www.dhammadownload.com



မကောင်းမှုကိုလည်း မကောင်းမှုဟု သိသည့်အချိန်ကစပြီး ရဲရဲဝံ့ဝံ့ ပြုပြင်လိုက်စမ်းပါ ချစ်သားတို့။

နောက်ထပ် တစ်ခု စဉ်းစားကြည့်ကြစမ်းပါဦး။

သွေးတော်တိုင်း ဆွေမျိုးတော်သည် မဟုတ်ကြောင်းကို 'ရှင်ဒေဝဒတ်' က ပြခဲ့ပြန်သည်။

သူသည် ငါ၏ သွေးအရင်း ဖြစ်သည်။ တကယ်တော့ သွေးတူတိုင်း ဆွေမျိုးမဟုတ်။ အတွေးတူမှ အမြင်တူမှ အယူအဆတူမှ ဆွေမျိုး ဖြစ်သည်။ ငါနှင့် သွေးမနီးသော ငါ့အမျိုးအနွယ်နှင့် မတူသော ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့သည် ငါနှင့် အတွေးတူသည်။ အမြင်တူသည်။ အယူအဆတူသည်။ ဒါကြောင့် သွေးအရင်းဖြစ်တိုင်း ဆွေမျိုးဟု စွဲလမ်းစိတ်ဖြင့် သောက မပွားသင့်။

ကိုယ့်သွေးသားရင်းချာများက ပေးလာသည့် ဒုက္ခနှင့် သောကများကို ရင်ဆိုင်ဖြေရှင်းပြီး အတွေးအမြင် အယူအဆ တူသောသူများအား ကိုယ့်ဆွေမျိုးအရင်းကဲ့သို့ တစ်သားတည်းဖြစ်အောင် ပေါင်းဖော်ဖို့ နောက်မတွန့်ပါနဲ့ ချစ်သားတို့။

ကိုယ့်သွေးသားရင်းချာများက ပေးလာသော ဒုက္ခကို ခံစားမနေစမ်းပါနဲ့ ချစ်သားတို့။

ကိုယ့်ရည်မှန်းချက်အတိုင်း လောကအကျိုးကို ဆက်၍ လုပ်လိုက်စမ်းပါ။

လောကကြီးတွင် ကလျာဏမိတ္တဟု ခေါ်သော အဆွေခင်ပွန်းကောင်း၊ ဆရာကောင်း၊ သမားကောင်း ရှိခြင်းသည် အရေးကြီးကြောင်းကို 'အဇာတသတ်' နှင့် 'ရှင်ဒေဝဒတ်' ဆရာတပည့် (၂) ယောက်၏ ဖြစ်စဉ်ကို ကြည့်ပြီး သင်ခန်းစာ ယူနိုင်သည်။

လူတစ်ယောက်အတွက် ကျန်းမာရေး၊ ဥစ္စာဓန၊ ကျော်စောမှုနှင့် ယုံကြည် ကိုးကွယ်မှုတို့သည် ကလျာဏမိတ္တဟု ခေါ်သော အဆွေခင်ပွန်းကောင်း၊ မိတ်ဆွေကောင်းတို့လောက် အရေးမကြီးပါ။ ဒါကြောင့် ငါက မင်္ဂလသုတ်တော်မှာ လူမိုက်ကို မပေါင်းနှင့်။ ပညာရှိကို မှီဝဲဆည်းကပ်ပါဟု ပထမဆုံး အချက်အနေဖြင့် ဟောပြ၊ ပြောပြခြင်း ဖြစ်သည်။

http://www.dhammadownload.com



အဆွေခင်ပွန်းကောင်းရှိလျှင် ကျန်းမာရေး၊ ဥစ္စာဓနေ၊ ကျော်စောမှုနှင့် ယုံကြည် ကိုးကွယ်မှုတို့လည်း အားလုံး ဖြစ်ထွန်းနိုင်သည်။ အဆွေခင်ပွန်းကောင်း မရှိလျှင် အားလုံး ဆုတ်ယုတ်နိုင်သည်။

ဒါကြောင့် ဆရာဆိုး၏ တပည့်သည် လူတော်ဖြစ်ချင်ဖြစ်နိုင်မည်။ လူကောင်း မဖြစ်နိုင်။

လူလိမ္မာအား မှီဝဲ ဆည်းကပ်ပါ ချစ်သား။ အတ္တကြီးသူများ၊ တစ်ကိုယ်ကောင်းဆန်သူများ၊ ကိုယ့်အကျိုးကိုသာ ကြည့်တတ်သူများသည် လူမိုက်များ ဖြစ်ကြသည်။ မကောင်းတာကို ပြောဆိုသူ၊ မကောင်းတာကို ကြံစည်သူ၊ မကောင်းတာကို လုပ်ဆောင်သူများသည် လူမိုက်များ ဖြစ်ကြသည်။ လူ့တိရစ္ဆာန်များ ဖြစ်ကြသည်။ သူတို့နှင့် မပေါင်းဖော်မိပါစေနှင့် ချစ်သား။ လူကောင်းဖြစ်ရန်အတွက် ဆရာ အရွေးမမှားဖို့ အရေးကြီးသည်။

ဆရာ အရွေးမှားမှန်းသိလျှင်လည်း သိသည့်အချိန်မှစ၍ အမှန်ကို ရဲရဲဝံ့ဝံ့ကြီး ပြုပြင်လိုက်စမ်းပါ ချစ်သားတို့။

ချစ်သားတို့။ နောက်ထပ်တစ်ခု တွေးကြည့်ကြပါဦးစို့။

လူတော်တွေ လူကောင်းဖြစ်ဖို့ ပိုအရေးကြီးသည်။

စွမ်းရည်ရှိသောသူများသည် စိတ်ကောင်းရှိဖို့ ပို၍ အရေးကြီးသည်။ 'ရှင်ဒေဝဒတ်' ၏ ဖြစ်စဉ်ကို ကြည့်လျှင် သိနိုင်သည်။ 'လူတော်လူမိုက်' ကြီးစိုးခြင်းသည်၊ သို့မဟုတ် စွမ်းရည်ရှိပြီး စိတ်ကောင်းမရှိသူများ ကြီးစိုးနေခြင်းသည် လောကကြီးအတွက် ဆုံးရှုံးမှုသာ ဖြစ်သည်။ လောကကြီးအတွက် ပူလောင်မှုကိုသာ ဖြစ်စေသည်။ လောကကြီးအတွက် ပျက်စီးမှုကိုသာ ဖြစ်စေသည်။

ထိုသို့ လူတော်များ လူကောင်းမဖြစ်ခြင်းနှင့် စွမ်းရည်ရှိသူများ စိတ်ကောင်းမရှိခြင်းသည် သူ၏ လက်ရှိဘဝအတွက်၊ သူ၏ သံသရာဘဝအတွက် ပူလောင်မှုများဖြင့် နှောင်ဖွဲ့ထားသလို သူနှင့် ဆက်စပ်ရာ ပတ်ဝန်းကျင် တစ်ခုလုံးသည်လည်း သောကဖြင့် နေထိုင်နေကြရသည်။ ထို့ကြောင့် ကိုယ်ကိုယ်တိုင် လူတော်လူကောင်း မဖြစ်ခဲ့သော်မှ လူတော်လူမိုက် မဖြစ်ဖို့ ကြိုးစားပါ။ လူတော်လူမိုက်ကြီးဖြစ်သော 'ရှင်ဒေဝဒတ်' ကြောင့် ငါ၏

http://www.dhammadownload.com



သာသနာတော် ညှိုးနွမ်းခဲ့ရသလို လူအများကလည်း စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရသည် ချစ်သား။

'ရှင်ဒေဝဒတ်' လို လူစားများနှင့် တွေ့ခဲ့လျှင်လည်း ယုံကြည်ချက် အတွက် ခိုင်ကျည်သော စိတ်ဖြင့် ကိုယ့်ရည်မှန်းချက်ကို ရောက်အောင် လျှောက်လှမ်းပါလေ ချစ်သား။

ငါသည်ပင် ငါ၏ သွေးသားရင်းချာများက အမျိုးမျိုးသော ဒုက္ခပေး ခြင်းကို ခံခဲ့ရသေးသည်။ သင်သည်လည်း ဒုက္ခပေးတတ်သော မောင်နှမ သားချင်းများ၊ မိတ်ဆွေများနှင့် တွေ့ခဲ့လျှင် ကိုယ့်အတွက် ပါရမီ ရင့်ကျက် စေရန် အထောက်အပံ့ပေးသူဟု သဘောထားလိုက်စမ်းပါ ချစ်သား။

အားငယ်မနေပါနှင့် ချစ်သား။

ရိုးသားမှုကို စွန့်ပယ်ပြီး အများအကျိုးအတွက် မစဉ်းစားဘဲ ကိုယ့် အတ္တနှင့် ကိုယ့်အကျိုးကိုသာ ရှေ့တန်းတင်၍ လူအများကို လှည့်စား လိမ်ညာ သူသည် သူကိုယ်တိုင်ပင် ဒုက္ခရောက်တတ်ကြောင်း 'ရှင်ဒေဝဒတ်' က နမူနာပြခဲ့ပြီ ချစ်သား။

သင်သည်လည်း ကိုယ်ကျင့်တရားမဲ့သော ပညာရှင်၊ ပညာရှိ လူမိုက်၊ အတ္တကြီးသော လူရမ်းကားတစ်ယောက် မဖြစ်ပါစေနဲ့။

**ဦးဘုန်း (ဓာတု)**

http://www.dhammadownload.com

# ညီမျှခြင်းနဲ့ အရသာ

လောကကြီးသည် ယှဉ်ပြိုင်၍နေ၏။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ယှဉ်ပြိုင်နေ၏။ တစ်ခါတစ်ရံ အချင်းချင်း ယှဉ်ပြိုင်နေ၏။ တစ်ခါတစ်ရံ ပတ်ဝန်းကျင်နှင့် ယှဉ်ပြိုင်နေ၏။ တစ်ခါတစ်ရံ တစ်ယောက်တည်း ယှဉ်ပြိုင်နေ၏။ တချို့ကမူ "ဘယ်သူနဲ့မှ မယှဉ်ပြိုင် ကိုယ့်ကိုယ်ကိုယ်ပဲ ယှဉ်ပါတယ်" ဟုလည်း ဆိုကြ၏။ "မနေ့က ကျွန်တော်နဲ့ ဒီနေ့ ကျွန်တော်ပဲ ယှဉ်ပြိုင်ပါတယ်"ဟုလည်း အပြစ်ကင်းကင်းဆို၍ ယှဉ်ပြိုင်ကြသူတွေလည်း ရှိ၏။ ကိုယ်တိုင်ကား ဘယ်သူနဲ့မှ မယှဉ်ပြိုင်သူများ၊ ယှဉ်ပြိုင်နေသည်ကို လက်ပိုက်ကြည့်တတ်သူတွေလည်း ရှိပြီး တစ်ပါးသူတွေကို ဝေဖန်တတ်သူတွေလည်း ရှိနေ၏။ မည်သို့ပင်ဆိုစေ ကိုယ့်အကြောင်းကို ကိုယ်တိုင်သာ အသိဆုံး ဖြစ်ပေလိမ့်မည်။

မိတ်ဆွေတစ်ယောက်က "ရှေ့က သွားမည့်သူရှိလျှင် ကိုယ်က နောက်က လိုက်ဖို့ ကူညီဖို့ အဆင်သင့်ပဲ။ ဒါမှမဟုတ် ကိုယ့်ကို ရှေ့က တင်မယ်။ သူက နောက်က လိုက်မယ်ဆိုရင်လည်း ကိုယ်က ရှေ့က ဦးဆောင်ဖို့ အဆင်သင့်ပါပဲ"ဟု ဆိုဖူး၏။ "ကိုယ်က သူ့နောက်က လိုက်ပြီး လိုအပ်သလို ကူညီပေးနေတာတောင် တွဲမခေါ်ဘူး၊ ဒါကြောင့် နေရစ်လိုက်တယ်" ဟု ပြောဖူးသူလည်း ရှိနေပြန်၏။ "ဘုရားဟော အရှိသား။ အတ္တာဟိ အတ္တနော နာထောတဲ့၊ ကိုယ့်ကိုယ်ကိုယ် အဓိက အားကိုးရမှာပဲ၊ ကိုယ့်ဘဝ

http://www.dhammadownload.com



ကို ကိုယ်တိုင် ရပ်တည်တာက အကောင်းဆုံး'' ဟု ဆိုလာသူတွေလည်း ရှိနေလေ၏။ တစ်ယောက်နှင့် တစ်ယောက် အတွေးအခေါ်၊ အယူအဆ၊ ထင်မြင်ချက်တို့ တူညီနိုင်မှုမရှိသည်မှာလည်း သေချာ၍ နေပေ၏။ သဘာဝလည်း ကျ၏။ လူတိုင်း ကိုယ့်ပန်းတိုင်နှင့်ကိုယ်၊ ကိုယ့်ယုံကြည်ချက်နှင့်ကိုယ် ချီတက်နေကြ၏။ ဆောင်ရွက်နေကြ၏။ လှုပ်ရှားရုန်းကန်နေကြ၏။

စာရေးသူ ခရီးသွားရင်းနှင့် မိတ်ဆွေဖြစ်ခဲ့သူတစ်ဦးက ''အတူတူ ပန်းဝင်တဲ့ စနစ်ကို ကျင့်သုံးရမယ်'' ဟု ဆိုသည်။ သူ၏ အတူတူ ပန်းဝင်ခြင်း စနစ်နှင့် ပတ်သက်သည့် ယုန်နှင့်လိပ် ပုံပြင်ကို ပြောပြ၏။ ယင်းပုံပြင်ကား သုံးပုဒ်ရှိ၏။ ဇာတ်ကောင်က အတူတူပင်ဖြစ်၏။ ပထမ ပုံပြင်တွင် ယုန်နှင့်လိပ် အပြေးပြိုင်ကြရာ လိပ်က တာလွှတ်သည်မှ စ၍ ကြိုးစားပြီး ပြေး၏။ ယုန်က အေးဆေးစွာ အိပ်နေ၏။ လိပ်က ဦးစွာပန်းဝင်ပြီး တစ်ရေးနိုးမှ ထပြေးသည့်ယုန်က ကျရှုံးလေ၏။ ယင်းပြိုင်ပွဲတွင် ယုန်က လိပ်ထက် စွမ်းအင်များ အခြေအနေများ ရှိနေပါလျက် ရှုံးသွားရ၏။ ရှုံးသွားခြင်းမှာ ပြိုင်ဘက်ကို အထင်သေးခြင်း၊ မိမိကိုယ်ကို အထင်ကြီးလွန်းခြင်း၊ ကြိုးစားအားထုတ်မှု မရှိခြင်း၊ နည်းစနစ်မရှိခြင်းတို့ကြောင့် ဖြစ်လေ၏။

ယုန်နှင့် လိပ်တို့ ဒုတိယအကြိမ် ပြိုင်ပွဲဝင်ကြပြန်၏။ ယုန်က ပထမပြိုင်ပွဲမှာ ပန်းမဝင်နိုင်၍ အနိုင်ရရန် အာရုံစိုက်ပြီး စွမ်းအား အပြည့်အနက်ဖြင့် ပြိုင်ပွဲဝင်ခဲ့၏။ ကြိုးစားအားထုတ်ထား၏။ ရလဒ်ကား အပြတ်အသတ် အနိုင်ရရှိသွား၏။

တတိယအကြိမ် ပြိုင်ပွဲကို ယုန်နှင့် လိပ်တို့ ပြိုင်ကြပြန်၏။ စည်းကမ်းနဲ့ စနစ်ကို လိပ်က သတ်မှတ်၏။ ကုန်းကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်း၊ အစဉ်အတိုင်း လမ်းကြောင်း သုံးခုနှင့် ပြိုင်ပွဲကို ရေလမ်းကြောင်း တစ်ခုတိုးပြီး သတ်မှတ်လိုက်၏။ ယုန်သည် ဒုတိယ ပြိုင်ပွဲမှာ အနိုင်ရရှိခဲ့ခြင်းကြောင့် ဤအကြိမ်မှာလည်း သူသာပင် နိုင်လိမ့်မည်ဟု ယုံကြည်မှု လွန်ကဲထား၏။ တာလွှတ်သည်နှင့် ယုန်က အားသွန်ခွန်စိုက် ပြေးလေတော့၏။ ကုန်းလမ်းကြောင်းကို အလွယ်တကူ ကျော်ဖြတ်နိုင်ခဲ့

၏။ ရေလမ်းကြောင်းရောက်လျှင် မလုပ်တတ် မကိုင်တတ် ထိုင်ပြီးမှိုင်နေရ၏။ လိပ်က ပြေးလာပြီး ရေထဲဆင်းကူး ဖြတ်ကျော်ကာ ယုန်ကို အေးအေးဆေးဆေး အနိုင်ရသွားတော့၏။ သည်ပြိုင်ပွဲတွင် ယုန်က မိမိ၏ အားသာချက်၊ အားနည်းချက်များကို ဂရုတစိုက် မရှိခြင်းကြောင့် ရှုံးနိမ့်သွားရ၏။

စတုတ္ထအကြိမ် ပြိုင်ပွဲဝင်ကြပြန်၏။ လမ်းကြောင်းကို တတိယအကြိမ် ပြိုင်ပွဲအတိုင်းပင် သတ်မှတ်ထား၏။ ပြိုင်ပွဲစနစ်ကို ပြောင်းလဲလိုက်၏။ အတူတူ ပန်းဝင်ရမည့်စနစ် ဖြစ်၏။ တာစ၍ လွှတ်သည်နှင့် ယုန်က လိပ်ကို ကျောပေါ်တင်၍ ပြေးလေ၏။ ရေလမ်းရောက်သည့်အခါ လိပ်က ယုန်ကို ကျောပေါ်တင်ပြီး ပြေး၏။ နောက်ကုန်းလမ်းရောက်ပြန်လျှင် ယုန်က လိပ်ကို ကျောပေါ်တင်၍ ပြေး၏။ ယုန်နှင့်လိပ် အတူတူ ပန်းဝင်သွားကြလေ၏။ သူတို့ ပန်းဝင်သွားကြသည်နှင့် ပြိုင်တူပြောလိုက်သော စကားမှာ-

"အရင်က ရခဲ့တဲ့ ပီတိထက် ဝမ်းသာမှုထက် ယခု နောက်ဆုံးပန်းတိုင်ကို အတူတူရောက်လို့ရတဲ့ ပီတိတွေ ဝမ်းသာ ကြည်နူးမှုတွေက မနှိုင်းယှဉ်သာအောင် ကြီးကျယ် မြင့်မြတ်လှပါပေတယ်" ဟု ဖြစ်၏။

သူတို့ အတူတူ ပန်းဝင်သည့်စနစ်ကြောင့် ရရှိခဲ့သော အပြန်အလှန် မုဒိတာစကားက လွန်စွာ တန်ဖိုးရှိလှပေ၏။ ထိုပုံပြင်တွင် ထပ်မံ တွေးတောစရာ၊ မြင်ကြည့်စရာ၊ သုံးသပ်စရာ၊ နှိုင်းယှဉ်စရာ၊ သင်ခန်းစာ ယူစရာများနှင့် ပြည့်နှက်နေသေး၏။

ဤစနစ်ကို တစ်ယောက် အောင်မြင်လျှင် ကျန်တစ်ယောက်က မုဒိတာပွားပေးသောစနစ်ဟုဆိုလျှင် မှားနိုင်မည် မထင်ပါ။ မိမိ အောင်မြင်သည့်နည်းတူ မိတ်ဆွေကိုလည်း အောင်မြင်အောင် ဆောင်ရွက်ပေး၏။ အောင်မြင်မှုကို သူရောကိုယ်ပါ ရရှိရန် အပြန်အလှန် အားထုတ်ပေးကြ၏။ သားစဉ်မြေးဆက် ဆက်လက်၍ အောင်မြင်မှုကို ထိန်းနိုင်လာခဲ့ကြ၏။ ယင်းပုဂ္ဂိုလ်တို့ စီးပွားဖက်ဖြစ်လာကြ၏။ နောက် မိမိတို့ သားသမီးများပါ အပြန်အလှန် ရှေ့ဂဟေဆက်နိုင်ကြ၍ အဆင်ပြေလှသော အသိုင်းအဝိုင်းတစ်ခု ရရှိလာ၏။ ယင်းသို့ ရရှိသော အကျိုးတရားဖြင့် ကျယ်ပြန့်လှသော လူ့ဘောင်လောက တိုးတက်ရေးအတွက် ပရဟိတတွေ များစွာဆောင်ရွက်

http://www.dhammadownload.com



ပေးနိုင်ဖို့ လိုအပ်လှ၏။ ဆောင်ရွက်လည်း ဆောင်ရွက်ပေးနေကြ၏။ ထို သူတို့ကား အတူတူ ပန်းဝင်သောစနစ်ကို ကျင့်သုံးသူများဖြစ်၏။ ထိုသူများ လောကတွင် များများလိုအပ်လျက်ရှိ၏။

ယခုခေတ်သည် အစစအရာရာ ယှဉ်ပြိုင်၊ ရင်ဆိုင်နေသည့် ခေတ်အခါသို့ ရောက်နေ၏။ အောင်မြင်မှု ရရှိသည့်တိုင် သူနိုင် ကိုယ်နိုင် ပြိုင်ဆိုင် နိုင်းတုနေမည့်အစား အတူတူအောင်မြင်လျှင် ပို၍ကောင်းပေလိမ့် မည်။ ဤသို့ ညီမျှခြင်းပါသော အောင်မြင်မှုကို ရရှိပြီး အများအကျိုးရှိနိုင် ရန်မှာ အဘိဇ္ဈာ၊ ဣဿာ၊ မစ္ဆရိယ၊ မာနတရားများကိုကား ဘေးသို့ဖယ် ထားရပေလိမ့်မည်။ ပြင်သင့်သည်ကို ပြင်၊ ပြောင်းသင့်သည့်မှုကို ပြောင်း၊ ယူသင့်သည့်စနစ်ကို ယူရမည်။ ကိုယ်နေထိုင်ရာ ဆယ်ပေပတ်လည် အခန်း ကျဉ်းကလေးထဲက စိတ်ထားမျိုးကို အဝေးသို့ လွှင့်ထုတ်ပစ်သင့်လှ၏။ သို့မှသာ အတူတူ ပန်းဝင်ခြင်းစနစ်နှင့် လောကကြီး သာယာလှပနေပေလိမ့် မည်။ လောကကြီး သာယာလှပမှုကို လိုလားတောင့်တကြသည် မဟုတ်ပါ လား။ အတူတူ ပန်းဝင်ကြပါစို့။

**ဘုန်းမိုးသွန်း (မုံရွာ)**

http://www.dhammadownload.com

# တကယ့်ဒုက္ခငြိမ်းရာ

ဘုန်းဘုန်း··· မြန်မာပြည် ပြန်ကြွသွားတော့ မြန်မာပြည်က ဒကာ၊ဒကာမ တွေက ဘုန်းဘုန်းကို အားကျလို့တဲ့။

သူတို့က နေ့စဉ် မြန်မာ့အသံနဲ့ မြဝတီက ထုတ်လွှင့်နေတဲ့ ကိုရီးယား ဇာတ်လမ်းတွေ ကြည့်ပြီး ကိုရီးယားကို အရမ်းအထင်ကြီးနေကြတယ်လေ၊ ဒါကြောင့် ကိုရီးယားရောက်နေတဲ့ ဘုန်းဘုန်းကိုလည်း အားကျတာ နေမှာ ပါ၊ ဇာတ်ကားတွေထဲမှာ ပြတဲ့ တိုးတက်လှတဲ့ ကိုရီးယားနိုင်ငံကို ကြည့်ပြီး ကိုရီးယားနိုင်ငံသားတွေ ကံကောင်းလိုက်ကြတာလို့ တွေးနေကြတယ်နဲ့ တူပါ တယ်။ ကိုယ့်နိုင်ငံမှာ နေ့စဉ် မြင်တွေ့ခံစားနေရတဲ့ ဆင်းရဲမှုတွေ၊ ကိုယ်ကျင့် တရား ပျက်ပြားမှု စတာတွေကို သူများနိုင်ငံရဲ့ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှု တွေ၊ သန့်ရှင်းသပ်ရပ်မှုတွေ၊ ခေတ်မီမှုတွေ၊ လူနေမှုပုံစံ မြင့်မားမှုတွေ စတာ တွေနဲ့ နှိုင်းယှဉ်ကြည့်လိုက်တော့ ရုပ်ပိုင်းဆိုင်ရာ တိုးတက်တဲ့ နိုင်ငံကို ပိုပြီး အားကျကုန်တယ်နဲ့ တူပါတယ်။ သူတို့ကိုယ်တိုင် အားကျရုံနဲ့ မကျေနပ် သေးဘူး၊ ဘုန်းဘုန်းကိုတောင် အဆစ်ထည့်လိုက်ကြသေးတယ်။

"အရှင်ဘုရားတို့ပဲ ကောင်းပါတယ်၊ အေးအေးဆေးဆေး နေရ တယ်၊ ဘာမှပူစရာ မရှိဘူး၊ ဒုက္ခငြိမ်းတယ်၊ အဲဒီမှာ လူဖြစ်ရတာတောင် ပိုကောင်းသေးတယ်၊ မြန်မာပြည်ကို ပြန်ကြွမလာနဲ့တော့၊ ဒီမှာဆို ဆင်းရဲ ဒုက္ခတွေနဲ့ပဲ တွေ့နေရမှာ၊ ဟိုမှာဆိုတော့ အရှင်ဘုရားအတွက် ဘာမှပူစရာ မရှိဘူး၊ အရှင်ဘုရားတို့ကတော့ ဒုက္ခငြိမ်းတဲ့နေရာကို ရောက်နေသလိုပဲ၊ အားကျလိုက်တာဘုရား" တဲ့။

http://www.dhammadownload.com



စတဲ့ စတဲ့ အပြောတွေနဲ့ သူတို့အမြင်၊ သူတို့အတွေး၊ သူတို့အားကျမှုတွေနဲ့ ကရားရေလွှတ် ပြောဆိုလျှောက်ထားကြပါတယ်။

"အင်း ဟုတ်မှာပါလေ၊ သူတို့လည်း ပုထုဇဉ်လူသားတွေပဲဆိုတော့ ကိုယ့်မှာမရှိတော့ သူများရှိတဲ့အရာတွေကို ကြည့်ပြီး အားကျမိမှာပေါ့၊ သူများတွေ နေသလို၊ ဝတ်သလို၊ စားသလို၊ နေချင် ဝတ်ချင် စားချင်ကြမှာပေါ့။ ဒါကြောင့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်တဲ့ နိုင်ငံကို အားကျနေကြတာဖြစ်မှာပေါ့၊ ကိုယ်နဲ့ နှိုင်းယှဉ်ပြီး ကိုယ့်ဒုက္ခလောက် သူတို့ ဒုက္ခတွေက မကြီးဘူးလို့ မြင်တော့ ဒုက္ခမရှိဘူးလို့ ထင်ကြမှာပေါ့" စတဲ့ ဖြေတွေးများဖြင့်ပဲ မြန်မာဘက်က တွေးကြည့်လိုက်ပါတယ်။

ဒါပေမဲ့ အကြောင်းတိုက်ဆိုင်တဲ့အခါ ဘဝရဲ့ အလှနဲ့ ဘဝရဲ့ အမှန်ကို ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုတွေအပေါ် အားကျနေတဲ့သူတွေကို ဓမ္မအနှစ်သာရများနဲ့ ချိန်ထိုးပြီး ပြောပြဖြစ်ပါတယ်။

အမှန်တော့ လောကကြီးတစ်ခုလုံးကို မြေအဆုံး လျှောက်သွားပြီး လျှောက်ကြည့်ကြည့်လိုက်ပါ။ ဘယ်နေရာမှာပဲဖြစ်ဖြစ် ဒုက္ခငြိမ်းတဲ့ နေရာဆိုတာ မရှိပါဘူး၊ သူ့နေရာ သူ့ဒေသ သူ့ဒုက္ခနဲ့ သူကတော့ ရှိနေကြတာပါပဲ။ မြန်မာတွေ အားကျတဲ့ ကိုရီးယားမှာလည်း ကိုရီးယားဒုက္ခ၊ ဂျပန်မှာလည်း ဂျပန်ဒုက္ခ၊ စင်္ကာပူမှာလည်း စင်္ကာပူဒုက္ခ၊ နောက် တစ်ကမ္ဘာလုံးက အထင်ကြီးပြီး သွားချင်နေတဲ့ အမေရိကန်မှာလည်း အမေရိကန်ဒုက္ခ စတဲ့ ဒီကမ္ဘာကြီးရဲ့ ဘယ်နေရာ၊ ဘယ်နိုင်ငံမှာမဆို ဆင်းရဲဒုက္ခတွေက သူ့နေရာနဲ့သူ၊ သူ့လူမျိုးနဲ့ သူ ရှိနေကြပါတယ်။ တကယ်တော့ ဒီခန္ဓာကိုယ်ကြီးကိုက ဒုက္ခအစုကြီးဖြစ်နေတာပါ။ ခန္ဓာဝန်ဒုက္ခကြီး ရှိနေသမျှ သတ္တဝါတိုင်း ဒုက္ခကိုယ်စီ ရှိနေကြပါတယ်။ ခန္ဓာရှိလို့ ဒုက္ခရှိနေတာဖြစ်တဲ့အတွက် ခန္ဓာအစုကြီးကို ပိုင်ဆိုင်ထားတဲ့ သတ္တဝါမှန်သမျှ ဘယ်နေရာ ဘယ်ဒေသ ဘယ်နိုင်ငံမှာမဆို ဒုက္ခကတော့ရှိနေမှာ အမှန်ပဲ၊ လောကကြီးတစ်ခုလုံးကို ကြည့်လိုက်ရင် သတ္တဝါတွေ ဘာကြောင့် ဒုက္ခဖြစ်နေကြသလဲလို့ ကြည့်လိုက်ရင် ဒီခန္ဓာအစုရှိနေကြလို့ပဲဆိုတာ ရှင်းနေပါတယ်။ ခန္ဓာရှိတဲ့အတွက် စားဖို့၊ ဝတ်ဖို့၊ နေဖို့ ရှာဖွေ လုပ်ကိုင်နေကြရပါတယ်၊ ဒီလို လုပ်ကိုင်နေရသမျှ ဒုက္ခကိုယ်စီ ရှိလာ

http://www.dhammadownload.com



ရတော့တာပါပဲ၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုတွေ ရှိနေတဲ့အတွက် လုပ်ကိုင်ရှာဖွေရတာ အနည်းငယ် သက်သောင့်သက်သာ ရှိတယ်၊ မပင်မပန်းရှိတယ်လို့ ထင်နေရပေမယ့် ရုပ်နာမ်ခန္ဓာအစုကို ပိုင်ဆိုင်ထားကြတာ ဖြစ်တဲ့အတွက် အမြဲမပြတ် ဒီခန္ဓာကိုယ်ကြီးရဲ့ ဖောက်ပြန်ပျက်စီးမှု ဒုက္ခတွေကတော့ အလွန်အင်မတန် တိုးတက်ပါတယ်ဆိုတဲ့ နိုင်ငံတွေမှာလည်း ရှိနေကြတာပါပဲ။ ဒီသဘောတရား ရှိနေလို့လည်း ဗုဒ္ဓက ဒုက္ခသစ္စာကို ထုတ်နုတ်ပြခဲ့ခြင်း ဖြစ်ပါတယ်။

ဘုရားရှင်က "ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ မချစ်မနှစ်သက်သောသူ၊ မချစ်မနှစ်သက်သော အရာတို့နှင့် အတူတကွ ယှဉ်တွဲနေထိုင်ရခြင်း၊ ချစ်ခင်နှစ်သက်သောသူ၊ ချစ်ခင်နှစ်သက်သောအရာတို့နှင့် သေကွဲရှင်ကွဲ ကွဲရခြင်း၊ လိုချင်တောင့်တသည့်အရာကို မရခြင်းတို့သည် ဒုက္ခများဖြစ်ပြီး အချုပ်အားဖြင့် စွဲလမ်းတတ်သော ဉာဏ်ခန္ဓာကိုယ်ကြီးကပင် ဒုက္ခဖြစ်ကြောင်း" ဟောပြတော်မူပါတယ်။

ဘုရားရှင်ရဲ့ ဒီအဖွင့်ကို ကြည့်ရင် နာမ်ရုပ်နှစ်ခုနဲ့ ဖွဲ့စည်းထားတဲ့ သတ္တဝါတွေ မှန်သမျှ ဘယ်နေရာ၊ ဘယ်နိုင်ငံ၊ ဘယ်ဒေသမှာပဲရှိရှိ ဒုက္ခငြိမ်းဖို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ နောက်ထပ်တစ်ဖန် ဘဝသစ်ကို မဖြစ်စေနိုင်တော့တဲ့ ကိလေသာ ကုန်ခန်း နိဗ္ဗာန်လမ်းကို မရောက်သေးသမျှ ခန္ဓာဝန်လက်စ သိမ်းနိုင်မှာ မဟုတ်ဘဲ ခန္ဓာရှိနေသူမှန်သမျှ ဒုက္ခငြိမ်းတယ်ဆိုတာ မရှိပါဘူး။

ဒါပေမဲ့ ဘုန်းဘုန်းတို့ မြန်မာများဟာ ဒီသဘောတရားကို မေ့နေပြီး ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုကြောင့် အခိုက်အတန့် သက်သာမှု၊ စားဝတ်နေရေး အဆင်ပြေမှုတွေကို ကြည့်ကာ တိုးတက်တဲ့နိုင်ငံတွေအပေါ် အားကျနေကြပါတယ်။ တကယ်တော့ အဲဒီလို တိုးတက်တဲ့ နိုင်ငံတွေမှာက ဒုက္ခက ပိုလို့တောင် ကြီးနေပါသေးတယ်။ သူတို့ အဓိက ရင်ဆိုင်နေရတာက ကာယိက ဒုက္ခလို့ခေါ်တဲ့ ရုပ်ပိုင်းဆိုင်ရာ ဒုက္ခနဲ့၊ စေတသိက ဒုက္ခလို့ ခေါ်တဲ့ စိတ်ပိုင်းဆိုင်ရာ ဒုက္ခနှစ်မျိုးမှာ စိတ်ပိုင်းဆိုင်ရာဒုက္ခပဲ ဖြစ်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာတွေ ဘယ်လောက်ပဲ တိုးတက်တိုးတက် စိတ်ပိုင်းဆိုင်ရာ မတိုးတက်

http://www.dhammadownload.com



တဲ့ အတွက် တခြားဆင်းရဲပြီး ရုပ်ပိုင်းဆိုင်ရာ မပြည့်စုံတဲ့ နိုင်ငံတွေထက်ပိုပြီး ဒုက္ခများလှပါတယ်။ ရုပ်ချမ်းသာပေမယ့် စိတ်မချမ်းသာတဲ့အတွက် ဘယ်လိုမှ ဒုက္ခမငြိမ်းနိုင်ကြပါဘူး။ ဒါကြောင့်လည်း စိတ်မှာ ရောဂါတွေရပြီး ထစ်ခနဲဆို ကိုယ့်ကိုယ်ကိုယ် သတ်သေကြ၊ ဟိုပေါ်က ခုန်ချ၊ ဒီပေါ်က ခုန်ချနဲ့၊ လောကဓံလှိုင်း ရိုက်ခတ်မှုဒဏ် မခံနိုင်ဘဲ အလွယ်တကူ ဘဝကို အရှုံးပေးသူတွေ ဖြစ်ကုန်ကြပါတယ်။ ဟိုတစ်လောက တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ စီးပွားရေး ဂယက်ရိုက်မှု ဖြစ်တုန်းကဆို ကိုရီးယားနိုင်ငံရဲ့ မြေအောက်ဘူတာအချို့မှာ ရဲအစောင့်တွေတောင် ချထားပေးရတယ်။ အဲဒီလိုမလုပ်ရင် ရထားလာချိန် ခုန်ချပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေသူတွေ ရှိကြလို့ပါ။ ဒါဟာ ရုပ်ပိုင်းဆိုင်ရာ ဘယ်လောက်ပဲ တိုးတက် တိုးတက် စိတ်ပိုင်းဆိုင်ရာ မတိုးတက်ဘူးဆိုရင် တခြားဆင်းရဲတဲ့နိုင်ငံတွေထက်တောင် ဒုက္ခက ပိုသေးတယ်ဆိုတဲ့ သဘောကို ထင်ရှားစေပါတယ်။

နောက်ပြီး ဘုန်းဘုန်းတို့ မြန်မာပြည်ကသူအချို့ ပြောတာလေးတွေ ရှိပါတယ်၊ "ဟိုမှာဆိုတော့ အေးအေးဆေးဆေး နေရတာပေါ့"တဲ့။ ဒီစကားကို အကြောင်းအမျိုးမျိုးကြောင့် တိုးတက်ပါတယ်ဆိုတဲ့ နိုင်ငံတွေကို ရောက်နေကြတဲ့ မြန်မာလူမျိုးများကို မေးကြည့်ရင် သိနိုင်ပါတယ်၊ "သူတို့ အေးအေးဆေးဆေး နေနိုင်ကြရဲ့လား"လို့၊ အများစုကတော့ ညည်းတွားပြကြပါလိမ့်မယ်။ ကိုယ့်နိုင်ငံ မဟုတ်တဲ့အပြင် လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုစတာတွေ မတူညီတဲ့နိုင်ငံမှာရောက်နေတာ ဘယ်လိုလုပ် အေးအေးဆေးဆေး နေနိုင်ကြမှာလဲလို့ ပြောကြပါလိမ့်မယ်၊ ပြီးတော့ အဲဒီလို နိုင်ငံတွေ ရောက်လာတာဟာလည်း အေးအေးဆေးဆေးနေဖို့ ရောက်လာကြတာမှ မဟုတ်ဘဲ ကိုး၊ မိသားစု စားဝတ်နေရေးတစ်ခုခုကြောင့် သူများနိုင်ငံမှာလာပြီး ငွေရှာရတာဆိုတော့ သူများမျက်နှာ ကြည့်နေရတယ်လေ။ သူတို့ ပေးတာယူ၊ သူတို့ ခိုင်းတာလုပ်နေရတာဆိုတော့ ကိုယ့်စိတ်နဲ့သူ့ကိုယ် လုပ်ချင်လည်းလုပ်၊ မလုပ်ချင်လည်း လုပ်နေရတာ ဘယ်လိုမှ အေးအေးဆေးဆေး မရှိနိုင်ပါဘူး။ အရှင်းဆုံး ပြောရရင် နိုင်ငံရပ်ခြားကို ရောက်နေတဲ့သူ မှန်သမျှ လူပဲဖြစ်ဖြစ်၊ ဘုန်းကြီးပဲဖြစ်ဖြစ် ဘယ်သူမှ အေးအေးဆေးဆေး မရှိလှပါဘူး၊ ဒုက္ခလေး

http://www.dhammadownload.com



တွေ ကိုယ်စီရှိနေကြတာပါပဲ။ နိုင်ငံရပ်ခြားမှာ ရှိနေကြတဲ့ ဘုန်းကြီးတွေလည်း နေရေးထိုင်ရေး စားရေးဝတ်ရေး ဒုက္ခတွေ ရှိကြသလို လူတွေလည်း ရှိကြတာပါပဲ။ ကိုယ်တင်ပဲလားဆိုတော့ အဲဒီနိုင်ငံ အသီးသီးမှာရှိတဲ့ သူတို့နိုင်ငံသားတွေလည်းပဲ ဒီဒုက္ခတွေက ရှိနေကြတာပါပဲ။ သေချာဆန်းစစ်ကြည့်လိုက်တော့ ဒီဒုက္ခအားလုံးဟာ ရောက်ရှိနေထိုင်ကြတဲ့ နေရာဒေသတွေကြောင့်လို့ ဆိုတာထက် သတ္တဝါအသီးသီး ရရှိထားတဲ့ ခန္ဓာဆိုတဲ့ လောကကြီးကြောင့်ဆိုတာ သိသာထင်ရှားလှပါတယ်။

ဒီလိုဆိုရင် ရှင်းပါတယ်၊ တကယ် ဒုက္ခငြိမ်းချင်ရင် အကောင်းဆုံးနိုင်ငံ၊ အတိုးတက်ဆုံးနိုင်ငံတွေကို လိုက်ပြီး သွားလာနေထိုင်စရာ မလိုပါဘူး။ ဘယ်နေရာမှာပဲနေနေ ကိုယ့်လောက ကိုယ်ငြိမ်းအောင် လုပ်နိုင်ရင် ဒုက္ခငြိမ်းတာပဲပေါ့၊ ကိုယ့်လောကဆိုတာ ကိုယ့်ခန္ဓာကို ပြောတာပါ၊ ခန္ဓာဆိုတဲ့ ဒီအိမ်၊ ဒီလောကကြီးကို ပြောတာပါ။ ခန္ဓာကြောင့်ဆိုလို့ ခန္ဓာကြီးမရှိအောင် ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးလိုက်ရုံနဲ့တော့ အမှန်ဒုက္ခ မငြိမ်းနိုင်ပါဘူး။ တကယ်ငြိမ်းဖို့က ဒီခန္ဓာအိမ်ဆိုတဲ့ ကိုယ်ပိုင်လောကကြီးကို တည်ထောင်တဲ့ တဏှာဆိုတဲ့ လက်သမားကို အရင်တွေ့အောင်ရှာပြီး နောက်ထပ်တစ်ဖန် ဒီအိမ်ကို မဆောက်နိုင်အောင် အပြီးမောင်းထုတ်လိုက်နိုင်မှ တကယ် ငြိမ်းမှာပါ၊ ဘုရားရှင်ကိုယ်တော်တိုင် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူမူချင်း ကျူးရင့်တော်မူတဲ့ ဥဒါန်းစကားတော် ရှိပါတယ်၊

ဘုရားရှင်က "အဖန်ဖန် ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲလှစွာသောကြောင့် ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သူ တဏှာယောက်ျား လက်သမားကို ရှာသော ငါသည် ထိုတဏှာလက်သမား မြင်နိုင်သော ဉာဏ်ကို မရသေးသဖြင့် ဘဝများစွာ သံသရာမှာ လွန်စွာကျင်လည်ခဲ့ရလေပြီ။ ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော ဟယ် တဏှာ လက်သမား၊ ငါသည် သင့်ကို ပညာမျက်စိဖြင့် ယခုမြင်အပ်ပြီ၊ ခန္ဓာအိမ်ကို နောင်တစ်ဖန် သင် ဆောက်လုပ်ရမည် မဟုတ်၊ သင်၏ ကိလေသာတည်းဟူသော အခြင်ရနယ် အားလုံးကို ငါချိုးဖျက်အပ်ပြီ၊ အဝိဇ္ဇာတည်းဟူသော အိမ်အထွတ်ကို ဖျက်ဆီးအပ်ပြီ၊ ငါ၏စိတ်သည် ပြုပြင်ခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ပြီ၊ တဏှာကုန်

http://www.dhammadownload.com



ရာကုန်ကြောင်း အရဟတ္တဖိုလ်သို့ ရောက်ရှိပြီ''လို့ ဒီလို ဥဒါန်းစကား ဆိုခဲ့ပါတယ်။

မှန်ပါတယ်၊ မြတ်စွာဘုရားရှင် ကျူးရင့်တော်မူတဲ့ ဒီဥဒါန်းစကားတော်အတိုင်း ခန္ဓာအိမ်ကို ဖြစ်စေတတ်တဲ့ တဏှာကို အရဟတ္တမဂ်ဉာဏ်နဲ့ အပြီးပယ်သတ်နိုင်မှသာ နောက်ထပ်တစ်ဖန် ခန္ဓာရရှိမှု မဖြစ်တော့မှာ ဖြစ်ပါတယ်၊ ဒီခန္ဓာမရှိရင် ခန္ဓာဆိုတဲ့အိမ်မှာဖြစ်ပေါ်လာမယ့် ဒုက္ခတွေလည်း မရှိနိုင်တော့ပါဘူး၊ ဒီလိုနည်းဖြင့်သာ ဒုက္ခငြိမ်းရာအမှန် ဖြစ်စေမှာ ဖြစ်ပါတယ်။ ခန္ဓာဝန်ဒုက္ခငြိမ်းပြီဆိုရင် ဘယ်နေရာ ဘယ်ဒေသမှာပဲနေနေ ငြိမ်းနေပါပြီ။ ဒီဒုက္ခ မငြိမ်းသေးသမျှတော့ ဘယ်လောက်ပဲ တိုးတက်တဲ့ နိုင်ငံဖြစ်ပါစေ ဒုက္ခကတော့ ရှိနေကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီဒုက္ခအားလုံးရဲ့ တရားခံဖြစ်တဲ့ တဏှာကို အပြီးပိုင်ပယ်စွန့်နိုင်အောင် ကြိုးစားပြီး တကယ့် ဒုက္ခငြိမ်းရာကို ရှာကြဖို့ တိုက်တွန်းကြခြင်း ဖြစ်ပါတယ်၊ ဒုက္ခဖြစ်ကြောင်း အရင်းခံဖြစ်တဲ့ တဏှာကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်ကာ အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်မှသာ ဒုက္ခငြိမ်းရာအမှန် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှာ ဖြစ်တဲ့အတွက် လက်ရှိပစ္စုပ္ပန် အချိန်လေးကိုပဲ ဒုက္ခငြိမ်းအောင် ကြိုးစားလိုက်ကြပါဟု…။

**အရှင်ဝိစိတ္တ (မနာပဒါယီ)**

http://www.dhammadownload.com

# ကြင်နာစာနာစိတ် ထားကြည့်ပါ

ကျွန်မတို့ မြန်မာလူမျိုးတွေက ကြင်နာစာနာစိတ်ရှိကြတယ်၊ ကူညီတတ်ကြတယ်၊ သဘောကောင်း ဖော်ရွေတတ်ကြပါတယ်လို့ နိုင်ငံခြားသားများက ပြောလေ့ရှိပါတယ်။ သူတစ်ပါး ဒုက္ခရောက်နေလို့ဖြစ်စေ၊ အကူအညီလိုအပ်နေတာဖြစ်စေ ကူညီလမ်းညွှန်ပေးဖို့ ဝန်မလေးတတ်ကြဘူး။

တစ်ခါက ကျွန်မတို့ ဇလွန်ကို အသွားမှာ ကားရေတိုင်ကီပေါက်လို့ ရွာလေးတစ်ရွာရှေ့မှာ ရပ်လိုက်ရပါတယ်။ ချက်ချင်းပဲ ရွာကလူငယ်တွေရောက်လာပြီး အကူအညီ ပေးကြပါတယ်။ ဓနုဖြူကို ရောက်ဖို့ (၆) မိုင်ပဲ လိုတော့တာဖြစ်လို့ ရေထည့်ပြီး ဖြည်းဖြည်းမောင်းသွားဖို့နဲ့ ရေတိုင်ကီဖာပေးတဲ့ ဆိုင်ကိုပါ ညွှန်းပေးလိုက်ကြတယ်၊ ရွာထိပ် ဈေးဆိုင်လေးကရေသန့်ဘူးတွေ အကုန်ဝယ်လိုက်လို့ ဆိုင်ရှင်လေးလည်း ဝမ်းသာသွားပါတယ်။ ကျွန်မတို့လည်း အကူအညီပေးတဲ့ရွာက လူငယ်တွေကို ကျေးဇူးတင်စကားပြောပြီး ခရီးဆက်ခဲ့ကြပါတယ်။

ကျွန်မက အာရှတိုက်က တိုင်းပြည်အတော်များများကို ရောက်ဖူးပါတယ်။ ဥရောပတိုက်၊ အမေရိကန်၊ ဩစတြေးလျတို့ကိုတော့ မရောက်ဖူးသေးပါဘူး။ အနောက်နိုင်ငံသားတွေက မဖော်ရွေကြဘူး၊ အကူအညီရဖို့ကိုတော့ လုံးဝ မမျှော်လင့်နဲ့လို့ ပြောတာတွေ ကြားဖူးပါတယ်။ ကျွန်မတို့ရဲ့ အိမ်နီးချင်းနိုင်ငံက လူတွေကလည်း မဖော်ရွေကြပါဘူး။ ပြုံးပြကြဖို့လည်း ဝန်လေးကြသလိုပါပဲ၊ ရထားပေါ် ကားပေါ်၊ လမ်းပေါ်မှာတွေ့တဲ့ သူတွေက မျက်နှာထားတည်တည်နဲ့ ဖော်ရွေမှုမရှိကြတာ အများဆုံး တွေ့ခဲ့ရပါတယ်။

http://www.dhammadownload.com



မျိုးဆက်သစ် လူငယ်တွေကို ကြင်နာစိတ်၊ စာနာစိတ်ကလေးတွေ ရှိစေချင်ပါတယ်၊ မတော်တဆ ထိခိုက်မှုဖြစ်လို့ လူတစ်ယောက်ဒုက္ခရောက်နေတယ်ဆိုရင် တတ်နိုင်သလောက် ကူညီပေးရမှာ ဖြစ်ပါတယ်။ လမ်းပျောက်နေတယ်ဆိုရင်လည်း လမ်းညွှန်ပေးရမှာပါပဲ၊ အသက်အရွယ်ကြီးတဲ့သူတွေ လမ်းဖြတ်ကူးဖို့ အခက်တွေ့နေမယ်ဆိုရင် ကူညီပို့ပေးဖို့ လက်မနှေးစေချင်ပါဘူး။ ဒါတွေဟာ ကုသိုလ်ရတဲ့ လုပ်ဆောင်မှုတွေပါပဲ၊ လူတွေကို ကြင်ကြင်နာနာနဲ့ ကူညီဖို့ဆိုတာ ကိုယ်ချင်းစာစိတ်ရှိမှသာ လုပ်နိုင်တာ ဖြစ်ပါတယ်။ "ငါနဲ့ဘာဆိုင်လို့လဲ၊ အနေသာကြီးပါ၊ အလုပ်ရှုပ်မခံနိုင်ပါဘူး" လို့ မျက်နှာလွှဲပြီးနေမယ်ဆိုရင် လူ့တန်ဖိုးကို လျော့ပါးစေပါလိမ့်မယ်။

ကျွန်မ ဖတ်ထားတဲ့ "သူစိမ်းတွေဆီက ကြင်နာမှု" ဆိုတဲ့ တကယ့်အဖြစ်အပျက်လေးကို ဘာသာပြန်လိုက်ပါတယ်။ Alexi Sachilkidis ဆိုသူက ဒေသခံတစ်ယောက်က ကြိုးပမ်းအားထုတ်မှု အနည်းငယ်ပေးလိုက်တာက ကြီးမားတဲ့ပြောင်းလဲမှုကို ဖြစ်ပေါ်စေတဲ့အကြောင်းကို တင်ပြထားတာ ဖြစ်ပါတယ်။

"ညဉ့်သန်းခေါင်ယံအချိန်မှာ Slovenion ဆလိုဗေနီးရမ်းမြို့တော် Ljubjana ကို ရောက်သွားတော့ စိုးရိမ်ကြောင့်ကြမှုဖြစ်သွားတယ်။ ကျွန်တော်ရော ကျွန်တော်ရဲ့ အဖော်ပါ Sloven ဘာသာစကားတစ်လုံးမှ မတတ်ကြပါဘူး၊ လမ်းညွှန်စာအုပ်ကို ကိုင်ပြီး ညွှန်ပြထားတဲ့ ဟိုတယ်တွေ တည်းခိုခန်းတွေဆီကို ရောက်သွားပေမယ့် နေရာလပ်ကို မရပါဘူး၊ မြို့ရဲ့ မြေပုံကို အားကိုးပြီး ကီလို (၄၀) အလေးချိန်ရှိတဲ့ ကျောပိုးအိတ်ကိုယ်စီ၊ ဂီတာတစ်လက်ကို သယ်ဆောင်ရင်း နောက်ဆုံးမျှော်လင့်ချက်နဲ့ မြို့ဟောင်းဆီကို ချီတက်ခဲ့ကြတယ်၊ အဲဒီကိုရောက်ရှိတဲ့အခါ ကျွန်တော်တို့က ချွေးသံတရွှဲရွှဲနဲ့ ခြေကုန်လက်ပန်းကျရုံမက ကြံရာမရတဲ့စိတ်တွေ ဖြစ်ပေါ်နေပါတယ်။ နောက်ဆုံး အနီးဆုံးပန်းခြံထဲမှာ အိပ်ကြရမလိုဖြစ်နေတုန်းမှာ တူးမြောင်းတစ်လျှောက် ဖွင့်လှစ်ထားတဲ့ ဘားတစ်ခုထဲက လူရွယ်တစ်ယောက် ထွက်လာပါတယ်။

အင်္ဂလိပ်လို ကျင်လည်စွာ ပြောပြီး တည်းခိုစရာနေရာရှာဖို့ အကူအညီ လိုသလားလို့ မေးပါတယ်။ ပထမတော့ တွန့်ဆုတ်နေမိပြီး နောက်

http://www.dhammadownload.com



တော့ တကယ် အကူအညီလိုအပ်နေကြောင်း ပြောလိုက်ပါတယ်။ အချိန်မဆိုင်းဘဲ သူနဲ့ဇနီးက သူတို့ မိတ်ဆွေတွေကို ထားခဲ့ပြီး ကျွန်တော်တို့ကို ကူညီဖို့ ထွက်လာကြတယ်။ မိနစ်အနည်းငယ်အတွင်းမှာပဲ အံ့ဩဖွယ်ကောင်းတဲ့ နေရာတစ်ခုက တည်းခိုခန်းတစ်ခုရဲ့ ဧည့်ကြိုခန်းကို ရောက်သွားပါတယ်။ သူက အခန်းတွေအကြောင်းနဲ့ ဝန်ဆောင်မှုတွေကို စုံစမ်းပေးပါတယ်။ အားလုံး အဆင်ပြေသွားလို့ ကျွန်တော်တို့ ဝမ်းသာရပါတယ်။ သူက အဆင်ပြေပြေ တည်းခိုနိုင်ပါစေလို့ နှုတ်ဆက်စကားပြောပြီး နောက်နေ့မှာ သွားသင့်တဲ့နေရာတွေကို အကြံပေး ညွှန်ပြပေးသွားပါတယ်။

သူတို့စုံတွဲက မိတ်ဆွေတွေနဲ့ အပြင်ထွက်တဲ့ညကို ဖျက်သိမ်းခဲ့ပြီး ခြေကုန်လက်ပန်းကျနေတဲ့ သူစိမ်းနှစ်ယောက်ကို ကူညီခဲ့ပါတယ်။ အဲဒီစာနာစိတ်နဲ့ ကူညီမှုလေးက Slovenia မှာ နေခဲ့သမျှနေ့တွေတိုင်း စိတ်ချမ်းသာခဲ့ကြပါတယ်။ နေခဲ့ရတဲ့အချိန်တိုင်း ပြည့်ပြည့်ဝဝ ပျော်ရွှင်ခဲ့ကြပါတယ်။

ဒေသခံတစ်ယောက်ရဲ့ အနည်းငယ်သော အားထုတ်ကူညီမှုလေးတစ်ခုက ပန်းလျှနွမ်းနယ်နေတဲ့ ခရီးသွားတွေအတွက် ကြီးမားတဲ့ ပြောင်းလဲမှုကို ရစေနိုင်ပါတယ်။

ကျွန်တော်ရဲ့ ဇာတိမြို့က နိုင်ငံရပ်ခြား ဧည့်သည်တွေကို ကြိုဆိုဧည့်ခံတဲ့နေရာ ဖြစ်ပါတယ်။ အရင်က ကျွန်တော်က ဘာသိဘာသာနေတတ်ခဲ့ပေမယ့် အခုအခါမှာတော့ ဧည့်သည်တွေ လမ်းပျောက်ပြီး ဒုက္ခရောက်နေတာတွေ့ရင် သက်သက်မဲ့သွားပြီး လိုအပ်တဲ့ အကူအညီတွေ ပေးနေပါပြီ"

Linela Pattison ဆိုတဲ့ အမျိုးသမီး ရေးထားတာလေးကိုလည်း ကြည့်စေချင်ပါတယ်။

"ကျွန်မတို့ စာကြည့်တိုက်နားက ယာဉ်ရပ်ထားတဲ့နေရာမှာ မီတာစက်တစ်လုံး ရှိပါတယ်။ အကြွေစေ့လေးတွေ ထည့်လိုက်ရင် တစ်နာရီနှစ်နာရီရပ်နားနိုင်တဲ့ လက်မှတ်လေး ထွက်လာပြီး ကားရှေ့မှာ ထောင်ထားလိုက်ရုံပါပဲ။

လွန်ခဲ့တဲ့ နှစ်လလောက်က အမျိုးသမီးတစ်ယောက်က သူ့ကားထွက်ခါနီးမှာ လက်မှတ်ကို ပေးခဲ့ပါတယ်။ နောက်ထပ် တစ်နာရီလောက် ရပ်နားလို့ ရပါသေးတယ်၊ တကယ့် မေတ္တာလက်ဆောင်ပါပဲ၊ ကားထဲမှာ

http://www.dhammadownload.com



အကြွေစေ့တွေ ရှာစရာ မလိုတော့ပါဘူး၊ နောက်တစ်ခါမှာလည်း တစ်စုံတစ်ယောက်က (၄၅) မိနစ်လောက်ကျန်သေးတဲ့ လက်မှတ်လေး ချန်ထားရစ်တာတွေ တွေ့ရလို့ ကံကောင်းတဲ့ ကျွန်မ သုံးစွဲခွင့်ရပါတယ်။

အဲဒီကားရပ်နားရာ နေရာကနေ နတ်သမီးက စေ့ဆော်ပေးတဲ့အတွက် ကျွန်မက အဲဒီလိုနည်းလမ်းကို ကျင့်သုံးခဲ့ပါတယ်။ ကျွန်မမှာ ငွေအကြွေစေ့တွေ များများရှိရင် ကျွန်မ ကားရပ်နားလိုတဲ့အချိန်ထက် ပိုတဲ့ လက်မှတ်ကို ရယူပြီး ကံကောင်းတဲ့သူအတွက် ထားခဲ့ပါတယ်။ တစ်စုံတစ်ယောက်ရဲ့ နေ့တစ်နေ့ကို ကြည်လင်တောက်ပစေတဲ့ အပြုအမူသေးသေးလေး လုပ်ဆောင်ပေးရတာက တကယ့်ကို ချစ်စရာ ကြည်နူးစရာကောင်းတဲ့ ခံစားမှုလေးပဲ ဖြစ်ပါတော့တယ်”

ဒီလို အကြင်နာတရားရှိတဲ့ လူတွေရဲ့အကြောင်းကိုသိရတာ ကြည်နူးစရာကောင်းပါတယ်။ အသေးအဖွဲလေးဖြစ်ပါစေ တစ်စုံတစ်ယောက် အဆင်ပြေပြေနဲ့ စိတ်ချမ်းသာသွားအောင် လုပ်ဆောင်ပေးနိုင်မယ်ဆိုရင် နှစ်ဦးနှစ်ဖက် စိတ်ချမ်းသာကြမယ် မဟုတ်ပါလား။

ဖေဖော်ဝါရီလက စစ်ကိုင်းတောင်က ကြည်ညိုစရာကောင်းလှတဲ့ မြစကြာ စာသင်တိုက်မှာ သံဃာ (၂၄၀) ကို ကျွန်မတို့မိသားစု ဆွမ်းကပ်ပြီး လှူသင့်တာတွေ လှူကြပါတယ်။ ဆွမ်းလောင်းနေကြစဉ်မှာ ပြင်သစ်လူမျိုး စုံတွဲ နှစ်စုံတွဲနဲ့ ဂိုက်တစ်ယောက် ရောက်လာကြတယ်။ အမျိုးသမီးတစ်ယောက်က မြန်မာထဘီကို ဝတ်ထားပါတယ်။ ကျွန်မက ဆွမ်းလောင်းဖို့ ဖိတ်ခေါ်တော့ ဝမ်းသာအားရနဲ့ ဆွမ်းဝင်လောင်းကြပါတယ်။ မနက်စာကိုလည်း ကျွေးလိုက်ပါတယ်။ ငရုတ်သီးစပ်တဲ့ဟင်းတွေ မပါလို့ စားနိုင်ကြတာတွေ တွေ့ရတော့ ကျွန်မ ဝမ်းသာရပါတယ်၊ ပြန်ခါနီးတော့ ကျေးဇူးတင်ကြောင်း ပြောပြပြီး နှုတ်ဆက်ကြတော့ ကျန်တဲ့အမျိုးသမီးက သူ စကပ်နဲ့ လာမိတာ ရှက်မိကြောင်းနဲ့ နောက်တစ်ခါလာရင် မြန်မာထဘီ ဝတ်လာမယ်လို့ ပြောသွားပါတယ်၊ သူ့အပြောလေးကို ကျွန်မရဲ့ မိတ်ဆွေတွေက သဘောကျခဲ့ကြပါတယ်။ သူတို့စိတ်ကို ပျော်ရွှင်အောင်လုပ်ပေးလိုက်ရတာကို ကျွန်မရင်ထဲက တကယ်ပဲ ကြည်နူးမိပါကြောင်း မျှဝေပေးလိုက်ပါတယ်။

http://www.dhammadownload.com



**We can't help everyone, but everyone can help someone.**

**(Dr.Loretta Scolt)**

ကျွန်ုပ်တို့က လူတိုင်းကိုတော့ မကူညီနိုင်ပါဘူး။ ဒါပေမဲ့ လူတိုင်းကတော့ တစ်စုံတစ်ယောက်ကို ကူညီနိုင်ပါတယ်။

ခင်စောတင့်

http://www.dhammadownload.com

# ပီတိ

## "ဆရာဟူသည် တပည့်မရှား၊ တစ်ပြားမရှိ ပီတိကိုစား အားရှိပါ၏"

ကျွန်မသည် စာရေးသူအမည်ကို မမှတ်မိတော့ပါ၊ ဤမမှတ်မိသော ကဗျာလေးကို ကျွန်မစိတ်တွင် အထပ်ထပ် ရွတ်ဆိုနေမိသည်။ အဘယ့်ကြောင့်ဆိုသော် ကျောင်းဆရာမ မဟုတ်တော့သော်လည်း ယနေ့ပီတိကိုစား အားရှိနေသောကြောင့် ဖြစ်ပါသည်။

ကျမသည် အသက် (၆၀) ပြည့်၍ ပင်စင်ယူထားသော အငြိမ်းစား ဆရာမတစ်ဦး ဖြစ်ပါသည်။ အငြိမ်းစားယူပြီးနောက် ကျွန်မတို့ ဇနီးမောင်နှံ တစ်သက်လုံး စုဆောင်းမိသမျှ ငွေလေးနှင့် အဆောင်ကလေး ဆောက်ပြီး တက္ကသိုလ်ကျောင်းသားများအဆောင် ဖွင့်ထားပါသည်။ ဆရာမဘဝနှင့် ကျောင်းသားများကို စာသင်ခြင်း၊ အုပ်ချုပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ဆက်ဆံခြင်း များ ပြုခဲ့သော ကျွန်မသည် ယခုမှ ပုံစံမတူသော ပတ်ဝန်းကျင်ကို ရင်ဆိုင်ရတော့သည်။ ကိုယ်က အဆောင်နေ ကျောင်းသားများကို တပည့်များသဖွယ် စောင့်ရှောက်၍ ဆုံးမကြီးကြပ်ရာ သူတို့က အဆောင်ပိုင်ရှင်တစ်ဦးအဖြစ်သာ လက်ခံ၍ ကျွန်မ မေတ္တာ၊ စေတနာများကို လက်မခံသောကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



တစ်ခါသော် ကျွန်မ အဆောင်မှ ကျောင်းသားတစ်ဦးသည် သူငယ်ချင်း တစ်ယောက်ကို ခေါ်လာ၍ ကျွန်မ အဆောင်၌ လက်ခံရန် ပြောပါသည်။ ခေါ်လာသူ ကျောင်းသားသစ်၏ ပုံသဏ္ဌာန်၊ ပြောဟန်ဆိုဟန်များကို ကျွန်မ မနှစ်သက်၍ လက်မခံလိုက်ပါ။ ကျွန်မအဆောင်မှ ကျောင်းသားမှာ သူ့ သူငယ်ချင်းကို လက်မခံ၍ သူပါမနေတော့ဘဲ အဆောင်ပြောင်းသွားခဲ့သည်။

ကျွန်မ အဆောင်တွင် ထားရှိသော စည်းကမ်း၊ ကျွန်မ၏ ဆိုဆုံးမ စကားများ၊ ကျွန်မ၏ စေတနာ၊ မေတ္တာများကို ကျော်ခိုင်းသွား၍ များစွာ စိတ်မကောင်းဖြစ်မိသည်။ စည်းကမ်း၏ တန်ဖိုး၊ မေတ္တာ၏ မွန်မြတ်အေးချမ်း မှုများကိုလည်း သူ နားလည်ဟန်မတူပါ။ သို့သော် ကျွန်မ တားနေလည်း ထူးခြားမည် မဟုတ်သဖြင့် လက်ပိုက်ကြည့်နေလိုက်ရသည်။

မကြာမီ ပြောင်းသွားသော ကျောင်းသား၏ဆိုင်ကယ်ပျောက်ကြောင်း သတင်းကို ကြားရပြီးနောက် သူ့ကို ညဉ့်သိုးသိုး၊ ဖိုသီဖတ်သီဖြင့် တွေ့ရကာ ထိုနှစ် သူ စာမေးပွဲကျကြောင်း စိတ်မကောင်းစွာ သိရှိရပြန်သည်။ လူငယ်များ ကို ပြုစုပျိုးထောင်ရာတွင် 'လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘ' ဟု ဆိုထားရာ မိဘတို့သည် အရေးကြီးလှပါသည်။ သားသမီးက ခေါင်းငြိမ့် လိုက်လျှင် လိုချင်တာ အကုန်ပေး၊ ပြောတာ အကုန်ယုံတတ်ကြပါသည်။ အကျိုးအကြောင်း အဆိုးအကောင်း ပြောဆိုဆုံးမမှု၊ ကွင်းဆင်းလေ့လာ မှု၊ လမ်းညွှန်မှုနည်းပြီး သားသမီးလိုသောငွေ ပေးနိုင်လျှင်၊ တောင်းသော ငွေပေးနိုင်လျှင် တာဝန်ကျေပြီဟု ယူဆသော မိဘများ များစွာရှိနေပါသည်။ သားသမီးယုံ စုံလုံးကန်းဟူသော စကားပုံပင် ရှိလာရသည်မဟုတ်ပါလား။

ကျွန်မ အဆောင်တွင် အမျိုးမျိုးသော လူငယ်များကို တွေ့ရပါသည်။ သူ့သားသည် အေးအေးဆေးဆေး ကုပ်ကုပ်နေတတ်သူဟု ပြောသော ကျောင်းသားသည် သူ့အမေပြန်သည်နှင့် အဆောင်မကပ်တော့ပါ။ "သား လေးက လက်ဖက်ရည်ဆိုင် ထိုင်တတ်တာ မဟုတ်ဘူး၊ ထမင်းပဲ အဓိက စားတတ်တယ်" ဟု ပြောသော ကလေး၏ ထမင်းအိုးထဲမှ ထမင်းများ ခဏတိုင်း သွန်ပစ်နေသည်ကို တွေ့ရတတ်ပြန်ပါသည်။ စေတနာကောင်းပြီး ကျွေးချင် မွေးချင်စိတ်ရှိသော လူငယ်တစ်ဦးမှာလည်း သူတစ်ပါး စက်ဘီး

http://www.dhammadownload.com



ခိုးပြီး ရောင်းစားကြောင်း သိရပါသည်။ ဆိုင်ကယ်ကို ရက်ရက်ရောရော ငှားတတ်သူ၊ အားမနာတမ်း ငှားစီးတတ်သူ၊ အဝတ်အစားများကို ဖြောင်းဆန်အောင် လဲလှယ်ဝတ်နေကြသူ စသည် မျိုးစုံလှပါသည်။ လူငယ်တို့၏ လွတ်လပ်လိုမှု၊ အတုယူမှားမှု၊ အပေါင်းအသင်းမက်မှု၊ အလှကြိုက်မှုများ၏ ပြယုဂ်များ ဖြစ်ပါသည်။

ယဉ်ကျေးသော၊ လူကြီးသူမများကို လေးစားတတ်သော၊ စာကြိုးစားသော၊ ကူညီရိုင်းပင်းတတ်သော၊ အားလပ်ချိန်ကို အကျိုးရှိရှိ အသုံးချတတ်ပြီး စည်းကမ်းကောင်းသော လူငယ်များကို တွေ့ရသကဲ့သို့ ရိုင်းရိုင်းစိုင်းစိုင်း လူငယ်များ၊ စည်းကမ်းမဲ့သော လူငယ်များလည်း တွေ့ရပါသည်။ ထိုအခါ ကျွန်မမှာ စိတ်ညစ်သော်လည်း စိတ်ရှည်ရှည်ထားကာ ယဉ်ကျေးလာအောင်၊ စည်းကမ်းလိုက်နာတတ်လာအောင် ပြုပြင်ပေးရပါသည်။

ဒီကနေ့ ကျွန်မအဆောင်မှ သူငယ်ချင်းကို လက်မခံလို့ဟူသော အကြောင်းပြချက်ဖြင့် ထွက်သွားသော လူငယ် ကျွန်မ အိမ်ကို ရောက်လာသည်။

"ကျွန်တော် စာမေးပွဲအောင်တယ် ဆရာမ၊ လွတ်လွတ်ကျွတ်ကျွတ် အောင်တာ၊ Supple မထိဘူး ဆရာမ"

"အေး ဆရာမ ဝမ်းသာပါတယ်ကွာ"

"ဆရာမ"

"အေး ပြော၊ ဘာလဲ သား"

"တက္ကသိုလ်ဆိုတာကို ရောက်လာတော့ ကျွန်တော်ဟာ ရေအိုင်လေးထဲက ငါး ရေအိုင်ကြီးထဲရောက်လာသလို လွတ်လွတ်လပ်လပ် ကူးခပ်မိပါတယ် ဆရာမ"

"အမယ် အမယ် မင်းစကားတွေက ဆန်းလှချေလား၊ ပြောစမ်းပါဦး"

"နောက်တော့ အတွေ့အကြုံ၊ သတင်း၊ အကြား၊ အမြင်တွေ များလာပြီး ဆရာမ အဆောင်ရဲ့ စည်းကမ်းတွေဟာ အပိုမဟုတ် လိုတာတွေချည်းဆိုတာ သိလာတယ်၊ ကျောင်းမှန်မှန်သွားဖို့၊ စာကျက်ဖို့၊ Tutorial မှန်မှန်ဖြေဖို့၊ အချိန်နဲ့ အဆောင်ပြန်ဖို့၊ အပျော်မကြူးဖို့၊ ရန်ရှောင်ဖို့ စတဲ့ စကားများ

http://www.dhammadownload.com



နဲ့ ဆော်ဩခြင်း၊ ဆုံးမခြင်းပြုပေးတဲ့ ဆရာမ စေတနာတွေကိုလည်း သား နားလည်လာတယ်"

"အေး ဆရာမ ဝမ်းသာပါတယ်ကွာ"

"ဒါတင် မကသေးဘူး ဆရာမ"

"အေး ဆိုပါဦး သား"

"ဆရာမ ပြောပြောနေတဲ့ '*အပေါင်းကြောင့် ဂုဏ်ပျက်၊ အပေါင်းကြောင့် ဂုဏ်တက်*' ဆိုတဲ့ စကားပုံရဲ့ တန်းဖိုး တက္ကသိုလ်ပညာ ဆိုတဲ့ အပေါင်းရလဒ်၊ ပေ့ါပေ့ါတွေး၊ ပေ့ါပေ့ါပြော၊ ပေ့ါပေ့ါနေတတ်တဲ့ အနုတ် ရလဒ်၊ ဒီနှစ်ခုမှာ မင်းတို့ အပေါင်းတန်ဖိုးရအောင်ယူ၊ အနုတ်တွေ မများ စေနဲ့၊ အနုတ်များရင် မင်းတို့ ဘဝရှုံးမှာပေ့ါ ဆိုတဲ့ စကားလေးတွေရဲ့ တန်ဖိုး ကို သိနားလည်လာပါပြီ ဆရာမ၊ ဒီစကားတွေကို လေးလေးနက်နက် ယုံကြည် လက်ခံပြီး လိုက်နာကျင့်သုံးတတ်ပါပြီ ဆရာမ"

"သာဓုပါကွာ၊ သာဓု သာဓု"

ကျွန်မမှာ သာဓုခေါ်ရင်း ပီတိတွေ စိမ့်ဝင်သွားပါသည်။ ကျွန်မ၏ စိတ်ရှည်သည်းခံကာ စေတနာထားမှုတွေများမှ ရရှိလာသော ပီတိများသည် ကျွန်မဘဝအတွက် ခွန်အားများပင် ဖြစ်ပါသည်။ တစ်ခုတော့ ရှိပါသည်။ စိတ်ရှည်ခြင်း၊ သည်းခံခြင်းသည် အတိုင်းအတာတစ်ခုအထိသာ ရှိကြောင်း ကိုတော့ လူငယ်များကို သိစေရခြင်း ဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော် ဆိုးသော လူငယ်လေးများသည် ခွင့်လွှတ်မှု၊ နားလည်မှုများကို အခွင့်ကောင်းယူ၍ ဖြစ်ပါသည်။

ယေဘုယျအားဖြင့် စည်းကမ်းလိုက်နာသူများသည် ကိုယ်စိတ်နှစ်ပါး ယဉ်ကျေးသူများ ဖြစ်ကြပါသည်။ အိမ်စည်းကမ်း၊ ကျောင်းစည်းကမ်း၊ လမ်း စည်းကမ်း၊ ရပ်စည်းကမ်းမှ နိုင်ငံတော်ဥပဒေများအထိ စည်းကမ်းအမျိုးမျိုး၊ အဆင့်ဆင့်ကို မိဘများ၊ ဆရာများ၊ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူ အသီးသီးမှ ဘက်စုံ၊ ရှုထောင့်စုံမှ လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် လိမ္မာယဉ်ကျေးသော အသိပညာရှင်၊ အတတ်ပညာရှင် နိုင်ငံ့သားကောင်းများကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ ပြုစုပျိုးထောင်ခွင့်ရ၍ ဝမ်းသာကျေနပ်ကာ ပီတိဖြစ်ရပါ

http://www.dhammadownload.com



သည်။ လူငယ်တိုင်း လူကြီးတို့ကို နားလည်၍ လူကြီးတိုင်း လူငယ်များကို နားလည်ပြီး ကိုယ့်တာဝန်ကိုယ် ကျေပွန်ကြပါက "ပီတိများသည် ထက်အောက်စုန်ဆန်ပြီး စီးဆင်းကာ "ပီတိလှိုင်း" များပေါ်တွင် လူသားတို့ဘဝ ချမ်းမြေ့သာယာရှိကြမည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း တင်ပြအပ်ပါသည်။

ယဉ်မေခင် (မုံရွာ)

http://www.dhammadownload.com

# သခင်စိတ် ဆိုသည်မှာ

**"အေး…၊ မင်း သူများအလုပ်ကို လုပ်တဲ့အခါ ကိုယ့်မိသားစု အလုပ်၊ ကိုယ်ပိုင်အလုပ်လို သဘောထားပြီး လုပ်ရတယ်။ အဲဒီလိုမလုပ်ရင် ဗေဒင်သွားမမေးနဲ့ ဘယ်တော့မှ ကြီးပွားမှာ မဟုတ်ဘူး၊ ဘယ်တော့မှလည်း တိုးတက်မှာ မဟုတ်ဘူး။ ကိုယ့်အလုပ်လို သဘောထားပြီး အရှင်သခင်စိတ် ရှိရတယ်။ ဒါမှ ကြီးပွားမှာ"**

အထက်ပါ စကားတစ်ခွန်းသည် လွန်စွာတန်ဖိုးရှိသောစကား ဖြစ်သည်ဟု စာရေးသူ မှတ်ယူထားမိသည်။ မှတ်ယူထားမိခြင်းနှင့်အတူ မိတ်ဆွေများကိုလည်း ပြောပြသည်။ ထိုဝေါဟာရ စကားလုံးများသည် စာအုပ်များစွာမှ ရရှိသော အတွေးဖြစ်သည်။ ယင်းစကားရပ်ကို လုပ်ငန်းရှင်မိတ်ဆွေများ၏ ဝန်ထမ်းများကိုလည်း ပြောပြခဲ့ဖူးသည်။ ဆုံးမဩဝါဒပေးခြင်းမျိုး မဟုတ်။ တစ်ခါတစ်ရံ ချိုချိုသာသာ၊ တစ်ခါတစ်ရံ မာန်ပါပါ။ တစ်ခါတစ်ရံ ကရုဏာဒေါသော၊ စိတ်အမျိုးမျိုးအဖုံဖုံဖြင့် ရိုးသားစွာ ပြောနေမိခြင်းသာ ဖြစ်သည်။

\+ + +

စာရေးသူ ငယ်ငယ်က ဖြစ်သည်။ အတိအကျဆိုရသော် ၁၉၈၇-ခုနှစ်ဝန်းကျင်က ဖြစ်သည်။ စာရေးသူ၏ ဦးလေးအိမ်တွင် အလုပ်လုပ်နေသော အစ်မကြီးတစ်ယောက်ရှိသည်။ သူမသည် စာရေးသူထက် ဆယ့်လေးနှစ်ခန့်မျှ ကြီးပါသည်။ သူမ အလုပ်လုပ်ရာတွင် အရှင်သခင်စိတ် ရှိသည်။

http://www.dhammadownload.com



သူ့မိသားစုအလုပ်ကို လုပ်နေရသကဲ့သို့ အစ်မကြီး၏ လုပ်ကိုင်ပုံများက စေတနာ မေတ္တာအပြည့်အဝနှင့် ဖြစ်လေသည်။ စာရေးသူတို့ကိုပင် ငယ်ငယ်က သနပ်ခါးသွေး၍ လိမ်းပေးခဲ့ဖူးသည်။ ထမင်းခူး၍ ကျွေးခဲ့ဖူးသည်။ သူ့မောင်အရင်းတစ်ယောက်လို ဆက်ဆံ ကျွေးမွေးပြုစုသည်။ မိမိ၏ အစ်မကြီးများကိုလည်း ဆွေမျိုးတော်ခြင်းကို အသာထား၍ ဆွေမျိုးထက်ပိုသော မိသားစု မေတ္တာမျိုးနှင့် သူမ ဆက်ဆံသည်။

စာရေးသူတို့နှင့် နှစ်ဝမ်းကွဲအစ်မတော်စပ်သော်လည်း သူ့ကို အစ်မအရင်းတစ်ယောက်လို ချစ်ခင်ကြသည်။ အစ်မကြီးလည်း အရွယ်ရောက်၍ အိမ်ထောင်ရက်သားကျသွားသောအခါ သူ၏ စိတ်စေတနာကြောင့် ထင်ပါသည်။ စီးပွားရေး အားလုံးအဆင်ပြေသည်။ အလုပ်ကို ရိုးသားကြိုးစား၍ လုပ်ကိုင်တတ်သောသူနှင့် အိမ်ထောင်ဖက်ရလေသည်။ သူမအတွက် မိတ်ဆွေ၊ ဆွေမျိုးများ စိတ်ချမ်းသာကြသည်။

ယခုတွေးကြည့်လိုက်မိသောအခါ အစ်မကြီးသည် မိသားစု အလုပ်ကို ဖြစ်စေ၊ သူတစ်ပါးအလုပ်ကိုဖြစ်စေ ကိုယ်ပိုင်အလုပ်ကဲ့သို့ အရင်းသခင်စိတ်ဖြင့် လုပ်ခဲ့သောကြောင့် ကြီးပွားရသည်ဟု ထင်ပါသည်။ သူ့မေတ္တာစေတနာများက ရောင်ပြန်ဟပ်ခဲ့သည်။ တောရွာတွင် နံရံကပ်တိုက်နှင့် နေထိုင်နိုင်သော ဘဝ၊ လယ်ယာကျွဲနွားနှင့် ပြည့်စုံသော ဘဝနှင့် အဆင်ပြေပြေ နေခွင့်ရခဲ့သည်။ အစ်မကြီးတွင် မောင်ငယ်များလည်း ရှိနေသည်။ အဆင်မပြေရှာသော မောင်များကိုလည်း အစ်မကြီး အမိရာ စောင့်ရှောက်မှု ပေးနိုင်ခဲ့သည်။ သားရှင်ပြု အလှူကြီးပေးသောအခါ တစ်ရွာလုံး မီးခိုးတိတ် ကျွေးနိုင်မွေးနိုင်ခဲ့သည်။ ရွာတွင်းရှိ သံဃာအားလုံးကိုလည်း ပင့်ဖိတ်လှူဒါန်းနိုင်ခဲ့သည်။ အရင်းသခင်စိတ်ရှိပြီး စိတ်ကောင်း ရှိသူသည် ဘယ်တော့မှ မဆင်းရဲတော့ပေ။ သူမ၏ အရင်းသခင်စိတ်ကြောင့် ထိုကဲ့သို့ ကြီးပွားရသည်ဟု ထင်မြင်မိနေသည်။

တစ်ဖန် စာရေးသူနှင့် မိဘ မောင်နှမလို ခင်မင်နေသော စာအုပ်ချုပ်၊ မိတ္တူဆိုင်တစ်ဆိုင်ရှိသည်။ ပျော်လည်း ရင်ဖွင့်၊ စိတ်ညစ်လည်း ရင်ဖွင့်

http://www.dhammadownload.com



ဖြစ်သောအိမ် ဖြစ်သည်။ စာရေးသူ၏ ပညာရေးကိုလည်း တတ်နိုင်သမျှ ပံ့ပိုးပေးခဲ့သူလည်းဖြစ်သဖြင့် ကျေးဇူးလည်း ကြီးပါသည်။ သူတို့မှာလည်း စာအုပ်ချုပ် အလုပ်သမားများ၊ မိတ္တူကူး အလုပ်သမားများ အချိန်ပြည့် အလုပ်များနေတတ်ကြသည်။ သူတို့ မိသားစုနှင့်က ပြောမနာ ဆိုမနာလည်း ဖြစ်သည်။

လွန်ခဲ့သော ဆယ်နှစ်ခန့် (၁၉၉၉-ခုနှစ်)က ယင်းဆိုင်တွင် အလုပ်လုပ်နေသော ဖိုးစွမ်းဆိုသော ကောင်လေးတစ်ယောက် ရှိသည်။ သူသည် နံနက် ရှစ်နာရီက စ၍ ညရှစ်နာရီအထိ အလုပ်လုပ်ရသည်။ ဆိုင်ရှင်များ မရှိ၍ သူ့ထံမှာ အပ်ထားလျှင်လည်း တိတိကျကျ လုပ်ပေးလေ့ ရှိသည်။ တစ်ခါတစ်ရံ မိတ်ဆွေဆိုင်ရှင်က အခြားအလုပ်များနှင့် ရောနေသဖြင့် ခင်မင်ရင်းနှီးသူများ၏ အလုပ်များကို ကြန့်ကြာတတ်သည်။ စာရေးသူ၏ စာအုပ်များဆို တစ်ဝါတစ်မိုး ကြာတတ်သည်။ စာရေးသူက ဆူပူညည်းညူပြောဆိုသောအခါများတွင် ပြုံးပြုံးကြီးနှင့် ငြိမ်နေတတ်လေသည်။ မောင်ဖိုးစွမ်းကတော့ အလုပ်လာအပ်သူများ၏ အလုပ်များကို တခုတ်တရဖြင့် မှတ်သားထားပြီး လုပ်ကိုင်ပေးတတ်လေသည်။ ""အလုပ်တွေများတော့လည်း မေ့တာပေါ့""ဟု သူက သူ့အလုပ်ရှင်ဘက်မှ ကာကွယ်ပေးနေတတ်သေးသည်။

မောင်ဖိုးစွမ်းက ထိုအိမ်မှာပင် နေစားရင်းဖြင့် အလုပ်ကို ပညာသင်ယူနေသလို အလုပ်လုပ်နေသူ ဖြစ်သည်။ တစ်ခါတစ်ရံ ပင်ပန်းသဖြင့် နည်းနည်းပါးပါး ညည်းညူခြင်းမှအပ အလုပ်ကို ကိုယ်ပိုင်စီးပွားရေး လုပ်သကဲ့သို့ပင် လုပ်ကိုင်တတ်သည်။ သူ့မိဘ၏ လုပ်ငန်းကို လုပ်နေသကဲ့သို့ ဖြစ်လေသည်။ မိသားစုစိတ်ဓာတ် အပြည့်အဝရှိသူဟုပင် ဆိုရမည် ထင်ပါသည်။ ဖိုးစွမ်းနှင့် မတွေ့သည်မှာ ကြာခဲ့လေပြီ။ ယခု သူသည် အရွယ်ရောက်ပြီး လူပျိုလူလွတ်ဖြင့် အေးချမ်းစွာ အလုပ်လုပ်နေပြီဖြစ်သည်။

တစ်နေ့ စာရေးဖော် မိတ်ဆွေနှင့် အအေးဆိုင်ထိုင်နေတုန်း မောင်ဖိုးစွမ်း လာပြီး နှုတ်ဆက်သဖြင့် -

""ပြောပါဦး၊ မင်းအခု ဘာတွေ လုပ်နေလဲ""ဟု မေးလိုက်၏။

http://www.dhammadownload.com



သူက ''ဆိုင်ခွဲထားတယ်လေ။ စာအုပ်လည်း ချုပ်တယ်၊ မိတ္တူလည်း ဆွဲတယ်။ ကိုယ်ပိုင်ဆိုင်လေးဖွင့်ထားတယ်။ အဲဒါ လေးလေးကျေးဇူးကြောင့်ပေါ့''ဟု သူ့ အလုပ်ရှင်၏ ကျေးဇူးတရားများကို အားရရွှင်လန်းစွာ ပြောပြနေတော့သည်။

''အေး… အဲဒါ မင်း ကံတရားက အကျိုးပေးတာပဲ။ သူများ အလုပ်တွေကို ကိုယ့်မိသားစု အလုပ်၊ ကိုယ်ပိုင်အလုပ်လို စိတ်ကောင်းထားပြီး လုပ်ခဲ့လို့ပေါ့ကွ။ အရှင်သခင်စိတ်ရှိရှိနဲ့ လုပ်ခဲ့တဲ့ မင်းရဲ့ အောင်မြင်မှုတွေကို ဂုဏ်ယူပါတယ်။ ကိုယ်ပိုင်အလုပ် ဖြစ်လာတော့လည်း အလုပ်ကို လေးလေးစားစားလုပ်ဟော့၊ မပေါ့နဲ့ ညီ၊ ဒါမှ ပိုပြီး အောင်မြင် ကြီးပွားမှာပေါ့''ဟု အားပါးတရ ပြောမိပြန်သည်။

သူ့ ဖုန်းနံပါတ်လေးကို ပေးပြီး နှုတ်ဆက်ပြန်သွားလေသည်။ သူတစ်ပါးအလုပ်ကို ကိုယ့်အလုပ်ကဲ့သို့ ကြိုးစားလုပ်ကိုင်ခဲ့သဖြင့် မောင်ဖိုးစွမ်း ယခုကဲ့သို့ တိုးတက်သော ဘဝကို ရရှိခဲ့လေသည်။

မောင်ဖိုးစွမ်း၏ ဆရာ၊ စာရေးသူ၏ မိတ်ဆွေဆီကို ရောက်တော့လည်း သူ့ဘဝ အဆင်ပြေပုံလေးကို မေးကြည့်မိပြန်သည်။

''ကျွန်တော်လည်း အဲဒီလိုပဲ ကြိုးစားခဲ့ရတာပါပဲ။ အစ်မဝမ်းကွဲတွေရဲ့ဆိုင်မှာ လုပ်ရင်းနဲ့ ကြိုးစားလာတာ ဒီအခြေအနေတိုင်း ဖြစ်လာတာပဲ၊ အခု ဒီမှာ လာအလုပ်လုပ်တဲ့ ကလေးတွေကိုလည်း ပြောထားရတယ်။ တစ်နေ့ ဆိုင်ခွဲပြီး ကိုယ်ပိုင် အလုပ် လုပ်နိုင်အောင် ကြိုးစားကြလို့ ပြောရတယ်'' ဟု ဆိုလေသည်။

မိတ်ဆွေလည်း ယခုအခါ ကိုယ်ပိုင်အိမ်နဲ့၊ ကားနဲ့ ဖုန်းနဲ့ ကျကျနန နေထိုင်နိုင်ခဲ့လေသည်။ အရှင်သခင်စိတ်၊ အရှင်သခင်စိတ်၊ လူအားလုံးကို ကြီးပွားစေနိုင်ခဲ့တာပဲ။ သို့သော်လည်း လူအားလုံးတိုင်းက အရှင်သခင်စိတ်မှ မရှိကြသည်ဘဲလေ။ အချောင်ကြီးပွားချင်စိတ်က များနေကြသည်ပဲ။ တကယ်တမ်း ကြီးပွားရေးအကြောင်းကို ပြောကြရင် အခန့်မသင့် စိတ်တောင် ဆိုးတတ်ကြသေးသည်။

http://www.dhammadownload.com



တစ်နေ့ကလည်း လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ထိုင်ရင်း အဖျော်စားပွဲထိုးအလုပ်များကို မနေနိုင်မထိုင်နိုင် အားတက်သရော ပါဝင် လုပ်ကိုင်လျက် ရှိသည့် အဖျော်ဆရာကောင်လေးကို-

"နေပါဦး ညီလေးရာ မင်းကို မေးစရာလေးရှိနေလို့" ဟု ဆိုကာ "မင်းအလုပ်က အဖျော်ပဲ မဟုတ်လား၊ ဘာလို့ အခြားအလုပ်တွေပါ လိုက်လုပ်နေတာလဲ" ဟု မေးလိုက်မိလေ၏။

ကောင်လေးက "သြော်··· အစ်ကိုတို့ရယ် ကျွန်တော်က ဆိုင်ရှင်ဖြစ်ချင်တယ်လေဗျာ။ တစ်နေ့တော့ ဆိုင်ရှင်ဖြစ်ရမယ်ဆိုပြီး ကိုယ့်အလုပ်လို သဘောထားပြီး လုပ်နေတာပါ။ ဆိုင်ရှင်ကလည်း ကျွန်တော့်ကို တစ်နေ့ကျရင် မင်း ဆိုင်ခွဲနိုင်အောင် ကြိုးစားပါ၊ မင်းကို အကူညီတွေ ပေးမယ်လို့ ပြောထားတော့ ကျွန်တော်က ဆိုင်ရှင်စိတ်ပဲ ရှိတာ၊ ဒါကြောင့် ကိုယ့်စီးပွားရေးကို လုပ်နေသလိုပဲ လုပ်နေမိတာပါဗျာ။ ဘာများဖြစ်လို့လဲ" ဟု ပြောပြီး တစ်ခုခုများ လိုအပ်သဖြင့် မကျေနပ်တာများ ရှိနေ၍လားဟု ပျာပျာသလဲနှင့် အားနာနေပုံလည်း ပေါက်နေပြန်သည်။

"ဒါဆို ညီလေး၊ ဆက်ပြီး ကြိုးစားပါ၊ မင်းက တစ်နေ့တော့ အောင်မြင်လာမှာပါ။ မင်း ကံကောင်းပါတယ်။ မင်းကလည်း အရှင်သခင်စိတ် ရှိတယ်။ မင်းရဲ့ ဆိုင်ရှင်ကလည်း အလုပ်သမားတွေအပေါ်မှာ မေတ္တာစေတနာ ရှိတယ်။ တချို့ကျတော့ အလုပ်သမားကလည်း ဆိုင်ရှင်စိတ် မရှိဘူး။ ဆိုင်ရှင်ကလည်း အလုပ်သမားက ဆိုင်ရှင်စိတ်ဖြစ်မှာကို မလိုလားဘူး။ ဒါမျိုးတွေလည်း ရှိတတ်တယ် ညီ။ ရှိလည်း ရှိနေတာပါပဲ ညီ။ မင်းသေချာပေါက် ကံကောင်းမှာပါ"

"နေပါဦး အစ်ကိုရ၊ ကျွန်တော်တို့လို ကြိုးစားနေတဲ့သူတွေကို ဆိုင်ရှင်ဖြစ်မှာ မလိုလားတဲ့ ဆိုင်ရှင်ဆိုတာ ရှိသေးလို့လား" တဲ့။ ကောင်လေးက ဆက်မေးနေမိတော့ ပြောပြဖြစ်ခဲ့ပြန်သည်။

"ရှိတာပေါ့၊ ဆိုင်တစ်ဆိုင်က အလုပ်သမားတစ်ယောက်ကို ကိုယ်က 'အေး·· မင်း သူများအလုပ်ကို လုပ်တဲ့အခါ ကိုယ့်မိသားစုရဲ့ အလုပ်၊

http://www.dhammadownload.com



ကိုယ်ပိုင်အလုပ်လို သဘောထားပြီး လုပ်ရတယ်။ အဲဒီလို မလုပ်ရင် ဗေဒင်သွားမမေးနဲ့ ဘယ်တော့မှ မင်း ကြီးပွားမှာ မဟုတ်ဘူး၊ ဘယ်တော့မှလည်း တိုးတက်မှာ မဟုတ်ဘူး။ ကိုယ့်အလုပ်လို သဘောထားပြီး အရှင်သခင်စိတ် ရှိရတယ်။ ဒါမှ ကြီးပွားတိုးတက်မှာ' လို့ ပြောခဲ့မိဖူးတယ်။ အဲဒီဆိုင်ရှင်နဲ့ ကိုယ်နဲ့က ညီအစ်ကိုမောင်နှမလို နေလာကြတာပါပဲ။ ကိုယ့်အပေါ်လည်း ကျေးဇူးတွေ အများကြီး ရှိပါတယ်။ ဒါပေမဲ့ ဘာကို အထနကောက်သွားတယ် မသိပါဘူး ညီရာ။ သူတို့ကို မကြီးပွားအောင်လုပ်တယ်၊ ကျိန်စာတိုက်တယ် ဆိုပြီးတော့ဟော့၊ ကိုယ့်နဲ့ နှစ်ပေါင်းများစွာက ခင်မင်မှုတွေ ပျက်ပြယ်ခဲ့ကြရတယ် ဆိုပါစို့ကွာ။ ကိုယ်ကတော့ မေတ္တာမပျက်ပါဘူး" ဟု ပြောပြမိနေပြန်သည်။

"ကျွန်တော်ကတော့ အစ်ကိုတို့ကို ကျေးဇူးတင်တယ်။ ဆိုင်ရှင်ကိုလည်း ကျေးဇူးတင်တယ်။ မိဘလို သဘောထားပြီး ဆက်ဆံတယ်။ ကျွန်တော် ဆိုင်ရှင်ဖြစ်လာတဲ့အခါကျရင်လည်း ကျွန်တော့် အလုပ်သမားတွေကို ဆိုင်ရှင်ဖြစ်အောင် လုပ်ပေးနိုင်တဲ့သူဖြစ်အောင် ကျွန်တော် ကြိုးစားမှာပါ"ဟု အဖျော်ဆရာ ကောင်လေး၏ စကားကို ကျွန်တော်တို့ ကြားရပြန်တော့ ကြည်နူးဝမ်းသာရပြန်သည်။

လူငယ်တွေ ထိုသို့ အရှင်သခင်စိတ်၊ ကိုယ့်အလုပ်ရှင်ကို မိဘလို အားကိုးစိတ်၊ ကျေးဇူးသိတတ်သောစိတ်များ ရှိလာကြခြင်းသည် ကောင်းသော လက္ခဏာ ဖြစ်သည်။ လူငယ်များ အရည်အချင်း ရှိကြပါသည်။ ကိုယ့်ကိုယ်ကိုယ် အားကိုးပြီး ကိုယ်ထူးကိုယ်ချွန် ကြိုးစားလိုစိတ်များ၊ စိတ်ကောင်းများ ရှိကြဖို့သာလျှင် လိုပေသည်။ ရိုးသားစွာ ကြိုးစားလုပ်ကိုင်စိတ် ရှိကြဖို့ပဲ လိုနေပါသည်။

ဘုန်းမိုးသွန်း (မုံရွာ)

http://www.dhammadownload.com

# အသိအလိမ္မာနှင့် စာပေသြဇာ

ဆရာအောင်သင်း မုံရွာသို့ လာ၍ ''ကိုယ်ကျင့်'' ခေါင်းစဉ်ဖြင့် ဟောပြော ခဲ့စဉ်က ကျွန်တော် မတက်ရောက်နိုင်ခဲ့ပါ။ စက်ဘီးလဲရာမှ ပေါင်ကျိုးနေ သောကြောင့် အိပ်ရာထဲ၌ ရှိနေခဲ့ပါသည်။ သွားရောက် နားထောင်လိုသော ဆန္ဒရှိနေခဲ့သော်လည်း အထမမြောက်ခဲ့ပါ။ ထိုအထမမြောက်သည့် အကြောင်း တစ်ရပ်တွင် ဆရာ့ဟောပြောချက်ကို ဟောပြောပွဲ ဖြစ်မြောက်ရေးကော်မတီ က တိပ်ခွေသွင်းထားမည်ဖြစ်ကြောင်း သိတာလည်း တစ်ချက်ပါပါသည်။

တစ်နေ့က ကျွန်တော့်မိတ်ဆွေ ဦးအောင်ကြီး တကူးတက လာပေး ၍ ဆရာ့ဟောပြောပွဲခွေကို ကျွန်တော် နားထောင်ရပါသည်။ မြောက်မြားစွာ သော ဥဒါဟရဏ်များဆောင်၍ ဟောပြောသွားသည်။ နားထောင်၍ မငြီးခဲ့ ပါ။ လက်ခုပ်သံများလည်း မစဲပါ။ တစ်ခါတစ်ခါ လက်ခုပ်သံများက ဆရာ့ အသံကို လွှမ်းလွှမ်းသွားတတ်သောကြောင့် မနည်း နားစိုက်ယူရပါသည်။

ဆရာ၏ ''ကိုယ်ကျင့်''ခေါင်းစဉ် ဟောပြောချက်နှင့်ပတ်သက်၍ ဆရာက ယခုခေတ်လူငယ်များ စာအုပ်ကောင်း (စာကောင်းပေကောင်းများ) ရှာဖွေ ဖတ်ရှုရန် အားပေးတိုက်တွန်းမှု ပြုထားပါသည်။ ဆရာ့ အားပေး တိုက်တွန်းချက်ကို ကျွန်တော် အများကြီး လက်ခံကြိုဆိုပါသည်။ အဘယ့် ကြောင့် ဆိုသော် ''အလိမ္မာ စာမှာရှိ'' ဆိုသော စကားကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



တစ်ခုရှိသည်မှာ စာတွင်ရှိသော အလိမ္မာကို အသုံးမချနိုင်ပါကလည်း ထိုအလိမ္မာသည် စာထဲရှိနေရုံသာ ရှိနေမည် ဖြစ်ပါသည်။ ထို့ကြောင့် စာကောင်းပေကောင်းများ လေ့လာဖတ်ရှု၍ ရလာသော ပညာဗဟုသုတကို လက်တွေ့နယ်ပယ်၌ အကျိုးရှိစွာ အသုံးမချပါက စာကောင်းပေကောင်း ဖတ်ရကျိုးနပ်မည် မဟုတ်ပါ။ အကျိုးရှိစွာ အသုံးချခွင့် မကြုံသေးသည့်တိုင် ဆင်ခြင်တတ်သည့် ကောင်းမြတ်သော စိတ်ထားကလေး မိမိ နှလုံးသားတွင် ကိန်းဝပ်နေပြီဆိုလျှင်တော့ မိမိ၌ အကျိုးမယုတ်နိုင်ဟု ယူဆပါသည်။

ယခု ကျွန်တော် ရေးနေသည့်စာသည် ဖတ်ရှု၍ အကျိုးမပြုသည့်တိုင် အကျိုးမယုတ်တန်ရာ ဟူသော စေတနာ အရင်းခံ၍ ရေးပါသည်။ သို့သော် စာဖတ်သူ၏ အခံဓာတ်က "ကြီးကျယ်ရန်ကောကွာ" ဟု ထင်မြင်ယူဆခဲ့သော် ကျွန်တော် ခံရမည်သာ ဖြစ်ပါသည်။

ကျွန်တော့်စာသည် ကျောက်ထီးတန္တု ပမာပြုလောက်အောင် ခိုင်ခံ့ထည်ဝါခြင်း မရှိပါ။ တစ်နည်းအားဖြင့် မိမိအနေဖြင့် သုတေသီ တစ်ယောက် မဟုတ်၍ ခိုင်လုံသော အကိုးအထောက်များ ပြနိုင်မည် မဟုတ်ပါ။ မိမိ ဖတ်ခဲ့ မှတ်ခဲ့သော စာများမှ ရသကို ခံစား၍ ထိုရသကိုပင် တစ်ဆင့် ပြန်လည် ဖောက်သည်ချလိုခြင်းကြောင့် မည်သည့် စာအုပ်၊ စာမျက်နှာ ဘယ်ရွေ့ဘယ်မျှ အစရှိသည့် ခိုင်လုံသော တင်ပြမှု ချို့ယွင်းအားနည်းနေမည် ဖြစ်ပါသည်။ သို့ရာတွင် ဤစာကိုဖတ်ရှုခြင်းအားဖြင့် ရွေးမျှသော ဆင်ခြင်တုံ တရားတစ်ခုခု စာဖတ်သူ ရင်ထဲ၌ လက်ခံသိမ်းပိုက်နိုင်ပြီဆိုပါက ကျွန်တော် ဝမ်းသာရမည် ဖြစ်ပါသည်။

ကျွန်တော် ယခု ကောက်နုတ်တင်ပြမည်ဖြစ်သော စာတို့မှာ ကမ္ဘာ့ဒေသ အသီးသီးတို့မှ စံပြပုဂ္ဂိုလ်တို့၏ စကားအချို့အဝက်သာ ဖြစ်ပါသည်။ ကျွန်တော့်အနေဖြင့် အရပ်ဒေသ၊ လူမျိုး၊ ဘာသာ အယူဝါဒ မည်သို့ပင် ကွဲပြားခြားနားစေကာမူ အလေးအမြတ်ပြုထိုက်သော စကားများဟု ထင်မြင်ယူဆ၍ စုစည်း တင်ပြရခြင်း ဖြစ်ပါသည်။ ကျွန်တော့် ရေးသားမှုတွင် သောင်းပြောင်းထွေလာ ပါရှိလာမည်ဖြစ်သောကြောင့် စာဖတ်သူအနေဖြင့် မိမိကြိုက်နှစ်သက်သလို ခံစားရန် ဖြစ်ပါသည်။ တူရာရွေးနုတ် ခံစားရန် ဖြစ်ပါသည်။

http://www.dhammadownload.com



**“လူဖြစ်ကာမတ္တနှင့် မြတ်နိုးစရာ မဟုတ်သေး။ လူကောင်းဖြစ်ရခြင်းသည်သာလျှင် မြတ်နိုးစရာစစ် ဖြစ်တယ်”**

ဟူသော ခရီတော် (Crito) ကထာတွင် ဆော့ခရတ္တိ၏ စကားနှင့် ဦးစွာ အစချီလိုပါသည်။

ကျွန်တော်တို့အနေဖြင့် မိမိကိုယ်မိမိ လူဖြစ်ကာမတ္တများ ဟုတ်၊ မဟုတ် ပြန်ဆင်ခြင်နိုင်စေရန်၊ ဝေဖန်သုံးသပ်ရန် နှိုးဆော်နေသည်ဟု ကျွန်တော် ခံယူမိပါသည်။ ထိုစာပိုဒ်ကလေးမှာ ဆရာဇော်ဂျီ ပြန်ဆိုခဲ့သော “ပလေတိုးနိဒါန်း” စာအုပ်၊ ခရီတော်ကထာတွင် ပါဝင်ပါသည်။

နောက်စာတစ်ပုဒ် ပြချင်ပါသည်။ ဆရာတက်တိုး ရေးခဲ့သော “သူတို့အတွေးအခေါ်မှတ်စုများ” စာအုပ်လားမသိပါ။ ကျွန်တော် ကြိုက်နှစ်သက်၍ ကူးထားခြင်း ဖြစ်ပါသည်။

**“ဤကမ္ဘာလောကကို တစ်ကြိမ်တစ်ခါသာ ဖြတ်သန်းရလိမ့်မည်ဟု ကျွန်တော် မျှော်လင့်ထားပါသည်။ ထို့ကြောင့် လူသားများအတွက် ကျွန်တော် ကောင်းတာမွန်တာကလေးများကို တတ်နိုင်သလောက် ပြုလုပ်ပါရစေ။ ကျွန်တော်၏ ချစ်ခင်ကြင်နာမှုကလေးများကို တတ်နိုင်သလောက် ပြုလုပ်ပါရစေ။ ကျွန်တော်၏ ချစ်ခင်ကြင်နာမှု ကလေးများကို တတ်နိုင်သလောက် ပြသပါရစေ။ ကျွန်တော့်ကို မတားလိုက်ကြပါနှင့်၊ မဆီးလိုက်ကြပါနှင့်။ ကျွန်တော် နောက်တစ်ဖန် ဤလူ့လောက ကမ္ဘာကို ဖြတ်သန်းခွင့်ကြုံရတော့မှာ မဟုတ်လို့ပါ”**

ယခုဖော်ပြပါ စာပိုဒ်ထဲ၌ ဗုဒ္ဓဘာသာဝင်များ ယုံကြည်လက်ခံထားသည့် သံသရာကြီးလည်နေပုံ မပါပါ။ သို့သော် လူ့လောက ရောက်တုန်းရောက်ခိုက် ကောင်းမွန်တာလေးများ ပြုလုပ်ပါရစေဆိုသော အချက်ကလေးကပင် ကောင်းမြတ်သည့်စိတ်ထား ဖွဲ့စည်းမှုကို ညွှန်းဆိုနေပါသည်။

ထို့အတူ ကျွန်တော်တို့ မြန်မာစာပေ၌ အနန္တသူရိယအမတ်ကြီး၏ “မျက်ပြေလင်္ကာ” သည် အလွန်ကောင်းပါသည်။ တခုတ်တရ ပြောဆို၊ ရွတ်ဆိုကောင်းသောလင်္ကာ ဖြစ်ပါသည်။ ထိုမျက်ပြေလင်္ကာကို အနန္တသူရိယအမတ်ကြီး ရေးခဲ့ခြင်း မဟုတ်ကြောင်း စောဒကတက်ခဲ့သည်များလည်း

http://www.dhammadownload.com



ရှိပါသည်။ အနန္တသူရိယ အမတ်ကြီး ရေးခဲ့သည့် မဟုတ်စေကာမူ ကျွန်တော်တို့မြန်မာစာပေနယ်၌ ဤကဗျာတစ်ပုဒ်ရှိနေခြင်းကပင် အလွန် ဂုဏ်ယူထိုက်နေပြီ ဖြစ်ပါသည်။

"သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း။

ရွှေအိမ်ရွှေနန်း၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တစ်သက်လျာတည်း။

ကြင်နာသနား၊ ငါ့အား မသတ်၊ ယခုလွှတ်လည်း၊ မလွတ်ကြမ္မာ၊ လူတကာတို့၊ ခန္ဓာခိုင်ကျည်၊ အတည်မမြဲ၊ ဖောက်လဲ့တတ်သည်၊ မချွတ်စသာ၊ သတ္တဝါတည်း။

ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ ယန်ခဲ့တုံ၏။ ခိုက်ကြုံဝိပါက်၊ သံသာစက်၌၊ ကြိုက်လတ်တွန်မူ၊ တုံ့မယူလို၊ ကြည်ညိုစိတ်သန်၊ သခင်မွန်ကို၊ ချန်ဘိစင်စစ်၊ အပြစ်မဲ့ရေး၊ ခွင့်လျှင်ပေး၏၊ သွေးသည်နိစ္စာ ငါ့ ခန္ဓာတည်း"

ယခု ကျွန်တော်ရေးသားတင်ပြလိုက်သည့် မျက်ပြေလင်္ကာလေးကို လူတော်တော်များများ သိဖူး၊ မှတ်ဖူး ဖတ်ဖူးကြမှာ ဖြစ်ပါသည်။ ကောင်းလှချည့်ဟု ကျွန်တော် မညွှန်းလိုတော့ပါ။ ကျွန်တော့်ရင်ဝယ် ငြိတွယ်နေ၍ တင်ပြရခြင်း ဖြစ်ပါသည်။

ဤနေရာ၌ ရင်ဝယ်ငြိတွယ်ရုံဖြင့် စာကောင်း၊ ပေကောင်း၊ ကဗျာကောင်းဟု သတ်မှတ်ရန် မဖြစ်ပါ။ အချို့သော စာများမှာ မိမိနှင့် သဘောအယူ ကိုက်ညီ၍ စာကောင်းဟု ထင်မှတ်ရသော စာပေများလည်း ရှိနိုင်ပါသည်။ စာဖတ်သူအကြိုက်နှင့်လည်း ဆိုင်သည်ဟု ကျွန်တော် ထင်ပါသည်။

အကယ်၍ စာတစ်ပုဒ်၊ ကဗျာတစ်ပုဒ်သည် မိမိ ရင်တွင်လည်း ငြိနေမည်၊ ပြန်လည်ပွားများသောအခါ၌လည်း မိမိအား အကျိုးတစ်စုံတစ်ရာကို ပေးမည်ဆိုပါက ထိုစာကို မိမိအတွက် အကျိုးပြုစာပေဟု သတ်မှတ်သော်ရနိုင်ကောင်းပါသည်။ တစ်သီးပုဂ္ဂလ ဆန်ချင်ဆန်နေမည် ဖြစ်သော်လည်း မိမိအနေဖြင့် ဤအတိုင်း ယူဆပါသည်။

http://www.dhammadownload.com



နောက်စာတစ်ပုဒ် တင်ပြလိုပါသေးသည်။ ယင်းစာမှာ အမေရိကန် သမ္မတကြီး အေဘရာဟင်လင်ကွန်း (Abraham lincoln) က ငယ်ရည်းစား အန်းရူးလက် (Ann Rulledge) တိုက်ဖွိုက်ရောဂါနှင့် သေဆုံးသွားပြီးနောက် ရွတ်ဆိုခဲ့သော သံဝေဂကဗျာ ဖြစ်ပါသည်။

ဟုတ်ပါပြီ၊ မျှော်လင့်ခြင်းနှင့် စိတ်ပျက်အားငယ်ခြင်း၊
ချမ်းမြေ့ခြင်းနဲ့ ဒုက္ခခံစားရခြင်းတို့ဟာ
နေပူပူ မိုးရွာရွာ အတူတကွ ရောနှောနေတယ်။
အပြုံးနဲ့ မျက်ရည်၊ သာယာသည့် သီချင်းသံနဲ့
ဗျိုင်းတောင်သံတို့ဟာလည်း
လှိုင်းလုံးများ တစ်လုံးပေါ်တစ်လုံး ဆင့်လာသလိုပဲ
တစ်လှည့်စီ တစ်ခါစီ ဖြစ်ပေါ်နေဆဲပါ။
နုပျိုလန်းဆန်းမှုမှ သေခြင်းတရားရဲ့ ဖျော့တော့တဲ့ဆီ၊
ခမ်းနားထည်ဝါတဲ့ ဘုံခန်းဝါက မရဏပဝါခြုံလွှမ်းထားတဲ့
လှည်းယာဉ်ဆီ
ဒီအချိန် ကာလတွေဟာ-
မျက်စိတစ်မှိတ်၊ သက်ပြင်းတစ်ရှိုက်ပဲ ကြာတာပါ၊
ဒါနဲ့များ သေမျိုးဖြစ်တဲ့ ကျွန်တော်တို့ဟာ
ဘာလို့များ မာန်မာနတွေ ထားနေကြပါလိမ့်။ ။

ယခု ကဗျာစာပိုဒ်လေးကလည်း ကျွန်တော့်ရင်မှာ ငြိနေခဲ့ပါသည်။ တစ်ခါတစ်ရံ မိမိ မာနများ ငယ်ထိပ်ရောက်လာသော အချိန်များ၌ ထိုကဗျာလေးက မိမိအား လှောင်ပြောင်နေသယောင် ခံစားရပါသည်။

တစ်ဖန် ဟိန္ဒူဘာသာဝင်များ၏ ဓမ္မတေးသံများကိုလည်း အလျဉ်း သင့်၍ တင်ပြချင်ပါသည်။ ထိုဓမ္မတေးသံ (ဗဂျမ်း) များတွင် များသောအား ဖြင့် မိမိအပြစ်ကိုဖော်ပြ၍ ဘုရားသ ခင်အား သနားတော်မူပါမည့်အကြောင်း၊ ကယ်မပါမည့်အကြောင်း၊ လောက သူ့ဘုံ၏ အရှုပ်အထွေးများမှ လွတ်လမ်းကို ပြပါမည့်အကြောင်း တောင်းပန် လျှိုးသံများဖြင့် ဖွဲ့နွဲ့သီကုံးလေ့ရှိပါသည်။ ထိုဗဂျမ်းများထဲမှ တစ်ပုဒ်ကို မိမ ကောက်ယူပြချင်ပါသည်။ ယခုတင်ပြမည့်

http://www.dhammadownload.com



ဖြစ်သော ကဗျာစာပိုဒ်မှာ ဟိန္ဒူဘာသာဖြင့် ကဗျာအဖွဲ့အနွဲ့ဖြစ်သော်လည်း မြန်မာကဗျာအဖွဲ့အနွဲ့ဖြင့် ဖော်ပြပါက ထောင့်နေ၊ တောင့်နေဖွယ်ရာ ရှိပါသည်။ ထို့ကြောင့် သဘောတရားကိုသာ အဓိကထား၍ တင်ပြလိုပါသည်။

**မွေးဖွားလာပြီးတဲ့နောက်**
**သူတော်ကောင်းတရား မပွားများတဲ့**
**ဒီခန္ဓာကိုယ် အတ္တဘောကြီးဟာ အလကားပါပဲ။**
**နောက်ဆုံး သတ္တုချကြည့်တဲ့အခါ**
**နောင်တရနေလည်း အပိုပါပဲ။**
**ပစ္စည်း ဥစ္စာ ဓန ချမ်းသာကြွယ်ဝဖို့**
**ဇနီးသားမယား သမီးသားတို့လှပဖို့**
**အတောမသတ် လောဘဇောကပ်ပြီး**
**ရှာဖွေခဲ့တဲ့ သင်ရဲ့ စည်းစိမ်ချမ်းသာဟာ ဘာမျှမဟုတ်ပါဘူး။**
**သူတော်ကောင်းတရား မေ့လျော့ထားပြီး**
**ပြေးဟယ် လွှားဟယ်နဲ့ တပေပေ ရှန်းကန်လှုပ်ရှားခဲ့တာတွေဟာ**
**သုခချမ်းသာကို မရစေခဲ့ဘူး။**
**ကာမဂုဏ်အာရုံတွေထဲမှာ ကျင်လည်ကျက်စားနေတဲ့ ပျိုရွယ်မှုဟာ**
**ကျနေလို**
**အမှောင်ရိပ်က အမြန်ရောက်လာမှာ မလွဲဧကန်ပါ။ ။**

ဟိန္ဒူဓမ္မတေးသံများတွင် ဒဿနအခြေခံလေးများနှင့် လွတ်ကင်းခဲပါသည်။ အလွန်လှပသော ကဗျာလင်္ကာအဖွဲ့များ ဖြစ်ပါသည်။ ထိုကဲ့သို့သော ဓမ္မတေးသံများနှင့် အသိအလိမ္မာများကို ပိုမိုပွားများစေနိုင်ပါသည်။

နောက်ဆုံး လက်ယာတော်ရဲ့ ရှင်သာရိပုတ္တရာ မဟာထေရ်မြတ်၏ ဘုရားသခင်ထံ လျှောက်ထားချက်ကို တင်ပြလိုပါသည်။ မည်သည့် စာအုပ်တွင် ပါခဲ့သည်ကို ကျွန်တော် မမှတ်မိပါ။

**“အရှင်ဘုရား၊ မြေကြီးသည် မိမိ ပစ်ချအပ်သော စင်ကြယ်သော အရာကို လည်းကောင်း၊ ကျင်ကြီးကျင်ငယ်၊ နှပ်၊ တံတွေး၊ သွေး၊ ပြည် စသော မစင်ကြယ်သော အရာကိုလည်းကောင်း စက်ဆုပ်ရွံရှာ**

http://www.dhammadownload.com



ခြင်း မရှိသကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်သည် မြေကြီးနှင့် တူသော စိတ်ဖြင့် နေပါသည်။

"အရှင်ဘုရား၊ ရေသည် မိမိ၌လာ၍ လျှော်ဖွပ်ကြသော စင်ကြယ်သောအရာကို လည်းကောင်း၊ ကျင်ကြီး၊ ကျင်ငယ်၊ နှပ်၊ တံတွေး၊ သွေး၊ ပြည် စသော မစင်ကြယ်သောအရာကို လည်းကောင်း စက်ဆုပ်ရွံရှာခြင်း မရှိသကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်သည် ရေနှင့် တူသောစိတ်ဖြင့် နေပါသည်။

"အရှင်ဘုရား၊ လေသည် စင်ကြယ်သောအရာကို လည်းကောင်း၊ ကျင်ကြီး၊ ကျင်ငယ်၊ နှပ်၊ တံတွေး၊ သွေး၊ ပြည် စသော မစင်ကြယ်သော အရာကို လည်းကောင်း စက်ဆုပ်ရွံရှာခြင်း မရှိသကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်သည် လေနှင့်တူသောစိတ်ဖြင့် နေပါသည်။

"အရှင်ဘုရား၊ မီးသည် စင်ကြယ်သောအရာကို လည်းကောင်း၊ ကျင်ကြီး၊ ကျင်ငယ်၊ နှပ်၊ တံတွေး၊ သွေး၊ ပြည် စသော မစင်ကြယ်သောအရာကို လည်းကောင်း စက်ဆုပ်ရွံရှာခြင်း မရှိဘဲ လောင်သကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်သည် မီးနှင့်တူသောစိတ်ဖြင့် နေပါသည်။

"အရှင်ဘုရား၊ ဖုန်သုတ်အဝတ်သည် စင်ကြယ်သောအရာကို လည်းကောင်း၊ ကျင်ကြီး၊ ကျင်ငယ်၊ နှပ်၊ တံတွေး၊ သွေး၊ ပြည်စသော မစင်ကြယ်သော အရာကို လည်းကောင်း စက်ဆုပ်ရွံရှာခြင်းမရှိဘဲ သုတ်ယူသကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်သည် ဖုန်သုတ် အဝတ်နှင့်တူသောစိတ်ဖြင့် နေပါသည်။

"အရှင်ဘုရား၊ ခွက်လက်စွဲသော၊ အဝတ်နွမ်းကိုဝတ်သော ဒွန်းစဏ္ဍားသည် ရွာနိဂုံးသို့ ဝင်သည်ရှိသော် နိမ့်ကျသော စိတ်ကို ဖြစ်စေ၍ ဝင်သကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်သည် ဒွန်းစဏ္ဍားနှင့် တူသောစိတ်ဖြင့် နေပါသည်။

"အရှင်ဘုရား၊ ဦးချိုကျိုးသော၊ ယဉ်ကျေးပြီးသော နွားလားသည်

http://www.dhammadownload.com



လမ်းဆုံလမ်းခွတို့၌ လှည့်လည်သည်ရှိသော် မည်သူ့ကိုမျှ ခြေဖြင့်လည်းကောင်း၊ ဦးချိုဖြင့် လည်းကောင်း မညှဉ်းဆဲသကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်သည် ဦးချိုကျိုးသော နွားလားနှင့်တူသော စိတ်ဖြင့် နေပါသည်။

"အရှင်ဘုရား၊ ဦးခေါင်းနှင့်တကွ ရေချိုးပြီးသော တန်ဆာဆင်လိုသည့် သဘောရှိသော ပျိုရွယ်သူသည် လည်ပင်း၌ ကပ်ငြိနေသော မြွေကောင်၊ ခွေးသေကောင်၊ လူသေကောင်ပုပ်ကို စက်ဆုပ်သကဲ့သို့ ဤအတူသာလျှင် ဤကောင်ပုပ်ကို စက်ဆုပ်ရွံရှာပါသည်။

"အရှင်ဘုရား၊ အပေါက်ကြီး၊ အပေါက်ငယ်ရှိသော အထက်အောက် ယိုကျသော ဆီအိုးကို ရွက်ဆောင်ရသကဲ့သို့ ဤအတူသာလျှင် ဤကောင်ပုပ်ကို စက်ဆုပ်ရွံရှာပါသည်။"

ကျွန်တော့်အား ဘုန်းကြီးတစ်ပါးက မိန့်ကြားဖူးပါသည်။

"ရဟန်း လူကျင့် ပါယ်လမ်းပွင့်၊ လူ ရဟန်းကျင့် စီးပွားလင့်"

ဟူ၍ ဖြစ်ပါသည်။ ရဟန်းက လူလိုကျင့်လျှင် အပါယ်ကျရောက်နိုင်၍ လူက ရဟန်းလိုကျင့်က စီးပွားရေး လစ်ဟင်းနိုင်ကြောင်း ပြောပြခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ ပုထုဇဉ်လူသားများအနေဖြင့် ဘာသာတရားကို အချိန်ပြည့် လေ့လာလိုက်စား၊ ကျင့်ကြံပွားများအားထုတ်နိုင်မည် မဟုတ်ပါ။ သို့ရာတွင် မိမိတို့ စိတ်သန္တာန်၌ ကိန်းအောင်းလျက်ရှိသော လောဘ၊ ဒေါသ မောဟ၊ မာန်မာန စသည့် ဒုစရိုက်တရားများကို အစွန်းမရောက်စေရန် အတွက် ကြိုးစား၍ ဇက်ထိန်းရမည့်တာဝန်လည်း ရှိနေပါသည်။

ထို့ကြောင့် မိမိသန္တာန်တွင် မကျေပျက်သေးသည့် ထိုမကောင်းသော စိတ်တို့အား စာပေကောင်းများ ဖတ်ရှုလေ့လာခြင်းအားဖြင့် အဆုံးစွန်ဆုံး မဟုတ်သည့်တိုင်အောင် တစ်စုံတစ်ခုသော အတိုင်းအတာတစ်ခုထိ အကျိုးသက်ရောက်စေမည့် စာများကို ရှာဖွေ ဖတ်ရှုသင့်ပါသည်။

ယခု တင်ပြခဲ့သော စာပုံကြမ်းများ (Sketches) များဖြင့် မိမိ

http://www.dhammadownload.com



ဆရာကြီးလုပ်လိုသောဆန္ဒ မရှိရိုးအမှန် ဖြစ်ပါသည်။ ရင်တွင် စွဲငြိစေသော စာများကို တစ်ဆင့် ပြန်လည် ဖောက်သည်ချခြင်းဟူ၍သာ သည်းခံခွင့်လွှတ် စိတ်ဖြင့် မှတ်ယူကြရန် ဖြစ်ပါသည်။

ထို့အတူ ဆရာအောင်သင်း၏ "ကိုယ်ကျင့်" ဟောပြောချက်ကို ဤစာဖြင့် လိုက်လှဲစွာ ထောက်ခံသမှု ပြုအပ်ပါသည်။

**အောင်နိုင်မောင် (မုံရွာ)**

http://www.dhammadownload.com

# အလံမဲ့ ခရီး

## (က)

ယနေ့ ကမ္ဘာ့ဖြစ်စဉ်စီးကြောင်းများကို ရေစီးကြမ်းသော မြစ်ရိုင်းတစ်စင်းနှင့် တင်စားချင်ပါသည်။ သင့်နိုင်ငံကား လှေတစ်စင်းနှင့်တူ၍ သင့်အမျိုးသားများကား ခရီးသွားသူများဟု ဆိုကြပါစို့။ ဤမြစ်ရိုး၌ အခြား လှေများလည်း ကိုယ်စီလှော်ခတ်ကြလျက် ခရီးသွားလှေ အားလုံးအတွက် ဝမ်းနည်းစရာကောင်းသည်က ဤမြစ်အဆုံး၌ "ဘာရှိသည်" ဟု ပြော၍မရ ဖြစ်နေခြင်းပင်။ သေချာတာကတော့ ဤမြစ်ရိုး၌ ကျောက်ချ ရပ်နား၍လည်းမရ ဖြစ်နေ၏။

ကျောက်ချရပ်နား၍ မရမည့်အတူ ဆက်လက် လှော်ခတ်ကြဖို့သာ ရှိပါသည်။ ရရာ 'တက်' ဖြင့် လှော်ခတ်ကြရပါမည်။ သင်ရသော 'တက်' သည် ဓားမတစ်ချောင်း၊ ကီးဘုတ်တစ်ခု ဖြစ်ချင် ဖြစ်မည်။ ယောက်မ တစ်ချောင်း၊ သေနတ်ဒင်တစ်ခု ဖြစ်ချင်ဖြစ်မည်။ မည်သို့သော 'တက်'ဖြစ်သည်က အရေးမကြီးပါ။ လှော်ခတ်ကြဖို့သာ အရေးကြီးပါသည်။ ကျရာတာဝန်ဖြင့် လှော်ခတ်ကြမှသာလျှင် အများနည်းတူ ရှင်သန်ခွင့်ရပါမည်။ 'လှော်' နိုင်မှ 'တော်' ကာကျသော ယနေ့ခေတ်တွင် သင် ခိုကတ်နေဖို့ မသင့်တော့ပါ။ ခိုကတ်နေသော သင့်ကို စာရေးတံမဲချပြီး မည်သူကမှတော့ မထားခဲ့ပါ။ သို့သော် သင် တစ်ယောက်ကြောင့် လှေနှာနိုင်ပါသည်။ ခရီးဖင့်ပါသည်။

http://www.dhammadownload.com



(ခ)

ယနေ့ ကမ္ဘာ့မျက်နှာစာများကို ကြည့်လျှင် နေရာဒေသတိုင်းလိုလို၌ ပြဿနာမျိုးစုံနှင့် ရင်ဆိုင်နေရသည်။ အစာရေစာ ငတ်ပြတ်မှု၊ ကပ်ရောဂါ အမျိုးမျိုးမှ နိုင်ငံရေး လိုအပ်ချက်များအထိ အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်နေရသည်။ 'ပတ်ဝန်းကျင်နှင့် အသင့်တော်ဆုံး ရှင်သန်တတ်ပါသည်' ဟု ဟာစ်ကြွေး နေသော ယနေ့လူသားကို ဆူနာမီကဲ့သို့သော သဘာဝ ဘေးအန္တရာယ်များ က စိန်ခေါ်နေပါပြီ။ တဖြည်းဖြည်း မြင့်တက်လာသော ပင်လယ်ရေမျက်နှာပြင် များနှင့် အိုဇုန်းလွှာ ပေါက်ပြဲမှုများအဆုံး စိန်ခေါ်ပွဲများကား တစ်ပွဲပြီးတစ်ပွဲ။

ယနေ့ လူသားနှစ်ယောက်က စိတ်ရူးပေါက်ပြီး ခလုတ်များ တစ်ပြိုင် နက် နှိပ်လိုက်လျှင် ကမ္ဘာကြီးတစ်ခုလုံး ပြာကျသွားနိုင်သည်ဟုဆိုလျှင် မအံ့သြလိုက်ပါနဲ့။ စိတ်ကူးယဉ် မဟုတ်တော့ပါ။ ဤလိုလူစားမျိုးများ ယနေ့ ကမ္ဘာပေါ်တွင် တစ်ယောက်ပြီးတစ်ယောက် ပေါ်ပေါက်နေပါသည်။ ကမ္ဘာ့ အရှေ့ဘက်ခြမ်းမှ လူသည် အနောက်ဘက်ခြမ်းက လူများကို သိချင်မှ သိမည်။ သို့သော် ကျွန်ုပ်တို့၏ ခေါင်မိုးများပေါ်သို့ လက်နက်ပုံးတစ်စင်း ထိုင်ရာမထ လွှတ်လိုက်၍ ရပါသည်။ ဆိုလိုချင်တာက ကျွန်ုပ်တို့၏ ယနေ့ ကမ္ဘာကြီးသည် ပေါက်ကွဲလုနီး မီးတောင်ထိပ်ဝက စိန်တုံးတစ်တုံးသာ ဖြစ် ပါသည်ဟု ဆိုလိုချင်ပါသည်။

(ဂ)

သို့သော် ပြဿနာအားလုံး၏ တရားခံမှာ မည်သည့် တန်ခိုးရှင်၊ မည်သည့် နတ်ဆိုးများမှ သယ်ဆောင်လာခြင်း မဟုတ်ပါ။ အသင်လူသား တို့ ကိုယ်တိုင်သာ ဖြစ်ပါသည်။ ပြဿနာအားလုံးနီးပါး လူသားကို အခြေခံ ၍ ဖြစ်နေခြင်းကပင် ကမ္ဘာကြီးအတွက် ကံကောင်းသည်ဟု ဆိုရပါမည်။ လူသားကို အခြေခံထားသည်ဟု ကျွန်ုပ်တို့ သိလျှင် အဖြေကား ရှင်းနေလေ ပြီ။ တရားခံလူသားကို ပြုပြင်ပေးလိုက်ရုံပင်၊ ပြုပြင်၍ ရ၊ မရကား လူသား ၏ အကောင်းမြင်စိတ်ဓာတ်များကိုပင် အားကိုးရပါမည်။

ပထမဦးဆုံးအနေဖြင့် ကျွန်ုပ်တို့၏ မာနများကို လျှော့ချဖို့ လိုပါသည်။

http://www.dhammadownload.com



လူသားဆိုသည်မှာ စကြဝဠာကြီးနှင့်ယှဉ်လျှင် သင်္ကာခဲပေါ်မှ ပုရွက်ဆိတ်လေးများသာ ဖြစ်ပါသည်။ တစ်ဖန် ကျွန်ုပ်တို့၏ အဆမတန် လိုချင်မှုများကိုလည်း လျှော့ချရပါမည်။ ငွေကြေးဓနများသည် လူသား၏ စိတ်ဓာတ်ကို ဘဝင်မြင့်တက်စေပါသည်။ လူသား၏ စစ်မှန်သော ဘဝကို မေ့လျော့စေပါသည်။ ကျွန်ုပ်တို့၏ လူမှုဘဝရေးကိစ္စများ အဆင်ပြေစေဖို့ ငွေကြေးများလိုအပ်သည်ကား မှန်ပါသည်။ သို့သော် လုံလောက်သော ငွေကြေးရှိလျှင် ကျေနပ်နိုင်ဖို့ ကြိုးစားကြရပါမည်။

အဆင်ပြေရုံ လိုချင်မှုဖြင့် ဘဝခရီးသွားရသော သင့်အတွက် အစပထမတွင် အခက်အခဲများ တွေ့ကောင်း တွေ့နိုင်ပါသည် သို့သော် နောင်တွင် အသားကျလာသောအခါ အပိုငွေကြေးဓနများသည် ဒုက္ခအထုပ်အပိုးများသာ ဖြစ်ကြောင်း သဘောပေါက်လာပါမည်။ ငွေကြေးဓန ပြည့်စုံလျှင် ဘာမဆို ဖြစ်နိုင်လိမ့်မည်ဟု မမျှော်လင့်သင့်ပေ။ အဘယ့်ကြောင့်ဆိုသော် ငွေကြေးဓနဖြင့် စိတ်ဓာတ်ကို ကျေနပ်နိုင်ဖို့ မဖြစ်သောကြောင့် ဖြစ်ပါသည်။ ဘဝ၏ အမှန်တကယ် ပျော်ရွှင်မှု ဟူသည်မှာ မိမိစိတ်တွင်သာ မူတည်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် နားလည်ဖို့ လိုပါသည်။

ထိုကဲ့သို့ နားလည်သဘောပေါက်ရင် မိမိ တစ်ဦးချင်းမှသည် လူသားအားလုံးအထိ ပြုပြင်ကြရပါမည်။ ထိုကဲ့သို့ ပြုပြင်ရေးစီမံကိန်းတွင် သဘောထား ကြီးမြတ်ဖို့လည်း လိုအပ်ပါသည်။ အသားရောင်ခွဲခြားမှု၊ နေရာဒေသခွဲခြားမှုနှင့်၊ အဆင့်အတန်းခွဲခြားမှုကို ရှောင်ကြဉ်ရပါမည်။ လူသားချင်းခွဲခြားဆက်ဆံခြင်းသည် ကြီးကျယ်မြင့်မြတ်သူတို့၏ အပြုအမူ မဟုတ်ပါ။ လူသား၏ ဆင်းရဲမွဲတေမှု၊ ချမ်းသာကြွယ်ဝမှု၊ အောင်မြင်မှု၊ ကျရှုံးမှု၊ ကျော်ကြားမှု၊ မကျော်ကြားမှု ဆိုသည်တို့မှာ လူသားတို့ကိုယ်တိုင် သတ်မှတ်ချက်နှင့် ပြုလုပ်ချက်များသာ ဖြစ်ပါသည်။

လူသားအားလုံး ကောင်းမွန်လာဖို့ဆိုသည်မှာ စိတ်ကူးယဉ်ဆန်လွန်းပြီး မဖြစ်နိုင်စရာဟု သံသယဖြစ်ဖွယ် ရှိပါသည်။ သို့သော် လူသားအားလုံးဆိုသည်မှာ လူတစ်ဦးချင်းစီဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ တစ်ဦးချင်းမှစ၍ ပြုပြင်လျှင် အားလုံး ကောင်းမွန်လာနိုင်ဖို့ ကျွန်ုပ်တို့ မျှော်လင့်နိုင်ပါသည်။

http://www.dhammadownload.com



ခြင်းချက်အနေဖြင့် ပြုပြင်၍ မရနိုင်တော့သော အချို့ လူ့စုန်းပြူးစေ့များ ရှိကောင်း ရှိနိုင်ပါသည်။ ဤကိစ္စအတွက် ကျွန်ုပ်တို့ စိုးရိမ်စရာမရှိပါ။ "ရေများ ရေနိုင်၊ မီးများမီးနိုင်" သဘောတရား၊ "အင်အား သက်ရောက်မှု" သဘောတရားအရ ထိုမကောင်းလာနိုင်သော လူများကို လက်တွဲခေါ်သွား၍ ရပါသည်။ အရေးကြီးဆုံးမှာ ကျွန်ုပ်တို့ကိုယ်တိုင် ပြုပြင်လိုစိတ်ဖြင့် ထိန်းချုပ်လိုစိတ်ရှိကြဖို့သာ လိုပါသည်။ လူသားအချင်းချင်း ကူညီရိုင်းပင်းကြရင်း တည်ငြိမ်အေးချမ်းပြီး သာယာဝပြောသော အခြေအနေများကို ဖန်တီး တည်ဆောက်ကြရမည်ဖြစ်၏။ သို့မှသာ ကမ္ဘာကြီး အေးချမ်းတည်ငြိမ်လာပါလိမ့်မည်။ ဤကဲ့သို့သော ပြဿနာဖြေရှင်းနည်းများစွာကို မြတ်ဗုဒ္ဓအရှင်၏ တရားဓမ္မများတွင် လေ့လာ၍ အသုံးပြုနိုင်ပါသည်။

## (ဃ)

ရေစီးကြမ်းသော မြစ်ရိုးသည် ဆက်လက် စီးဆင်းဆဲ၊ ခရီးသွားများလည်း မိမိ၏ သက်ဆိုင်ရာ လှေများကို ကြိုးစား၍ လှော်ခတ်ကြဆဲဖြစ်၏။ 'ရှေ့မှာ ဘာရှိသည်' ဟုလည်း မည်သူမျှ မပြောနိုင်ကြဘဲ ရှိ၏။ ထိုကဲ့သို့ ထိတ်လန့် ကြောက်ရွံ့စွာ ခရီးဆက်နေရသော ခရီးသည်များကို မြတ်ဗုဒ္ဓ၏ ခြောက်ရောင်ခြည် အလံများ လှေဦး၌ စိုက်ထူပေးရပါမည်။ အလံများလည်း ရှိနေပါသည်။ သင်ကိုယ်တိုင် လှေဘယ်နှစင်း စိုက်ထောင်ပေးနိုင်သည်ကိုကား နောင်လာလူများက သမိုင်းရေးရစ်ကြပါမည်။ တစ်ခုပြောရန် မေ့ကျန်နေပါသေးသည်။ ကျွန်ုပ်တို့ လှေများကို ဘယ်မှာမှ ကပ်၍လည်း မရသေး ဖြစ်နေပါ၏။

**သီဟသစ်**

http://www.dhammadownload.com

# ဓမ္မအမွေ ပေးကြလေ

လူမျိုးတိုင်းတွင် ပြောဆိုသော စကား၊ လိုက်နာ ကျင့်သုံးစောင့်ထိန်းအပ်သည့် ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာတရားတို့ ဟူ၍ ရှိကြ၏။ မြန်မာတို့ တွင်လည်း မြန်မာ့စကား၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာတို့၏ ကိုးကွယ်ရာ ဗုဒ္ဓဘာသာဟူ၍ရှိပါ၏။ ဤသည်တို့မှာ မြန်မာတို့အတွက် အလွန် အဖိုးအနဂ္ဃ ထိုက်တန်သော, မြတ်နိုးတန်ဖိုးထားအပ်သော ရိုးရာအမွေအနှစ်တို့ပင် ဖြစ်၏။ ထို့ကြောင့် မြန်မာတိုင်းသည် မိမိတို့၏ ရိုးရာအမွေအနှစ်တို့ကို မပျောက် မပျက်, မတိမ်ကောရအောင် ထိန်းသိမ်းကြရမည် ဖြစ်သည်။

မြန်မာသည် မြန်မာ့စကားကို ကောင်းစွာပြောဆိုတတ်ရမည်၊ မြန်မာ့ စကားကို မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရမည်။ မြန်မာ့ ယဉ်ကျေးမှုနှင့်အညီ ဝတ်ဆင်တတ်ရမည်။ မိမိတို့ ကိုးကွယ်သောဘာသာကို လည်း လေးမြတ်တန်ဖိုးထားတတ်ရမည်။ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာတို့ ကိုးကွယ်သော ဘာသာတရား မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက် ရမည်မှာ မြန်မာတို့၏ တာဝန်ပင် ဖြစ်၏။

မြန်မာတို့၏ သမိုင်းအမွေအနှစ်ဖြစ်သော မြန်မာ့စကား၊ မြန်မာ့ ယဉ်ကျေးမှုနှင့် ဘာသာ, သာသနာတော်တို့ကို မစောင့်ရှောက် မထိန်းသိမ်း နိုင်လျှင် အလွန်နှစ်သက် မြတ်နိုးစရာကောင်းသော မြန်မာတို့၏ အမွေအနှစ် များ, ဓလေ့ထုံးတမ်းစဉ်လာများသည် ဆုံးရှုံးပျောက်ကွယ်သွားပေလိမ့်မည်။ ထိုအခါ မြန်မာဆိုတာ ဘာလဲဟု အမေးခံလာရပေလိမ့်မည်။ ထို့ကြောင့်

http://www.dhammadownload.com



မြန်မာတို့သည် မြန်မာတို့၏ အမွေအနှစ်ဖြစ်သော ရိုးရာစကား၊ ယဉ်ကျေးမှုနှင့် ဘာသာတရားတို့ကို အမြဲစောင့်ရှောက်ထိန်းသိမ်းကြရမည်သာဖြစ်သည်။

အထက်ပါ မြန်မာ့ယဉ်ကျေးမှုဟူသောစကားတွင် ဝတ်စားဆင်ယင် ထုံးဖွဲ့မှုအပြင် ဗုဒ္ဓ၏ အဆုံးအမဖြစ်သော (သိင်္ဂါလောဝါဒသုတ်တော်လာ) မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ လင်ကျင့်ဝတ်၊ ဇနီးကျင့်ဝတ် စသည်တို့လည်း ပါဝင်၏။ ၎င်းတို့သည် မြန်မာတို့၏ ယနေ့တိုင် ကျင့်သုံးလာကြသော မြန်မာ့ရိုးရာယဉ်ကျေးမှုတို့ပင်ဖြစ်၏။

ထိုကျင့်ဝတ်များမှ သားသမီးတို့ ကျင့်ဆောင်ရမည့် ကျင့်ဝတ် (၅) ပါးတို့မှာ-

၁။ မိဘတို့ကို ကျွေးမွေးပြုစုရခြင်း
၂။ မိဘတို့၏ ဝေယျာဝစ္စအမှုကိစ္စတို့ကို ပြုလုပ်ခြင်း
၃။ မိဘတို့၏ စကားကို နားထောင်၍ မိဘတို့အမွေကို ခံယူထိုက်အောင် ပြုလုပ်နေထိုင်ခြင်း
၄။ ကွယ်လွန်ပြီးသော မိဘတို့အတွက် ရည်စူး၍ ကုသိုလ်ကောင်းမှု ပြုလုပ်အမျှပေးဝေခြင်း
၅။ မိဘတို့၏ အမျိုးအနွယ်၊ ဘာသာ၊ သာသနာတော်ကို စောင့်ရှောက်ခြင်းတို့ ဖြစ်၏။

ထိုကျင့်ဝတ် (၅) ပါးတို့တွင် မိဘတို့အမွေကို ခံယူထိုက်အောင် ပြုလုပ်နေထိုင်ခြင်း ဟူသော အချက်၌ အမွေဟူသော စကားကို မြန်မာ အဘိဓာန်အကျဉ်းချုပ် အတွဲ (၅)၊ စာ-၁၀၇တွင် **အမွေ** = မိဘဘိုးဘွား ဆွေမျိုးသားချင်းထံမှ ဆက်ခံရရှိသော ပစ္စည်းဥစ္စာ (သို့မဟုတ်) မိဘဘိုးဘွား ဆွေမျိုးသားချင်းထံမှ ဆက်ခံရရှိသော ပညာ၊ မျိုးရိုးစဉ်လာ ယဉ်ကျေးမှု၊ ကိုးကွယ်မှုဘာသာ၊ ရောဂါ စသည်တို့ကို အမွေဟု ခေါ်ကြောင်း ဖော်ပြထား၏။

အထက်ပါစကားအရ မိဘဘိုးဘွားတို့မှ ဆက်ခံရနိုင်သော ပစ္စည်းဥစ္စာနှင့် ပညာ၊ မျိုးရိုးစဉ်လာ ယဉ်ကျေးမှု၊ ကိုးကွယ်ဆည်းကပ်မှု၊ ဘာသာတို့သာ အမွေကောင်းဖြစ်၍ ရောဂါ စသည်တို့မှာကား မကောင်းသောအမွေ

http://www.dhammadownload.com



ဖြစ်၏။ အမွေကောင်းတို့ကို မျိုးဆက်သစ် သားသမီးတို့က ဆက်ခံနိုင်စွမ်းရှိရန် လိုအပ်ပါ၏။ ထိုအမွေကောင်းတို့တွင် ပစ္စည်းဥစ္စာအမွေထက် မိမိတို့၏ ရှေးမိဘဘိုးဘွားတို့ လက်ခံကျင့်သုံးလာခဲ့သော ရိုးရာယဉ်ကျေးမှု, ဘာသာ, သာသနာအမွေတို့သည် ပို၍ အဓိကကျပါ၏။

အဘယ့်ကြောင့်ဆိုသော် ရိုးရာယဉ်ကျေးမှု, ဘာသာ, သာသနာအမွေသည် လူမျိုးတို့၏ အဆင့်အတန်းကို ဖော်ပြသောအရာဖြစ်၍ လွန်စွာ ပဓာနကျပါ၏။ ပစ္စည်းဥစ္စာအမွေ ဆုံးရှုံးသွားလျှင် ပြန်လည် အစားထိုး၍ ရနိုင်သော်လည်း ရိုးရာယဉ်ကျေးမှုနှင့် ဘာသာ, သာသနာအမွေ ဆုံးရှုံးသွားလျှင် ပြန်လည် အစားထိုး၍ မရနိုင်ပေ။

မှန်ပါသည်။ အနောက်နိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော မြန်မာအမျိုးသားတစ်ဦးသည် အနောက်သူနှင့် လက်ထပ်ခဲ့ရာ ထိုသူသည် မိမိ၏ ရိုးရာယဉ်ကျေးမှုနှင့် ဘာသာတရားတို့ကို စွန့်လွှတ်ပြီး အနောက်တိုင်းယဉ်ကျေးမှုနှင့် အနောက်တိုင်းဘာသာသို့ ကူးပြောင်းသွားလေသည်။

ထို့အတူ မြန်မာနိုင်ငံမှာလည်း မိမိဘာသာဝင်, လူမျိုး မဟုတ်သူနှင့် အိမ်ထောင်ကျသွားသော မြန်မာ့အမျိုးသမီးလေးတစ်ဦးမှာ မိမိတို့ ကိုးကွယ်လာသော ဘာသာနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ဝတ်စားဆင်ယင်မှုတို့ကိုပါ စွန့်လွှတ်ပြီး သူ့အိမ်ထောင်ဖက်၏ သာသာ, ယဉ်ကျေးမှုအတိုင်း နေထိုင်သွားလာရလေသည်။ ဤသည်မှာ ရိုးရာယဉ်ကျေးမှုနှင့် အမျိုးဘာသာ, သာသနာအမွေအနှစ်တို့ ဆုံးရှုံးသွားရပုံတည်း။

ထိုမှ ပေါက်ဖွားလာသော သားသမီးတို့သည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ကို နားလည်ပါမည်လော။ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ကို မြတ်နိုးပါဦးမည်လော။ ထို့ကြောင့် မိဘတို့သည် မိမိတို့၏ သားသမီးများအပေါ် အမြဲ သတိရှိနေကြရမည် ဖြစ်ပါသည်။

ဤအကြောင်းနှင့် ပတ်သက်၍ ပဉ္စကနိပါတ်၊ သုမနဝဂ်၊ ပုတ္တသုတ်တွင် သားသမီးတို့အပေါ် မိဘတို့၏ မျှော်လင့်ချက်ထားသော အချက်(၅) ချက်ကို ဖော်ပြလိုပါ၏။ ယင်းတို့မှာ-

၁။ ငါတို့ မွေးမြူလာခဲ့သောသားသမီးတို့သည် ငါတို့ကို အိုမင်း

http://www.dhammadownload.com



လာသည့်အခါ ငါတို့အား ပြန်လည်၍ လုပ်ကျွေးကြပေလိမ့်မည်။

၂။ ငါတို့၏ ကိစ္စကြီးငယ် အသွယ်သွယ်ကို ငါတို့သားသမီးတို့က ဆောင်ရွက်ကြပေလိမ့်မည်။

၃။ ငါတို့မျိုးရိုး မျိုးနွယ်စဉ်ဆက် ကြာရှည်တည်တံ့အောင် သားသမီးတို့က ထိန်းသိမ်းစောင့်ရှောက်ကြပေလိမ့်မည်။

၄။ ငါတို့၏ ပစ္စည်းဥစ္စာ၊ ယဉ်ကျေးမှုနှင့် အမျိုးဘာသာ, သာသနာ အမွေတို့ကို သားသမီးတို့က ဆက်လက် ထိန်းသိမ်းကြပေလိမ့်မည်။

၅။ ငါတို့ ကွယ်လွန်လေသော် ငါတို့အား ရည်စူး၍ သားသမီးများက အလှူဒါနပြု၍ အမျှပေးဝေကြပေလိမ့်မည် ဟူသော မျှော်လင့်ချက် (၅) မျိုးတို့ပင် ဖြစ်ပါသည်။

ဤအချက် (၅) မျိုးကို ရည်မျှော်၍ မိဘတို့သည် သားသမီးတို့ကို အလိုရှိကြခြင်း ဖြစ်၏။ ဤ (၅) မျိုးကိုပင် သားသမီးကျင့်ဝတ်ဟုခေါ်၏။ ထိုကျင့်ဝတ်မှ အမှတ် (၃) နှင့် (၄) တို့မှာ ပစ္စည်းဥစ္စာအမွေအပြင် ယဉ်ကျေးမှု ဘာသာ၊ သာသနာအမွေတို့ကိုပါ ထိန်းသိမ်းရန်ဟု ပါရှိပါ၏။ ဤအချက်ကို အလေးအနက်ထား၍ စဉ်းစားစေလိုပါသည်။

သီရိဓမ္မာသောက မင်းကြီးသည် သားတော် မဟိန္ဒနှင့် သမီးတော် သံဃမိတ္တာတို့အား လောကီအမွေကို မပေးဘဲ သာသနာ့ဘောင်သို့ သွတ်သွင်းကာ ဓမ္မအမွေ၊ ဘာသာရေးအမွေကိုသာ ပေးခဲ့ပါသည်။ မြန်မာတို့သည် သားကို ရှင်ပြုပေးခြင်း၊ သမီးငယ်များကို သီလရှင်ဝတ်ပေးခြင်း စသည်တို့မှာ မိမိတို့၏ သားသမီးငယ်များအား ဘာသာရေး အမွေပေးခြင်းပင် ဖြစ်၏။ ထို့ထက် ဘုရားအကြောင်း၊ တရားအကြောင်း၊ သံဃာအကြောင်း စသော ဘာသာရေး အသိတရားများကို ပေးနိုင်ရန် လိုပါ၏။

မြန်မာနိုင်ငံတွင် အနော်ရထာမင်းမှ စ၍ တည်ထားကိုးကွယ်ခဲ့သော ဘုရားပုထိုးစေတီ စသော သာသနိက အဆောက်အဦတို့သည် ယဉ်ကျေးမှု၊ ဘာသာ၊ သာသနာအမွေများပင် ဖြစ်၏။ ထိုအမွေများကို သားစဉ်မြေးဆက်

http://www.dhammadownload.com



စောင့်ရှောက်ထိန်းသိမ်းကြရပေမည်။ ဤသည်တို့မှာ ရှေ့မိဘများက သားသမီးများအား ဘာသာသာသနာအမွေနှင့် ယဉ်ကျေးမှုအမွေပေးခြင်းပင် ဖြစ်၏။

မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာ့ဓလေ့ မြန်မာ့စရိုက်၊ မြန်မာ့အမွေအနှစ်များ မပျောက်မပျက်ရအောင် ယနေ့ မျိုးဆက်သစ်လူငယ်များကို အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး စသောလူမှုရေးဦးတည်ချက်တို့သည် ယနေ့ မျိုးဆက်သစ်များကို လက်ဆင့်ကမ်းအမွေပေးနေခြင်းပင် ဖြစ်သည်။

ဗုဒ္ဓမြတ်စွာလက်ထက်အခါက အနာထပိဏ် သူဌေးကြီးသည် မလိမ္မာသေးသော သူ၏သား ကာဠသတို့သားကို ပရိယာယ် တစ်မျိုးဖြင့် ဘာသာရေးအသိတရား ဖွံ့ဖြိုးအောင် ဆောင်ကြဉ်းပေးခဲ့လေ၏။ နောက်တွင် ကာဠသတို့သားလေးသည် အလွန်လိမ္မာသော သားလိမ္မာတစ်ဦးဖြစ်လာခဲ့လေ၏။ ဤသည်မှာ မိမိတို့အနေဖြင့် သားငယ်အား ဘာသာရေးအမွေဓမ္မအမွေ ပေးနေခြင်းပင် ဖြစ်၏။

ဗုဒ္ဓမြတ်စွာသည်ပင် သားတော် ရာဟုလာအား ရှင်သာမဏေပြုပေးခြင်း ဟူသော ဘာသာရေးအမွေကို ပေးခဲ့သည်မဟုတ်ပါလော။ လူသားတို့ ဘဝတွင် အသိဉာဏ်သည် လွန်စွာအရေးပါ၏။ အသိဉာဏ် ထက်မြက်ပါမှ ဘဝအထက်တန်းကျပေမည်။ ပစ္စည်းဥစ္စာအမွေနှင့် ဘာသာရေး ဓမ္မအမွေတို့တွင် ဘာသာရေး ဓမ္မအမွေသည် သံသရာအတွက် အေးငြိမ်း၏။ ပစ္စည်းဥစ္စာအမွေမှာ လောဘ စသော အပူဓာတ်ပါ၍ မငြိမ်းချမ်းပေ။ ထို့ကြောင့် လောကီပစ္စည်းဥစ္စာအမွေသည် ဘဝငြိမ်းချမ်းရေးကို မပေးနိုင်ပေ။ တဒင်္ဂ ပျော်ရွှင်မှုကိုသာ ပေးနိုင်၏။ ဘာသာရေးဓမ္မအမွေမှာ မိမိကိုယ်ကို စောင့်ရှောက်နိုင်၏။ ငြိမ်းချမ်းရေးကို ပေးနိုင်၏။ မယဉ်ကျေးသူကို ယဉ်ကျေးစေ၏။ မလိမ္မာသူကို လိမ္မာစေ၏။ အတ္တ, ပရ သဘောတရားကို မျှတအောင် သုံးသပ်နိုင်၏။ မကောင်းမှု, ကောင်းမှုကို ခွဲခြားသိမြင်နိုင်၏။ ထို့ကြောင့် ဘာသာရေး ဓမ္မအမွေသည် ထာဝရငြိမ်းအေးမှုကို ဖြစ်စေ၏။

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်း

http://www.dhammadownload.com



သုံးနေတော်မူစဉ် ရဟန်းတို့အား "ချစ်သားရဟန်းတို့၊ သင်တို့သည် တရားဓမ္မအမွေကိုသာ ခံယူကြပါ။ ပစ္စည်းဥစ္စာအမွေကို မခံယူကြပါနှင့်" ဟု ဓမ္မဒါယာဒ သုတ်တော်၌ မိန့်ကြားတော်မူခဲ့ပါ၏။

မြတ်ဗုဒ္ဓ၏ အဆုံးအမကို ခံယူကျင့်သုံးနေကြသောမြန်မာတို့သည် အနာဂတ်တွင် အမျိုးဘာသာ, သာသနာတော်ကို ပခုံးပြောင်းတာဝန် လွှဲပြောင်းယူမည့် မျိုးဆက်သစ် သားငယ်သမီးငယ်တို့အား ဘဝကို အကောင်းဆုံး ဖြစ်အောင် ဘာသာရေးဓမ္မအမွေကို ပေးဖြစ်အောင် ပေးနိုင်ကြပါစေ။ အကောင်းဆုံးဘဝ တည်ဆောက်ရာ၌ ဓမ္မအသိအမြင်မှ အခြားတစ်ပါး မရှိပေ။ ဓမ္မအသိအမြင်ရှိသူကိုသာ မျက်လုံးရှိသူဟု ဆိုနိုင်၏။

ပေးခြင်းအားလုံးတို့တွင် တရားဓမ္မကို ပေးခြင်းသည် အရာရာကို အလုံးစုံကို အောင်မြင်နိုင်သည်။ အမြတ်ဆုံးပေးခြင်းမျိုး ဖြစ်သည်ဟု ဗုဒ္ဓ မြတ်စွာ မိန့်ဆိုထားပါသည်။ ဘာသာရေး ဓမ္မအမွေပေးခြင်းသည်သာလျှင် အကောင်းဆုံးကိုပေးခြင်း ဖြစ်သည်။

[ထို့ကြောင့် လောကဓမ္မ နှစ်ဌာနတို့၌ ကောင်းစွာ နေထိုင်ကျင့်သုံး လာတတ်အောင်, လူရည်, လူချွန်, လူမွန်, လူကောင်း, သူကောင်း ဖြစ်လာအောင် မိမိတို့၏ တပည့်, သားငယ်, သမီးငယ်တို့အား ဘာသာရေး (ယဉ်ကျေးမှုသင်တန်း စသော ဓမ္မအသိအမြင်, ယဉ်ကျေးလိမ္မာသော အသိအမြင် ရှင်သန်စေနိုင်သော) ဓမ္မအမွေကို ပေးနိုင်ကြပါစေဟု ဆန္ဒပြု တိုက်တွန်းလိုက်ရပါသတည်း။]

နိုင်မြဝါ

http://www.dhammadownload.com

# ပျိုးခင်းထဲက လူငယ်

သစ်သီးဝလံ ပန်းမန်သစ်ပင်တို့မည်သည် မူလမျိုးစေ့ မှန်ကန်ကောင်းမွန်ဖို့ လိုအပ်ပါသည်။ အောင်မြင်ရင့်မှည့်သော မျိုးစေ့များမှသာ အပင်ပေါက်အား ကောင်းပြီး သန်စွမ်းဖြစ်ထွန်းကာ အသီးအပွင့်များ မြိုင်ဆိုင်ဝေဆာသည့် အပင်များအဖြစ် ရောက်ရှိ ရှင်သန်စေပါသည်။ ကြုံရာနေရာတွင် ကျသလို အပင်ပေါက်ပြီး ဖြစ်သလို ရှင်သန်ကြီးထွားခဲ့ရသည့် သစ်ပင်တစ်ပင်တွင် ချို့ယွင်းချက်များ ရှိနေပါမည်။ ထိုသို့သော အပင်များတွင် သွင်ပြင်လက္ခဏာ အရ ကြုံလှီ သေးကွေးနေတတ်ပါသည်။ အကယ်၍ တစ်စုံတစ်ရာသော အကြောင်းကြောင့် အရွယ်အစားကြီးမားပြီး အမြင်လှသောအပင် ဖြစ်နေပါကလည်း အပွင့်အသီးထွက်ရှိမှု တစ်နေရာရာတွင် အားနည်းချက်များ ရှိနေပေလိမ့်ဦးမည် ဖြစ်သည်။

သစ်ပင်တွင် အသက်ရှိ၏။ လူတွင်လည်း အသက်ရှိ၏။ သစ်ပင်သည် တစ်နေ့တခြား တိုးတက်သော ဖွံ့ဖြိုးသော သဘောရှိသည်။ လူသည်လည်း ထိုနည်းတူပင် ဖြစ်သည်။ သစ်ပင်နှင့် လူတို့သည် အသက်အရွယ် အပိုင်းအခြားအရ ပင်စည်နှင့် ခန္ဓာကိုယ်တို့၏ ဖြစ်သင့်ဖြစ်ထိုက်သော ဖြစ်ရပ်များ ဖြစ်ကြရ၏။ တစ်ခုရှိသည်မှာ သစ်ပင်သည် ပျိုးခင်းထဲက သစ်ပင်ဖြစ်ပါက ပျိုးခင်းရှင်၏ စနစ်တကျ ပျိုးထောင် စောင့်ရှောက်မှုကို လိုအပ်သည့် မြေဩဇာဆေးဝါးများ ကူညီပံ့ပိုးဖြည့်ဆည်းမှုများကို ခံယူရရှိပါမည်။ ပျိုးခင်းရှင်၏ နားလည်ကျွမ်းကျင်မှု ရှိလျှင်ရှိသလောက် ထို

http://www.dhammadownload.com



သစ်ပင်သည် အစွမ်းကုန် ကြီးထွားသန်မာမည် ဖြစ်သည်။ လူသားတစ်ဦးကို ပျိုးခင်းနှင့်တူသော လမ်းညွှန်သွန်သင်ထိန်းကျောင်း တည့်မတ်မှု အပြည့်အဝ ရှိသော နေရာတွင် ကြီးပြင်းစေပါက တော်သော၊ ထက်သော၊ ထူးချွန်သော လူကောင်းတစ်ယောက် ဖြစ်လာနိုင်ပါမည်လော။ သစ်ပင်လောက်တော့ မသေချာ ဟု ဆိုရပေလိမ့်မည်။

အဘယ့်ကြောင့်ဆိုသော် သစ်ပင်သည် လူစကားနှင့် ပြောရလျှင် ပြန်မပြော၊ နားထောင်လိုက်နာ၏။ လိုအပ်လျှင် လိုအပ်သလို ကိုင်တွယ် ပြုပြင်၍ ရပေ၏။ လူကား ထိုသူ၏ သိတတ်မှု ဗီဇသန္ဓေ၊ ခံယူတတ်သည့် စိတ်ထား၊ စိတ်ပါဝင်စားမှု စသည်တို့အပေါ်တွင် တည်မှီနေပါ၏။ ပုံစံစည်းကမ်း ဘောင်အတွင်းမှ လွတ်ထွက်သွားနိုင်သေး။ မကာကွယ်နိုင်သော ပြင်ပ အနှောင့် အယှက် အမျိုးမျိုးတို့နှင့်လည်း ကြုံတွေ့ရနိုင်သေး၏။

သို့သော် ပျိုးခင်းထဲက သစ်ပင်သည် လှပဝေဆာ လန်းဆန်းသလို ပျိုးခင်းထဲက လူသားတစ်ဦးသည်လည်း အထိုက်အလျောက် နေရာရလာ မည်။ ထူးချွန်လာမည်ဖြစ်သည်။ ပျိုးခင်းပြင်ပတွင် နေထိုင်သူ တစ်ဦးသည် ပျိုးခင်းထဲက သူလောက်တော့ အရည်အသွေး အရည်အချင်း လိုက်မီနိုင်မည် မဟုတ်ပေ။ မိမိ၏ ပင်ကိုရှိပြီးသား စွမ်းရည်အားအင်များသည် ပျိုးခင်းနှင့် ထိတွေ့ခွင့်မရှိခဲ့ဘူးဆိုလျှင် ပျောက်ပျက်သွားတတ်ပါသည်။ အချို့သူများ သည် ပျိုးခင်းကို မသိ၊ အချို့က ပျိုးခင်းမလိုဟု ထင်ကြသည်။ အချို့မှာ ပျိုးခင်းကို မက်မက်မောမော လိုက်ရှာနေကြ၏။ ထိုသူများက ထိပ်ဆုံးသို့ ရောက်ရှိမည်မှာ အသေချာပင် ဖြစ်ပါသည်။

ယနေ့ခေတ်သည် လူငယ်များ၏ခေတ်ဖြစ်၏။ အရာရာကို သိမြင် နားလည် တတ်မြောက်နေကြ၏။ လူငယ်အကြိုက်၊ လူငယ်တွေ စိတ်ဝင်စား စရာတွေကလည်း အနီးအပါး လက်လှမ်းမီရာနေရာမှာ အလွယ်တကူ ရှိနေ ကြသည်။ လူငယ်များ၏ နိုးကြားသွက်လက်သော စရိုက်နှင့် လိုက်ဖက်မည့် စွဲမက်ဖွယ် ဆွဲဆောင်မှုများကလည်း နည်းလမ်းမျိုးစုံ၊ ရည်ရွယ်ချက်မျိုးစုံ ဖြင့် အသစ် အသစ်တို့ နေ့တိုင်းပေါ်ထွက်လာနေ၏။ လူငယ်များကလည်း အသစ်အဆန်းဆိုလျှင် အားလုံးကြိုက်ပြီး လိုက်နေကြတော့၏။ ရှေ့နောက်

http://www.dhammadownload.com



အကျိုးအပြစ် သိပ်ပြီး မစဉ်းစား ကော်ပီပွားလိုက်ကြ၏။ ပုံမှားရိုက်ကြ၏။ အချိန်နှင့်ငွေကို အငွေ့ပြန်စေသကဲ့သို့ အကျိုးမဲ့လုပ်ရပ်တွေအတွက်လည်း ဖောဖောသီသီ အသုံးပြုနေကြ၏။

တကယ်တော့ လူငယ် လူရွယ်များသည် ဘဝတစ်သက်တာ၏ အရေးအကြီးဆုံးအချိန် ဖြစ်ပေသည်။ စိတ်ဝင်စားမှုရှိမည်ဆိုလျှင် သင်ယူတတ်မြောက်မှုနှုန်း မြန်ဆန်သည့်အရွယ် ဖြစ်သည်။ စိတ်ကူးစိတ်သန်း ဆန်းကြယ်ကာ ထူးခြားမှုများကို ဖန်တီးပုံဖော်နိုင်စွမ်း ရှိသည်။ ဖွဲလုံ့လ အားအင်ကိုသုံးကာ အပင်ပန်းခံ ကြိုးစားဆောင်ရွက်နိုင်ကြသည်။ သွက်သွက်လက်လက် ထက်ထက်မြက်မြက်ဖြင့် အဆင့်တွေကို ကျော်လွှားခုန်ထွက် ပေါက်မြောက်အောင်မြင်နိုင်ကြသည်။

လူငယ်အရွယ်မှာ ကောင်းသော စွမ်းရည်များ ပိုင်ဆိုင်ပြီး အရှိန်ကောင်းကောင်းဖြင့် တိုးတက်မှုများ ရရှိနေပြီဆိုလျှင် ဘဝခရီးတစ်လျှောက်လုံး၀ အောင်မြင်မှုပန်းတိုင် ဘူတာများသို့ ဆက်တိုက်ဖြတ်သန်းသွားခွင့်ရမည် ဖြစ်ပေသည်။ ထိုသို့သော လူငယ်များအတွက် အောင်မြင်မှု ဘူတာများကလည်း အမြဲတမ်း မီးစိမ်းပြထားပြီး ဆီးကြိုနေပေလိမ့်မည်။ လူငယ်ကိုယ်တိုင်ကလည်း ဘယ်အချိန် ဘယ်နည်းလမ်းဖြင့် ဘယ်လို ခရီးဆက်ရမည် ဆိုသည်ကို သိပြီးသား ဖြစ်နေပေလိမ့်မည်။

လူငယ်များတွင် တာဝန်များက များပြားစွာ ရှိပါသည်။ ပညာရပ်တစ်ခုခုကို ကျွမ်းကျင် ပိုင်နိုင်သည်အထိ ကြိုးစားလေ့လာဖို့၊ ဝီရိယ စိုက်ထုတ်ကာ မဖြစ်မနေ ဆောင်ရွက်လိုသည့်စိတ်ဓာတ်ကိန်းအောင်းနေဖို့၊ အများကောင်းကျိုးပြု လုပ်ငန်းများတွင် ရိုးသားစွာ ပါဝင်လုပ်ကိုင်ကြဖို့၊ မူးယစ်ဆေးဝါးနှင့် အပျော်ဖတ် အပန်းဖြေများဖြင့်သာ အချိန်အကုန်မခံဖို့၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများမှာ တတ်အားသရွေ့ ပူးပေါင်းလက်တွဲ အကောင်အထည်ဖော်ဖို့ စသည်ဖြင့်·····။

ဤသို့ အများအကျိုးပြု လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လိုသော လူငယ်များ ပေါ်ထွက်လာရန် ပျိုးခင်းများ အမှန်ပင် လိုအပ်နေပါသည်။ လူငယ်များကလည်း ပျိုးခင်းများ၏ အရိပ်အာဝါသအောက်တွင်သာ လူလား

http://www.dhammadownload.com



မြောက်ခြင်းအားဖြင့် မိမိတို့၏ ရည်မှန်းချက်များ၊ ကြိုးစားမှုများ ပြီးပြည့်စုံစေပါမည်။ တောက်ပြောင်သော၊ ထင်ရှားသော၊ အဓိပ္ပာယ်ရှိရှိ တာဝန်ကျေပွန်သော လူငယ်ဘဝ၊ လူသားဘဝကို ရယူနိုင်မည်ဖြစ်ပေသည်။

လူငယ်အားလုံးကို ပျိုးခင်းထဲ အရောက်ပို့ပေးချင်ပါသည်။ ပျိုးခင်း၏ အရေးပါမှုကို လက်ခံ ယုံကြည်စေချင်ပါသည်။ ပျိုးခင်းလေ့ကျင့် ညွှန်ပြမှုများကို တစ်သက်တာလုံး စွဲမြဲအားထုတ်သွားစေလိုပါသည်။ သစ်ပင်ကဲ့သို့လိုသလို ကိုင်တွယ်ပြုပြင်၍ရသော လမ်းကြောင်းမှန်အတိုင်း မသွေမဖည် လျှောက်လှမ်းနိုင်သည့် လူငယ်များ ဖြစ်စေလိုပါသည်။ ပျိုးခင်းထဲမှ လှပကြိုင်လန်းသည့် ပန်းကလေးများ ဖြစ်စေလိုပါသည်။ ပျိုးခင်းထဲမှ လှပကြိုင်လန်းသည့် ပန်းကလေးများသဖွယ် လောကလူသား အားလုံးအား အေးချမ်းပျော်ရွှင် ကြည်နူးမှုကို ပေးစွမ်းနိုင်သည့် ပျိုးခင်းထဲက ပေါ်ထွက်လာသော လူငယ်လေးများသာ ဖြစ်စေလိုပါသည်။

**လွင်ချန်ဖြိုး (နတ်မောက်)**

http://www.dhammadownload.com

# သစ်ပင်လေးတစ်ပင် စိုက်ခဲ့တယ်

''ချမ်းပူကိုဖျက်၊ ခြင်မှက်လေနေ၊ ကင်းမြွေလွဲမှု၊ ဥတုဘေးဘျမ်း၊ မသန်း ကင်းစင်၊ စိတ်ကြည်လင်ကြောင်း၊ နေရာကျောင်းကို၊ ကိန်းအောင်း မှီခိုပါ သတည်း''ဟူသော လင်္ကာလေးကို ကိုရင်လေးများ ရွတ်ဆိုနေကြသည်။ ဘုရားဝတ်ပြုပြီးခါနီးတိုင်း ကြားနေရ၏။ ကြားမိတိုင်း ဟိုငယ်စဉ် ကလေး ဘဝက ပုံရိပ်တို့က လှုပ်ရှားနေမြဲ။ ထိုအခါ စာရေးသူ စိတ်ထဲတွင် ကြည်နူး စွာ ပီတိဖြစ်မိနေဆဲပင် ဖြစ်ပါ၏။

'ဘိုးဘိုး.... ဘိုးဘိုး၊ ရွာထဲက ကလေးတွေ အဘိုး စိုက်ထားတဲ့ သရက်ပင်ကို တုတ်တွေနဲ့ ပစ်နေကြတာ ကျွန်တော် ပြောလို့လည်းမရဘူး' ဟု အပြေးအလွှား သွားတိုင်ခဲ့သူမှာ ကျွန်တော်။ သရက်ပင်ကို ဆူးခြံခတ်ဖို့ အကြံပေးသူကလည်း ကျွန်တော်။ သရက်သီးတွေအားလုံး ခွေချဖို့ ခွင့်တောင်း တာလည်း ကျွန်တော်၊ နောက်ဆုံးတော့ တရားခံဖြစ်သွားခဲ့တာလည်း ကျွန်တော် ပင် ဖြစ်ပါ၏။

ရွာအနောက်ဘက် လူသွားလမ်းဘေးတွင် သရက်တစ်ပင်ကို အဘိုး စိုက်ထားခဲ့သည်။ သရက်ပင်မှာ အလုံးလှ၍ အလွန်ချိုသည်။ လမ်းသွား လမ်းလာ ခရီးသည်များမှာ အဘိုး၏ သရက်ပင်အောက်တွင် ခရီးတစ်ထောက် နားကာ အရိပ်ခိုကြသည်။ အသီးကို ခွေစားသွားကြသည်။ ရွာထဲမှ လူတချို့ ကလည်း ခွေယူစားသုံးကြသည်။ ခွေချင်သလိုခွေ အဘိုးကတော့ ဘာမှ မပြော။ မဆိုင်သလိုပင် နေခဲ့သည်။

http://www.dhammadownload.com



ဒီလိုနေသည်ကို ကျွန်တော်က သဘောမကျ၊ မကျေနပ်ချင်။ ကလေး ပီပီ သဝန်တိုနေမိပြန်သည်။ ကျွန်တော် တစ်ယောက်တည်း စားချင်သည်။ ဝအောင်စားပြီးမှ ကျွေးချင်သည်။ မကုန်တော့မှ ပေးချင်သည်။ အရိပ်ခိုနား သူကိုပင် မကျေနပ်။ အရိပ်ခိုရင်း အသီးကိုပါ ခြွေမှာ စိုးနေသည်။

သည်လိုဖြစ်နေသည့် အခြေအနေမျိုး၌ ရွာထဲမှ ကလေးတစ်သိုက် သရက်ပင်ဆီသို့ အုပ်စုလိုက် ချီတက်လာကြသည်။ သူတို့လက်ထဲတွင် လက်နက် ကိုယ်စီနှင့် တကယ် လုပ်မည့်ပုံစံမျိုး။ မည်သူ့ကိုမျှ ဂရုစိုက် အလေးထားမည့်ပုံမပေါ်။ တစ်ယောက်တစ်ခွန်း ပြောချင်ရာပြောကာ သရက် ပင် ရှိရာသို့ တစိုက်မတ်မတ် သွားကြပါတော့သည်။ ဖြစ်ချင်တော့ ကျွန်တော် က နွားသိမ်းဖို့ ရွာနောက်ဘက် ထွက်အလာနှင့် ဆုံမိပါသည်။

ကျွန်တော့်စိတ်တွေ ပုံမှန်မဟုတ်တော့။ နွားသိမ်းဖို့ တာဝန်တွေ သတိမရ။ အသက်ပင် ပုံမှန်မရှုနိုင်။ တားရကောင်းမလား။ ချရကောင်း မလား။ ဒီအတိုင်းကြည့်နေရမှာလား။ စသည် စသည်ဖြင့် ချီတုံချတုံ ဖြစ် နေသည်။ နောက်ဆုံးတော့ အုပ်စုက များလှသောကြောင့် မာန်ကို လျှော့ကာ အဘိုး နေထိုင်ရာ အိမ်သို့သာ အသော့လှမ်းခဲ့ပါတော့သည်။

အိမ်ရောက်သည်နှင့် ပါးစပ်မှ စကားလုံးများ စက်သေနပ်ပစ်သည့် အလား အစုလိုက် အပြုံလိုက် ထွက်သွားတော့သည်။ ကျွန်တော် ပြောပြီး သွားတော့ အဘိုးက -

"ငါ့မြေး မင်းက လူပါ ခလုတ်တိုက်တာ မဟုတ်ဘူး၊ လျှာပါ ခလုတ်တိုက်မိခဲ့တာကိုးကွ၊ မောနေဦးမယ်၊ နားပြောပါကွာ၊ မင်း ကြည့်ပြီး ငါပါ စိတ်ဆင်းရဲလိုက်တာ" ဟု ပြောရှာသည်။

သရက်ပင်အကြောင်းကိုမူ ဘာတစ်ခွန်းမျှ မဟဘဲ ကျွန်တော့်အား ထပ်ပြီး အမိန့်ထုတ်လိုက်သည်မှာ...

"ကဲ ငါ့မြေး၊ မိုးလည်းချုပ်တော့မယ်၊ နွားတွေ သွားသိမ်းချေ တော့" ဟုပင်။

သည်လိုနှင့် နေလည်းဝင်၊ မိုးလည်းချုပ်၊ သရက်ပင်ကြီးကိုလည်း သဲသဲကွဲကွဲ မမြင်ရတော့ပါ။ ဖိုးရွှေလမင်း၏ အရောင်တို့ကသာ တိုး၍ တိုး၍ လင်းလက်လာခဲ့သည်။ ကျွန်တော်ကတော့ လမင်းရဲ့ အလင်းရောင်

http://www.dhammadownload.com



တွေကို သတိမထားမိဘဲ ညနေက အဖြစ်ပျက်ကိုသာ မကျေမနပ်ဖြစ်နေမိပါ၏။ အဘိုးကတော့ လရောင်အောက်ရှိ အိမ်မျက်နှာစာ ကွပ်ပျစ်ကလေးပေါ်တွင် ရေနွေးတစ်အိုးကို ဘေးချကာ နှီးထိုးနေတော့သည်။

ထို့နောက် ကျွန်တော့်ကို သူအနားလာဖို့ ခေါ်လိုက်သည်။ ရောက်သည်နှင့် ညနေကအဖြစ်ကို မပြောဘဲ မဆီမဆိုင် မေးခွန်းများ မေးပါသည်။

"ငါ့မြေး၊ မင်းမှာ ပိုက်ဆံ ဘယ်လောက်ရှိလဲ"

"အဘိုးကလည်းဗျာ၊ ဘယ်ကလာ ပိုက်ဆံရှိမှာလဲ၊ အဘိုး ပေးထားတဲ့ မုန့်ဖိုးတောင် ဟိုနေ့က ကျောင်းမှာ မုန့်ဝယ်စားလိုက်လို့ကုန်ပြီ"

"မင်း… ပိုက်ဆံရချင်ရင် ကုသိုလ်လုပ်ရမယ်"

"ကုသိုလ်က ဘာလုပ်လို့ရမှာလဲ အဘိုးရဲ့"

"ကုသိုလ်ဆိုတာ ဖြစ်ချင်တာ အကုန်ဖြစ်လို့ ရတယ် ငါ့မြေးရဲ့၊ ငါ့မြေး ရှင်ဘုရင်ကြီး ဖြစ်ချင်လည်း ရတယ်၊ သူဌေးကြီး ဖြစ်ချင်လည်း ရတယ်၊ ကိုရင်လေး ဖြစ်ချင်လည်း ရတယ်၊ ရုပ်လှချင်လည်း ရတယ်၊ စာမေးပွဲအောင်ချင်လည်း ရတယ်၊ ဖြစ်ချင်တာ အကုန်ဖြစ်လို့ ရတယ်ကွာ၊ နားလည်ပြီလား"

"ဩော် ဒီလိုဆို မဆိုးဘူးနော် အဘိုး၊ ကျွန်တော်ဖြစ်ချင်တာတွေ ဖြစ်လို့ရတာပေါ့နော်"

"ရတာပေါ့ ငါ့မြေးရဲ့"

"ဒါဆို ကျွန်တော် သူဌေးကြီး ဖြစ်ချင်တယ်ဗျာ၊ ပိုက်ဆံတွေ အများကြီး သုံးလို့ရအောင်" ဟု ပြောလိုက်ရာ အဘိုးမှာ အားပါးတရ ရယ်ပါလေတော့သည်။

"အေး-ဖြစ်ချင်တိုင်း ဖြစ်လို့တော့ မရဘူးကွ၊ မင်းမှာ ကုသိုလ်ရှိမှ ဖြစ်မှာ၊ အဘိုး အရင်ညတုန်းက ပြောပြခဲ့တဲ့ ဟိုသူဌေးကြီးလေကွာ၊ ကျောင်းဒကာကြီးလေကွာ၊ ဘုရားရှင်အတွက် ကျောင်းဆောက်ဖို့ မြေကို ရွှေတွေခင်းပြီး ဝယ်ခဲ့တဲ့ သူဌေးကြီးလေ"

"အဘိုးကလည်း ကိုယ်ပြောခဲ့တာကို မေ့နေပြန်ပြီ၊ အနာထပိဏ် သူဌေးကြီးပါ"

http://www.dhammadownload.com



"အေး အေး ဟုတ်တယ်၊ ငါ့မြေးက ဉာဏ်ကောင်းသားပဲ။ အဲဒီ သူဌေးကြီးက ဟိုရှေးဘဝတုန်းက ကုသိုလ်တွေ အများကြီးလုပ်ခဲ့တာကွ၊ အခု သူဌေးဖြစ်တော့လည်း ဆင်းရဲပြီး အားကိုးရာမဲ့နေတဲ့သူတွေကို ထမင်းကျွေးလို့ အနာထပိဏ်ဆိုပြီး နာမည်ကြီးလာတာ။ ဇေတဝန်ကျောင်းအလှူရှင်ဆိုပြီး ကျောင်းဒကာကြီးလည်း ဖြစ်လိုက်သေးရဲ့ အားကျဖို့ကောင်းတယ်ကွာ၊ အဘိုးတို့မှာ ကျောင်းမပြောနဲ့ ဇရပ်ကလေး တစ်ဆောင်တောင် မနည်းဖြစ်အောင် ဆောက်လှူထားရတာ။ ပြီးတော့လေ သူနေတဲ့ အိမ်ကြီးကလည်း အတော်ကောင်းတာ၊ အဘိုးတို့အိမ်နဲ့တော့ တခြားစီပဲ"

"ဒီလိုဆို ကျွန်တော် ကုသိုလ်တွေ မြန်မြန်ရချင်လှပြီ အဘိုးရာ"

"မြန်မြန်ရချင် မြန်မြန်လုပ်ပေါ့ကွာ"

"လုပ်တာတော့ ဟုတ်ပါပြီ၊ ကျွန်တော့်မှာ ပိုက်ဆံတစ်ပြားမှ မရှိတာ"

"အေး-မင်း ပိုက်ဆံမရှိလို့ ပိုက်ဆံမရှိဘဲ လုပ်လို့ရတဲ့ကုသိုလ်ကို ပြောမလို့"

"မြန်မြန်ပြောတော့ အဘိုးရာ၊ အချိန်ဆွဲမနေနဲ့၊ တော်ကြာ သူဌေးဖြစ်တာ နောက်ကျနေဦးမယ်" ဟု ပြောလိုက်သည်။

ကျွန်တော့်မှာ ကျောင်းသွားဖို့ စက်ဘီးလေးတစ်စီး ဝယ်ချင်သေးသည်၊ ပိုက်ဆံတွေလည်း အများကြီး သုံးချင်နေ၍ ဖြစ်ပါသည်။

အဘိုးသည် အတော်မောသွားဟန်တူသည်။ ရေနွေးတစ်ခွက်ကို အားရပါးရ သောက်ချလိုက်ပြီးနောက် "နက်ဖြန် မနက်ကျရင် အဘိုးတို့ ယာခင်းဘေးက လမ်းထောင့်မှာ သရက်ပင်တစ်ပင် သွားစိုက်ချေကွာ၊ အဲဒါ ပိုက်ဆံမကုန်တဲ့ ကုသိုလ်ပဲ" ဟု ပြောလိုက်ရာ ကျွန်တော် သရက်ပင်ကို သတိရမိတော့သည်။ အဘိုး ပြောတာကို နားထောင်လို့ ကောင်းနေ၍ ညနေက အဖြစ်အပျက်ကို မေ့နေခြင်း ဖြစ်သည်။

"အဘိုးကလည်း သရက်ပင်လေးတစ်ပင်စိုက်တာနဲ့ ကုသိုလ်ရလို့လား"

"ရတာပေါ့ ငါ့မြေးရယ်၊ သစ်ပင်စိုက်တယ်ဆိုတာ ကျောင်းတစ်

http://www.dhammadownload.com



ဆောင် ဆောက်လှူသလိုမျိုးကွဲ့၊ ရှေးလူကြီးတွေက ကျောင်းမလှူနိုင်ရင် သစ်ပင်စိုက်လို့တောင် ပြောခဲ့ကြတာ၊ ငါ့မြေး ကြည့်ပါလား၊ အဘိုး စိုက်ထားတဲ့ သစ်ပင်အောက်ကို အရိပ်ခိုနားကြတယ်၊ ဒီတော့ အဘိုးမှာ အလိုလို နေရင်း ထိုင်ရင်း ကုသိုလ်တွေ ရနေတာလေ၊ တကယ်လို့ အဘိုးက မင်း ပြောသလို ခြံတွေခတ်၊ ဆူးခက်တွေ ကာထားရင် ဘယ်သူကမှ အဘိုးရဲ့ သစ်ပင်ရိပ်ကို ခိုနားကြတော့မှာ မဟုတ်ဘူး။ ကုသိုလ်လည်း မရတော့ဘူး ပေါ့ကွာ။ အသီး ခူးစားတဲ့သူတွေကို မခူးဖို့ ပြောလိုက်ရင် ဘယ်သူကမှ ခူးစားကြမှာ မဟုတ်တော့ဘူး၊ အဘိုးလည်း ဒီအသီးတွေ မပျောက်အောင် စောင့်ရှောက်ရလို့ အလုပ်တွေ ရှုပ်၊ စိတ်တွေလည်း ညစ်နဲ့ ကုသိုလ်မရတဲ့ အပြင် စိတ်တောင် ချမ်းသာမှာ မဟုတ်ဘူး။ အခုတော့ ကုသိုလ်လည်းဖြစ် စိတ်လည်း မညစ်ရတော့ဘူးလေ ငါ့မြေးရဲ့"

အဘိုး ပြောလိုက်တော့မှ ကျွန်တော်ဟာ အဖျက်သမားတရားခံ ဖြစ်မှန်း သိရှိခဲ့ရပြီး ကုသိုလ်ရဖို့အတွက် သရက်ပင်လေးတစ်ပင်ကို ယာခင်းဘေးတွင် စိုက်ခဲ့သည်။

အခု အချိန်မှာတော့ ကျွန်တော် စိုက်ခဲ့သော သရက်ပင်လေးမှာ အရိပ်ကိုလည်း ပေးနေပြီ၊ အသီးကိုလည်း ကျွေးနေပါပြီ။ ကျွန်တော် စိုက်ခဲ့သော သရက်ပင်လေးနှင့် ကျွန်တော့်မှာ မိုင်ပေါင်းများစွာ ဝေးကွာနေပါသည်။

သို့သော် အဝေးတစ်မြေမှ ကျွန်တော့်ကို အရိပ်တို့ဖြင့် မိုးပေးထားသည်။ အသီးတို့ဖြင့် ကျွေးမွေးထားသည်။ ကျွန်တော်ကား ရန်ကုန်မြေမှာ၊ ကျွန်တော့်သရက်ပင်လေးကတော့ အညာမြေမှာ၊ အဘိုးပြောသလို ကျွန်တော် ကျောင်းကြီးတစ်ဆောင် ဆောက်လုပ် လှူဒါန်းနိုင်ခဲ့ချေပြီတကား။

အဘိုးကတော့ သူစိုက်ခဲ့တဲ့ သရက်ပင်ကြီးကို ကျောခိုင်းသွားခဲ့လေပြီ၊ သို့သော် အဘိုး သရက်ပင်ကြီးတွေကတော့ .....။

**သီတလ (ချင်းတွင်း)**

http://www.dhammadownload.com

# မြွတ်တန်ဖိုး

ခေတ်လူငယ်များ၊ သမီးသားတို့
ဘိုးဘွား, မိဘ၊ သင်ပြဆရာ
မိန့်မှာစကား၊ မနာကြား၍
သွားပုံ, လာပုံ၊ ပြောပုံကစ
ဟန်မကျခဲ့၊ မြင်ရ တွေ့ရ ကြုံနေရ။
မိဘလူကြီး၊ ဆွေရင်းနီးတို့
သင်လည်း မရ၊ ပြလည်း မပြင်
မယဉ်မကျေး၊ လိမ္မာဝေးသည့်
ကလေးအရိုင်း၊ သမိုင်းစွန်းညစ်။
လူငယ်သိုင်းဝိုင်း၊ မရိုင်းစိုင်းဖို့
လူတိုင်းရင်သွေး၊ ယဉ်ကျေးစေဖို့
တို့များဘိုးဘွား၊ ပေးကာထားသည့်
တို့များအမွေ၊ တို့စာပေကို
လူတွေအများ၊ သိစေသားဟု
ရည်ငြားဖော်ဆောင်၊ ဤစာစောင်ကို
လှူဘောင်အနှံ့၊ ပေးဝေဖြန့်၏။
တို့ဖြန့်ဖော်ဆောင်၊ ဤစာစောင်က
ခုနောင်လူသစ်၊ ပြည်ချစ် ရင်သွေး
ယဉ်ကျေးလိမ္မာ၊ ရှိစေပါမူ
သူငါအများ၊ ရငြားပါမူ
တို့လူအများ၊ စာလုပ်သားတို့
ကြိုးစားကျိုးနပ်၊ တန်ဖိုးမြတ်ဟု
သတ်မှတ် ဂုဏ်ယူမည်တကား။

ဝေဠုဝတီရဟန်းတော်

http://www.dhammadownload.com

# နွေးထွေးရင်ခွင်

ကျွန်တော် ငယ်စဉ်က ဖေဖေ၊ မေမေတို့၏ ရင်ခွင်နွေးနွေးတွင် မှေးစက်ခဲ့ရသည်ကို ယခုတိုင် ခံစားတမ်းတနေမိပါသည်။ မွေးချင်းနှစ်ဦးတွင် အစ်မဖြစ်သူက ကျွန်တော်တို့ထက် အသက်လည်းကွာ၊ အိမ်ထောင်လည်း စောစီးစွာ ကျခဲ့သဖြင့် ကျွန်တော် တစ်ဦးတည်းသာ ဖေဖေ၊ မေမေတို့ကြားတွင် အတူအိပ်စက်ရင်း ကြီးပြင်းခဲ့ရသည်။ ဖေဖေက ပရိတ်တရားတော်များကို ရွတ်ဆိုပူဇော်လေ့ရှိသဖြင့် ကျွန်တော်ညစဉ် ကြားနာခဲ့ရသည်။ မေမေက အိပ်ရာဝင်ပုံပြင်များအဖြစ် ဇာတ်တော်ကြီးဆယ်ဘွဲ့အပါအဝင် ဖတ်ဖူး၊ မှတ်ဖူးသမျှ ဝတ္ထုဆောင်းပါးများကို ပြောပြလေ့ရှိသဖြင့် စာပေဖြင့် ကျွန်တော် ရင်းနှီးခဲ့ရသည်။ ဩော် လက်ဦးဆရာတို့၏ နွေးထွေးသော ရင်ခွင်။

ကျွန်တော် (၅) တန်း ကျောင်းသားဘဝတွင် အစ်ကိုဝမ်းကွဲတစ်ဦး အတူလာရောက်နေထိုင်ပြီး ကျောင်းတက်ခဲ့သည်။ အစ်ကိုက (၈) တန်း၊ စာကြိုးစားသည်၊ စာဖတ် အလွန်ဝါသနာပါသည်၊ စာတိုပေစ ရေးသည်။ အစ်ကိုက ကျွန်တော့်ကျောင်းစာများ ကူညီသင်ပေးရင်း စာပေမျိုးစေ့ချပေးခဲ့သည်။ ကျွန်တော် စာဖတ်ဝါသနာ စွဲမြဲလာခဲ့သည်။ အစ်ကိုက စာရေးဆရာအဖြစ် ဘဝကို ရပ်တည်နေပြီ၊ ကျွန်တော်က စာသာဖတ်၍ စာမရေးတတ်၊ စာသင်တတ်သဖြင့် ကျောင်းဆရာဖြစ်လာခဲ့သည်။ အစ်ကို၏ နွေးထွေးသော ရင်ခွင် အမှတ်ထင်ထင်။

http://www.dhammadownload.com



ကျွန်တော် (၇) တန်း၊ အစ်ကိုက အိမ်မှာမရှိတော့၊ စာဖတ်ရှိန်က လည်း အထိုက်အလျောက် ရလာပြီ၊ ဖတ်စရာ စာအုပ်မရှိ၊ ကျွန်တော်တို့ ရန်ကုန် ဆင်ခြေဖုံး မြို့သစ်များတွင် စာကြည့်တိုက်မရှိ။ မိဘကလည်း ကျောင်းစရိတ်ပင် အနိုင်နိုင်၊ ထိုစဉ် ရေငတ်တုန်း ရေတွင်းထဲကျ၊ အိမ်တွင် ဆွမ်းခံကြွသော ဦးပဉ္စင်းက စာပေသမား၊ လောကုတ္တရာစာမေးပွဲ အလီလီ အောင်မြင်ပြီးဖြစ်သလို လောကီပညာလည်း မခေ၊ (၁၀) တန်း ဖြေဖူးခဲ့ပြီ။ ကျွန်တော့်ကို စာသင်ပေးသည်၊ စာအုပ်တွေ ပေးဖတ်သည်၊ ရန်ကုန်မြို့ထဲ ခေါ်သွားသည်၊ စာအုပ်ဆိုင်တန်းတွေ တွေ့ရပြီ၊ ဦးပဉ္စင်းကို ကူညီသယ်ဆောင် ပေးရင်း တစ်ခါတစ်ရံ ကျွန်တော့်အတွက် ဝယ်ပေးသည်။ ကျွန်တော် အရမ်း ပျော်ခဲ့သည်။ မြို့ထဲသွားတိုင်း သိမ်ကြီးဈေးရှိ ဘဘထံ ရောက်သည်။ ဘဘ က မုန့်ဖိုးပေးသည်၊ ကျွန်တော်က စာအုပ်တွေ တစ်ပွေ့တစ်ပိုက်ဖြင့် ပြန်ခဲ့ သည်။ စာအုပ်လေးတွေ အတော်စုဆောင်းမိလာပြီ၊ ဦးပဉ္စင်း၏ စာပေရင်ခွင် ယခုပင် နွေးထွေးဆဲ။

ကျွန်တော်တို့ ဟိုက်စကူးဖိုင်နယ် (ခေါ်) ကိုးတန်းအစိုးရစစ် ဖြေရ မည်။ မြို့သစ်တွင် တန်းမြင့်ကျောင်း စဖွင့်သည့်အချိန်။ ဆရာ၊ဆရာမတို့၏ ကြိုးစားမှုက အံ့မခန်း၊ စေတနာထားကြသည်။ ကျောင်းစာများကို အားပါး တရ ရင်ကွဲမတတ် သင်ပေးကြသည်။ ကျွန်တော်တို့ကလည်း ဘဝ နာသူ တွေ၊ အစွမ်းကုန် ကြိုးစားခဲ့ကြသည်။ စွဲစွဲမြဲမြဲ စာဖတ်ကြသည်၊ အချိန်ကို တန်ဖိုးရှိရှိ အသုံးချကြသည်၊ အလယ်တန်း ဆရာ၊ ဆရာမတွေ ချပေးခဲ့သည့် အခြေခံအုတ်မြစ်ကလည်း ခိုင်သည်။ ဒီတော့ ခုံနံပါတ်တွေ တန်းစီပြီး အောင် သည်။ အ·ထ·က (၁) ဆရာ၊ ဆရာမတို့ ရင်ခွင်တွင် ပညာရင်နို့ သောက် စို့ခဲ့ရသည့်ကာလ၊ ကျွန်တော်တို့ ဘဝကို တစ်ဆစ်ချိုး ပြောင်းလဲစေခဲ့သော မေတ္တာ၊ စေတနာများ။

ဆယ်တန်းရောက်ပြီ။ ဖေဖေ၊ မေမေတို့လည်း အိုပြီ။ ကျွန်တော် လုပ်ကျွေးပြုစုရမည့်အလှည့် ကြုံရပြီ၊ မူလတန်းပြ ဆရာအဖြစ် (၁၂၆)ကျပ် (၇၅) ပြား ရသောလခ၊ ပထမဦးဆုံးရသည့်လ၊ ရှိခိုးကန်တော့ပြီး လစာကို အပ်တော့ ဖေဖေ၊ မေမေတို့ မျက်ရည်ကျ၊ ကျွန်တော်လည်း လက်တွေတုန်၊

http://www.dhammadownload.com



ရင်တွေခုန်၊ ပီတိအဟုန်ဖြင့် ကတုန်ကယင်။ မေမေက (၁၀၀) ယူမယ်၊ ကျန်တာ သားသုံးတဲ့၊ ဆယ်တန်းလည်းဖြေ၊ စာအုပ်တွေလည်း ဝယ်ဖတ်လို့ရ။

နောက် လုပ်သားကောလိပ် တက်ခွင့်ရသည်၊ ကျွန်တော်တို့အတွက် စာကြည့်တိုက်ကြီးက ထီးထီးမားမား၊ အငမ်းမရ၊ စွဲစွဲမက်မက်၊ ဖတ်ကြ၊ မှတ်ကြ၊ အားပါးတရ။ စီးပွားရေးပညာ ပထမအသုတ် ကျောင်းသားတွေမို့ ပါမောက္ခကြီးများ၊ ကထိကကြီးများကိုယ်တိုင် ဖိဖိစီးစီး၊ သင်ကြ၊ အားပေးကြ၊ ကျွန်တော်တို့ကလည်း စာကြိုးစားကြ၊ ဖားသူငယ် ရေပြင်ကျယ်ကို မြင်ရသော ကာလ၊ နွေးထွေးသော ရင်ခွင်များ၏ တစ်စိတ်တစ်ဒေသ။

ရန်ကုန်တက္ကသိုလ် ရွှေရတုသဘင်ကာလ အထိမ်းအမှတ် စာအုပ်တွေ ဖတ်ခွင့်ရတော့ ကျွန်တော် တမ်းတစွဲလမ်းခဲ့ရသည့် တက္ကသိုလ်စာကြည့်တိုက်ကြီးကို ရောက်ဖူးချင်စိတ်တွေ တားမရ၊ ဆီးမရ၊ ဆန္ဒပြင်းပြသော်လည်း ဒေသစိမ်းမို့ မဝံ့မရဲ၊ နောက်ဆုံးတော့ ကျွန်တော် အရဲစွန့်ပြီ။ ကံကောင်းသည့် ကျွန်တော်၊ စာကြည့်တိုက် အပေါ်ထပ်မှာ အိပ်မက်ထဲက ဆရာကြီးများကို မျက်ဝါးထင်ထင် မြင်ခဲ့ရဖူးပြီ။

ဆရာကြီး ဦးသိန်းဟန်တဲ့၊ ဆရာကြီး ဒေါက်တာ သန်းထွန်းတဲ့၊ ဆရာကြီး ဦးသော်ကောင်းတဲ့၊ ပညာရှိကြီး သုံးဦးသား စာအုပ်တွေကြားမှာ တိုင်ပင်ဆွေးနွေးနေသည့်မြင်ကွင်း၊ ကျွန်တော် ကြည့်မဝ၊ အားကျမဆုံး။ ဆရာကြီးများ သွားလေရာနောက် မလှမ်းမကမ်းက တတမ်းတတ လျှောက်လိုက်နေမိပြီ၊ ဆန္ဒတွေ တားဆီးမရသည့်အဆုံး ဆရာကြီးများအနီး ချဉ်းကပ်ပြီး သိလိုသမျှ မေးခဲ့မိရာမှ ဆရာကြီးများ၏ မေတ္တာ၊ စေတနာ၊ ကြင်နာမှု၊ အားပေးမှု၊ သန့်စင်သော နှလုံးသား၊ ကြည်လင်သော အပြုံးများမှ တစ်ဆင့် နွေးထွေးသောရင်ခွင် ခိုလှုံခွင့်ရဖို့ လမ်းစတွေ့ခဲ့ရပြီ။

ရရှိခဲ့သည့်လမ်းစ၊ (၁၅) နှစ်ကြာမှ ခြေချခွင့်ရသည်။ ကြွေးဟောင်းဆပ်၍ ကြွေးသစ်ချနေရသည့်ကာလမို့ မိမိဆန္ဒ ရှေ့တန်းမတင်နိုင်၊ ထို့ကြောင့်ပင် ထိုမျှ ကြန့်ကြာခဲ့ရသည်။ အစိုးရ အလုပ်တာဝန်ဝတ္တရားများမှ နုတ်ထွက်ပြီ၊ မိသားစုအရေး စိတ်အေးရအောင် ပြင်ဆင်သည်။ အဆင်ပြေပြီ။ ငယ်စဉ်က စခဲ့သည့် စိတ်ကူးအိပ်မက်၊ ခုတော့ အကောင်အထည်ဖော်ပြီ။ အသည်း

http://www.dhammadownload.com



စွဲသည့် ဝါသနာ၊ တက်ချင်လှသည့် စာကြည့်တိုက်ပညာ သင်ခွင့်ရခဲ့ပြီ။ စာကြည့်တိုက် အရိပ်ကို ခိုပြီ၊ စာအုပ်ပုံကြား နစ်မြုပ်ပြီ၊ ဆရာကြီးများ၏ နွေးထွေးသော ရင်ခွင်တွင် ခိုလှုံခွင့်လည်းရချေပြီ။ ဖားသူငယ် အပြောကျယ် သည့် ရေပင်လယ်တွင် လွတ်လပ်စွာ ကျင်လည်ခွင့်ရ၊ အတိုင်းအဆမရှိ၊ ကြည်နူး၊ ရွှင်ပျ အားမာန်တက်ကြွသည့်ကာလ။

ဆရာကြီး ဦးသော်ကောင်း ဦးဆောင်သော ဆရာကြီးများ၊ ဆရာ, ဆရာမများ၏ သန့်စင်သော ရင်ခွင်၊ နှစ်လိုဖွယ်ကောင်းသော ရိုးသားမှုများ၊ ကြင်နာမှုအပြည့်ဖြင့် ရိုင်းပင်းမှုများ၊ ဘဝတူများ၏ လက်တွဲမှုများ။

သြော်-ကျွန်တော် ခိုလှုံခဲ့ရသည့် ရင်ခွင်များ၏ နွေးထွေးမှု၊ ကြည် ကြည်နူးနူး၊ တမ်းတမ်းတတ၊ မှတ်မှတ်ရရ။

**အောင်ချိုအေး (ACA)**

**[ရန်ကုန်တက္ကသိုလ်၊ စာကြည့်တိုက်နှင့် သုတပညာမဂ္ဂဇင်း(၁၉၉၇-၉၈)မှ ပြန်လည် ဖော်ပြသည်။ စီစဉ်သူ]**

http://www.dhammadownload.com

# ပျိုးခင်းရှာက ကျေးလက်တက္ကသိုလ်

လတ်တစ်လောတွင် ဂျာနယ်များ၌ လည်းကောင်း၊ သတင်းစာများ၌ လည်းကောင်း စာကြည့်တိုက် တည်ထောင်ခြင်း၊ စာကြည့်တိုက် ဖွင့်လှစ်ခြင်းဟူသော သတင်းကို မကြာခဏ ဖတ်ရပါသည်။ စာရေးသူ၏ အမြင်ကို ပြောရလျှင် ယခု ဆယ်စုနှစ်အတွင်း၌ မြန်မာနိုင်ငံတစ်ဝန်းလုံး အရှိန်အဟုန်မြင့်မြင့်ဖြင့် စာကြည့်တိုက်များ ဖွင့်လှစ်လာကြသည်ကို တွေ့ရ၏။ မြို့ကြီးပြကြီး ရပ်ကွက်များမှအစ ကျေးလက်တောရွာများအထိ ကိုယ်ထူကိုယ်ထစနစ်ဖြင့် စာကြည့်တိုက်များ အသီးသီး ထူထောင်လာကြသည့်အတွက် ဝမ်းသာရပါသည်။ တစ်ဦးချင်းအတွက်ဖြစ်စေ၊ လူမျိုးစုတစ်စုအတွက်ဖြစ်စေ၊ နိုင်ငံအတွက်ဖြစ်စေ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရမည့် သတင်းကောင်းများ ဖြစ်ပါ၏။ လူမျိုးနှင့် နိုင်ငံ ပိုမိုတိုးတက် အောင်မြင်လာသည့် နိမိတ်တစ်ခုဟုလည်း ဆိုနိုင်ပါသည်။ ယခုလည်း မုံရွာမြို့နယ်က မင်းရွာ၊ အောင်ဇေယျကျောင်းတိုက်၌ လူထုအကျိုးပြု ပိဋကတ် စာကြည့်တိုက်ဖွင့်မည်ဟု အရှင်ရေဝတ (သာသနာ့ပျိုးခင်း) ထံမှ ဝမ်းမြောက်ဖွယ်သတင်း ကြားသိရ၏။

စာကြည့်တိုက် ဆိုသည်မှာ မြို့ကြီးပြကြီးတို့၌သာမက ကျေးလက်တောရွာများအထိ နေရာတိုင်းတွင် ရှိသင့်ပါသည်။ စာကြည့်တိုက်ရှိသော အရပ်ဒေသနှင့် စာကြည့်တိုက် မရှိသော အရပ်ဒေသတို့၏ တိုးတက်မှုနှုန်းမှာ များစွာ ကွားခြားနိုင်ပါသည်။ လူမှုရေး၊ စီးပွားရေး၊ ပညာရေး စသည်

http://www.dhammadownload.com



တို့၏ အဆင့်အတန်းလည်း ကွာဟလာနိုင်ပါသည်။ ထိုအရပ်ဒေသနှစ်ခု ရှိ လူငယ် လူရွယ်တို့၏ လိမ္မာယဉ်ကျေးမှုသည်လည်း တူညီမှု မရှိနိုင်ပေ။ စာကြည့်တိုက်၏ အကျိုးကျေးဇူးမှာ များပြားလွန်းပါသည်။

ထို့ကြောင့် နေရာတိုင်းတွင် စာကြည့်တိုက် ဖွင့်ပေးနိုင်လျှင် အတိုင်းမသိ ဝမ်းမြောက်ပေးရမည်။

စာဖတ်ခြင်း၏ အကျိုးရလဒ်ကို မသိသူ၊ စာကြည့်တိုက်၏အကြောင်းကို နားမလည်သူ အချို့တို့က "စာကြည့်တိုက်ဖွင့်လို့ ဘာထူးမှာလဲ၊ အချိန်ကုန်တယ်၊ လူပန်းတယ်၊ ငွေခန်းတယ်" စသည်ဖြင့် ပြောချင်လည်း ပြောကြပေလိမ့်မည်။ အားပေး ကူညီမည့်အစား ဖျက်လိုဖျက်ဆီး ပြုချင်ကြပေလိမ့်မည်။ အမှန်တကယ် မသိရိုးမှန်လျှင် ထိုမသိသူများကို ပြောချင်ပါသည်။ တတ်သိနားလည်သူတိုင်း ပြောပြပေးရန် တာဝန်ရှိသည်။ ပြောလည်းပြောပြသင့်သည်။ စာရေးသူအနေနှင့်ကား ကြီးကျယ်ခမ်းနား ဆန်းပြားသောစကားပုံတို့ဖြင့် မပြောလိုပေ။ ပြောလည်း မပြောတတ်သည်မှာ အမှန်ဖြစ်၏။

ထို့ကြောင့် ရိုးရိုးရှင်းရှင်းလေးသာ ပြောလိုပါသည်။

လူတိုင်းသည် အခြားသောအရာများကို မမြင်ဖူးလျှင်သာ ရှိလိမ့်မည်။ အိမ် သို့မဟုတ် နေထိုင်စရာ အဆောက်အအုံတို့ကိုကား မမြင်ဖူးသူဟူ၍ တစ်ယောက်တလေမျှ ရှိမည်မဟုတ်ပေ။ လူတိုင်း ပုဂ္ဂိုလ်တိုင်း အိမ်တည်း ဟူသော အဆောက်အအုံတွင် နေထိုင်ကြရသည်ဖြစ်ရာ အိမ်ကို အားလုံးမြင်ဖူးကြပါသည်။ အကျွမ်းတဝင်လည်း ရှိကြပါသည်။ ထိုအိမ်တွင် ပြတင်းပေါက်များ ထားရှိရသည်ကိုလည်း အားလုံး သိကြပါသည်။ စာကြည့်တိုက်သည် ထိုပြတင်းပေါက်များနှင့် သဏ္ဌာန်တူ၏။

မည်မျှပင် ခေတ်မီသော တိုက်တာ အဆောက်အအုံဖြစ်စေ ပြတင်းပေါက် သို့မဟုတ် ပြတင်းပေါက်နှင့်တူသောအရာ ရှိကို ရှိရပါ၏။ ပါကို ပါရ၏။ အဘယ့်ကြောင့် ပြတင်းပေါက်များ ထားရှိရပါသနည်း။ အဆောက်အအုံကို စတင်တီထွင် ဆောက်လုပ်ခဲ့သော ကမ္ဘာဦးလူသားတို့၏ အတွေးအခေါ်နှင့် အမြော်အမြင် ရည်ရွယ်ချက်တို့ကို ချီးမွမ်းရမည်။ သူတို့၏ စိတ်ကူးစိတ်သန်းများ မည်မျှ ကောင်းလိုက်သနည်း။ ဤအကြောင်းကို လူတိုင်းက

http://www.dhammadownload.com



သိနေသော်လည်း စဉ်းစားဖူးချင်မှ စဉ်းစားဖူးလိမ့်မည်။ တွေးဖူးချင်မှလည်း တွေးဖူးကြလိမ့်မည်။

ဤမျှရိုးရှင်းသော အရာတစ်ခု ကိစ္စတစ်ခုကို စဉ်းစားကြည့်စရာမလို၊ အချိန်ကုန်ခံ တွေးတောကြည့်စရာ မလိုဟု ယူဆသူတို့လည်း ရှိနေနိုင်ပါသည်။ သို့ဖြစ်လျှင် စာရေးသူက ဆိုချင်ပါ၏။ (ပြောလည်း ပြောလိုက်ပါရစေ) ရိုးရှင်းသော အရာကိစ္စတစ်ခုကို မစဉ်းစား မတွေးတောတတ်သူသည် ဆန်းပြားသစ်လွင်သော အရာကိစ္စကို စဉ်းစားတွေးတောတတ်ရန် မလွယ်ပေ။ ပေါ့ပါးသော အကြံစည်ကို မတွေးခေါ်တတ်သူသည် နက်ရှိုင်းသော စိတ်ကူးမျိုးကို တွေးခေါ်တတ်ရန် မဖြစ်နိုင်ပေ။ သေးငယ် နိမ့်ပါးသော အကြောင်းအရာ တစ်ခုကို မစဉ်းစား မတွေးတောမိသူသည် ကြီးကျယ်မြင့်မြတ်ခမ်းနားသော အကြောင်းအရာတို့ကိုလည်း စဉ်းစားတွေးတောမိရန် မဖြစ်နိုင်ချေ။ ဆန်းပြားသစ်လွင်သော အတွေးသည် ရိုးရှင်းသော အတွေးမှ လာသည်။ နက်ရှိုင်းသော အတွေးသည် ပေါ့ပါးသော အတွေးမှ လာသည်။ ကြီးကျယ်ခမ်းနားသော အတွေးသည် သေးငယ်သော အတွေးမှ လာသည်ဟု ဆိုနိုင်ပါ၏။ ဆိုလိုရင်းကား အိမ်တိုင်းတွင် ပြတင်းပေါက် ထားရခြင်းအကြောင်းကို စဉ်းစားခြင်းမှတစ်ဆင့် စာကြည့်တိုက်များ ထားရှိရခြင်းအကြောင်းကို စဉ်းစားကြည့်စေလိုခြင်း ဖြစ်၏။

စာကြည့်တိုက်ကို ပြတင်းပေါက်နှင့် အလားတူသည်ဟု ဆိုခဲ့၏။ တူပုံကား ပြတင်းပေါက်များမှ တစ်ဆင့် လေကောင်းလေသန့် ရရှိနိုင်၏။ လေကောင်းလေသန့်များသည် ပြတင်းပေါက်များမှတစ်ဆင့် ဝင်ရောက်လာသည်။ တစ်နည်းအားဖြင့် ပြတင်းပေါက်သည် အိမ်အတွင်းရှိ အနံ့အသက်ဆိုးများ အခိုးအငွေ့ဆိုးများကို လွင့်ထွက်စေသည်။ ပြတင်းပေါက်ကြောင့် အနီးဝန်းကျင်ကိုလည်း ငုံ့ကြည့်နိုင်သည်။ အဝေးဝန်းကျင်ရှိ ရှုမျှော်ခင်းတို့ကိုလည်း မော့မော ကြည့်ရှုနိုင်၏။ ညခင်းဖြစ်ပါလျှင် ကောင်းကင်မှ ကြယ်တာရာများနှင့် လမင်းစန္ဒာတို့ကိုလည်း ကြည့်ရှုခံစားနိုင်၏။ ပြတင်းပေါက်များမှတစ်ဆင့် ပြင်ပ၌ ဖြစ်ပျက်နေသော အကြောင်းအရာမျိုးစုံကိုလည်း တွေ့မြင်နိုင်၏။

http://www.dhammadownload.com



ပြတင်းပေါက်များ မရှိပါမူ ထိုအိမ်သည် တင့်တယ်မှုလည်း မရှိ၊ လေကောင်း လေသန့်လည်း မရနိုင်ပေ။ အနံ့အသက်ဆိုးများဖြင့် မွန်းကျပ်ပိတ်လှောင်နေတတ်၏။ အနီးအဝေးရှိ ရှုခင်းအစုံနှင့် ကောင်းကင်ရှိ ငွေကြယ်ပွင့်အပြင် တည်ကြည်ခံ့ညားနေသော လမင်းစန္ဒာတို့၏ အလှကိုလည်း ငေးမောကြည့်ရှု ခံစားနိုင်ရန် အခွင့်မရှိပေ။ ထို့အပြင် မိမိ ပတ်ဝန်းကျင်ပြင်ပ၌ ဖြစ်ပျက်နေသော အကြောင်းကိစ္စတို့ကိုလည်း မကြားမသိနိုင်ပေ။

ထိုနည်းတူပင် စာကြည့်တိုက်တည်း ဟူသော ပြတင်းပေါက်များမှ တစ်ဆင့် ကောင်းမွန် လတ်ဆတ်သန့်ရှင်းသော အတွေးအခေါ်တို့သည် မိမိတို့၏ ဘဝ၊ မိမိတို့၏ အသိဉာဏ်တည်းဟူသော အိမ်အတွင်းသို့ ဝင်ရောက်လာနိုင်၏။ မိမိထံ ကိန်းအောင်းခိုဝှက်နေသည့် မကောင်းသော အတွေးအမြင်၊ လွဲမှားသော အယူအဆ၊ မမှန်ကန်သော ရည်ရွယ်ချက် စသည်တို့ကိုမူ လွင့်ထွက် ပျက်ပြယ်စေနိုင်၏။ စာကြည့်တိုက်မှတစ်ဆင့် ကျေးရွာ တောတောင်တို့ကို ကြည့်ရှုနိုင်၏။ မြို့ပြတိုက်ခန်းနှင့် ဟိုတယ်၊ မိုတယ် တို့ကိုလည်း လှမ်း၍ ကြည့်ရှုနိုင်၏။ မိမိလူမျိုး မိမိနိုင်ငံသာမက ကမ္ဘာ့အရပ်ရပ်ကိုလည်း မြင်အောင် ကြည့်နိုင်ပါ၏။ ရိုးရာယဉ်ကျေးမှုမှအစ သိပ္ပံပညာအဆုံး အားလုံးကို တစ်နေရာတည်း၌ စုံလင်စွာ ကြည့်ရှုနိုင်သည်။

အဘယ့်ကြောင့် ဤသို့ ဆိုရသနည်း။ အချုပ်ဆိုရလျှင် စာကြည့်တိုက်၌ ရှိသော ဂျာနယ်၊ စာစောင်၊ စာအုပ်များစွာတို့မှ အကြောင်းအရာမျိုးစုံ ဗဟုသုတမျိုးစုံတို့ကို ရယူနိုင်သောကြောင့် ဖြစ်၏။ ကမ္ဘာ့အကြောင်းကို သိနိုင်ပါသည်။ ဤနေရာ၌ စာကြည့်တိုက် ဆိုသည်မှာ e-library အမျိုးအစားကိုလည်း မေ့မထားသင့်ပေ။

ထိုသို့ ပညာလိုလားသူ၊ ဗဟုသုတ စုဆောင်းလိုသူတို့ မိမိဘာသာ မိမိကြိုက်နှစ်သက်ရာ ဘာသာရပ် အကြောင်းအရာ စာပေ စသည်တို့ကို လေ့လာ ဖတ်ရှု၍ မိမိ လိုလားသည့် ပညာရပ်ကို ဆည်းပူးနိုင်သောကြောင့် လူထုအများနှင့် ဆက်စပ်နေသော စာကြည့်တိုက်ကို ဒေါ်တင်အေးကြည် (စာပေဗိမာန်) က "လူထုတက္ကသိုလ်" ဟု ဆောင်းပါးတစ်ပုဒ်၌ ဆိုခဲ့ဖူးသည်။

http://www.dhammadownload.com



စာရေးသူအနေဖြင့်မူ ကျေးလက်တောရွာနေ လူထုတို့၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး စသည်တို့ကို များစွာ အထောက်အကူ ပြုနိုင်ရုံမျှမက မြင့်မားတိုးတက် ပြောင်းလဲလာအောင် စွမ်းဆောင်ပေးနိုင်သော ဌာနဟု ဆိုချင်ပါသည်။ မဖွံ့ဖြိုးသေးသော ကျေးလက်တောရွာနေ လူထုတို့၏ မျက်စိအမြင်ကို ပွင့်လင်းစေရာ၊ နားအကြားကို ဖွင့်လှစ်ပေးရာဌာနလည်း ဖြစ်သည်။ ထို့ကြောင့် စာကြည့်တိုက်ကို "ကျေးလက်မျက်စိ"ဟု ဆိုလျှင်လည်း မှားအံ့ မထင်ချေ။

တစ်နည်းအားဖြင့် ကျေးလက်တောရွာရှိ စာကြည့်တိုက် ဆိုသည်မှာ ထိုကျေးလက်တောရွာနေ လူထုတို့အား ပညာရပ်အစုံ၊ ဘာသာရပ်အစုံတို့ကို သင်ယူလေ့လာ ဆည်းပူးနိုင်အောင် စီမံထားပေးသောနေရာလည်း ဖြစ်သည်။ ထို့ကြောင့် စာရေးသူအနေအားဖြင့် စာကြည့်တိုက်ကို "ကျေးလက်တက္ကသိုလ်" ဟု ထပ်ဆင့်တင်စား ဖွဲ့ဆိုချင်ပါသည်။

ကျေးလက်တက္ကသိုလ်ဟု ဆိုအပ်သော စာကြည့်တိုက်နှင့် ပတ်သက်၍ သိသင့်သိထိုက်သော အချက်အလက်တို့ကို အနည်းငယ်မျှ တင်ပြလိုပါသည်။ စာကြည့်တိုက်ဖွင့်သည်ဆိုရာ၌ လွယ်ကူသောကိစ္စ မဟုတ်။ စာကြည့်တိုက်ဟု အမည်ပေးရုံမျှဖြင့် စာကြည့်တိုက် ဖြစ်ပြီဟု မဆိုနိုင်သေးချေ။ စာကြည့်တိုက် ပီသရန်အတွက် စာကြည့်တိုက်နှင့် ပတ်သက်သော အခြေခံပညာရပ်များ တတ်သိ နားလည်ထားရမည်။ စာကြည့်တိုက်တစ်ခု ပီပီပြင်ပြင် ဖြစ်လာရေးမှာ လိုအပ်သော အင်္ဂါရပ်များနှင့်လည်း ပြည့်စုံရမည်။

စာကြည့်တိုက်တစ်ခု ဖြစ်လာရန် B သုံးလုံးနှင့် ပြည့်စုံရမည်ဟု ဆိုကြ၏။ အချို့ကမူ B လေးလုံးဟု ဆိုကြပါသည်။ ၎င်းတို့မှာ BooK ဟူသော စာအုပ်စာစောင်များ၊ Brain ဟူသော အသိဉာဏ် သို့မဟုတ် ဦးနှောက်၊ BuiLdng ဟူသော အဆောက်အအုံ၊ Budget ဟူသော ရန်ပုံငွေတို့ ဖြစ်၏။

ထိုတွင် စာအုပ်ဆိုသည်မှာ ကာတွန်း၊ ဝတ္ထု၊ ဂျာနယ်၊ စာစောင်၊ ကျမ်းစာ၊ စာအုပ်နှင့်ဆိုင်သော tape,CD စသည်တို့ ဖြစ်၏။ ခေတ်ကာလ အနေအထားအရ အင်တာနက်၊ အီးမေးလ် စသည်တို့ဖြင့် ကြည့်ရှုနိုင်သော

http://www.dhammadownload.com



သတင်းတို့သည်လည်း စာအုပ်၌ အကျုံးဝင်ပါသည်။ အသိဉာဏ် သို့မဟုတ် ဦးနှောက် ဆိုသည်မှာ စာကြည့်တိုက်နှင့် ပတ်သက်သော ပညာရပ်ဆိုင်ရာများကို တတ်ကျွမ်း နားလည်ထားမှုဖြစ်၏။ ဤအချက်သည် အဓိကအားဖြင့် စာကြည့်တိုက်ကို တာဝန်ယူရသူ စာကြည့်တိုက်မှူး လက်အောက်တွင် တည်ရှိသောကြောင့် ၎င်းတို့သည်လည်း Brain ၌ပင် အကျုံးဝင်ပါသည်။ အဆောက်အအုံ ဆိုသည်မှာ စာအုပ်စာစောင် စသည်တို့ကို စုဆောင်းထားရှိရာ နေရာတို့ ဖြစ်၏။ ရန်ပုံငွေကား စာကြည့်တိုက်အတွက် အသုံးပြုရန် ရှာဖွေရရှိထားသော ငွေကြေးကို ဆိုလို၏။

ထိုတွင် မည်သည့်အရာက အရေးကြီးသနည်း။ စာအုပ်သည် စာကြည့်တိုက်တွင် မရှိမဖြစ်သောအရာ ဖြစ်သောကြောင့် ပညာရှင် အများစုက စာအုပ်ကို အရေးကြီးဆုံးဟု သတ်မှတ်ကြ၏။ စာကြည့်တိုက်၏ တိုးတက်မှုနှင့် မတိုးတက်မှုတို့သည် စာကြည့်တိုက်မှူး၏ လုပ်ဆောင်နိုင်စွမ်း အရည်အချင်းနှင့် အဓိက သက်ဆိုင်သောကြောင့် အသိဉာဏ်ကို ဒုတိယအရေးကြီးဆုံးဟု ဆိုကြ၏။ အဆောက်အအုံကား တတိယ၊ ရန်ပုံငွေကား စတုတ္ထဟု သတ်မှတ်ကြပါသည်။ (စာရေးသူ အတ္တနောမတိကို ဆိုရပါမူ စာကြည့်တိုက်မှူး၏ အခန်းကဏ္ဍသည် အရေးကြီးဆုံးဖြစ်သည်ဟု ဆိုချင်ပါ၏။ စာအုပ် မည်မျှပေါပေါ၊ အဆောက်အအုံ မည်မျှကောင်းကောင်း၊ ငွေကြေးမည်မျှ တတ်နိုင်တတ်နိုင် စာကြည့်တိုက်မှူး၏ စီမံခန့်ခွဲမှု ညံ့ဖျင်းလျှင် ခေတ်မီ တိုးတက်သော စာကြည့်တိုက် မဖြစ်နိုင်ချေ။ သက်မဲ့ အရာဝတ္ထုကို သက်ရှိသတ္တဝါတို့က ပြုပြင်ပေးနိုင်စွမ်းရှိ၏။ သက်ရှိ သတ္တဝါတို့ကိုကား သက်မဲ့ အရာဝတ္ထုက ပြုပြင်ပေးနိုင်စွမ်း မရှိလှချေ။ ဤအချက်ကို ထောက်ဆ၍ စာကြည့်တိုက်မှူး၏ အခန်းကဏ္ဍသာလျှင် အရေးကြီးဆုံးဟု ဆိုချင်ပါသည်။

စာကြည့်တိုက်တစ်ခု ဖြစ်လာပြီးနောက် စာကြည့်တိုက် ပီသစေရန် အောက်ပါအချက်တို့နှင့် ပြည့်စုံရပါမည်။ ၎င်းတို့မှာ ရောက်လာသော စာအုပ်များကို တံဆိပ်ရိုက်ခြင်း၊ တိုက်ပိုင်အမှတ်သွင်းခြင်း၊ စာရင်းပြုစုခြင်း၊ မျိုးတူစုခွဲခြင်း၊ ကက်တလောက်ဖြင့် မှတ်တမ်းတင်ခြင်းတို့ ဖြစ်သည်။ သို့သော် စာကြည့်တိုက်သည် အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ် စာကြည့်တိုက်၊

http://www.dhammadownload.com



အထူးစာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်ဟု လေးမျိုးလေးစား ရှိသည့် အနက် ပြည်သူ့စာကြည့်တိုက်တွင် မျိုးတူစုခွဲခြင်း၊ ကက်တလောက်တင်ခြင်း ကိစ္စတို့ကို လုပ်ဆောင်နိုင်စွမ်း သိပ်မရှိလှချေ။ ထို့ကြောင့် တိုက်ပိုင်သွင်း ခြင်း၊ တံဆိပ်ရိုက်ခြင်း၊ စာရင်းပြုစုခြင်း၊ ဂျာနယ် မဂ္ဂဇင်း စသည်တို့ကို တူရာတူရာ စုထားခြင်းမျိုးကိုကား မဖြစ်မနေ လုပ်သင့်ပေသည်။ သို့မဟုတ် ပါလျှင် စာကြည့်တိုက်ဟု အမည်ပေးထားသော်လည်း စာကြည့်တိုက်ဟု မသတ်မှတ်နိုင်။ အကယ်၍ ဇွတ်အတင်း သတ်မှတ်ထားလျှင်လည်း တိုးတက် အောင်မြင်သော စာကြည့်တိုက်၊ ခေတ်မီဖွံ့ဖြိုးသော စာကြည့်တိုက်ကား မဖြစ်နိုင်ချေ။ ပညာရှင်တို့သည်လည်း "စာကြည့်တိုက်မဟုတ်၊ စာအုပ် အများ • အပြားကို စုပုံသိမ်းဆည်းထားသော နေရာတစ်ခုသာ ဖြစ်သည်" ဟု ဆိုကြ ပေလိမ့်မည်။ စာကြည့်တိုက်ဖွင့်သူတိုင်း ယင်းအချက်ကို သတိပြုသင့်သည်။

ကျေးလက်တောရွာတစ်ခုရှိ စာကြည့်တိုက်တစ်ခုသို့ ရောက်ဖူးပါ သည်။ စာကြည့်တိုက်အမည်ခံထားသော်လည်း စာအုပ်စာရင်း မရှိ၊ တိုက်ပိုင် အမှတ်မရှိ၊ စာအုပ်ကို အမျိုးအစား ခွဲထားခြင်းလည်း မရှိပေ။ အဆိုးဆုံး မှာ စာကြည့်တိုက်ကို သီးသန့် တာဝန်ယူထားသည့် ပုဂ္ဂိုလ် မထားခြင်းပင်။ (အကောင်းဘက်မှ ဖြေတွေးလေးဖြင့် ဖြေတွေးခဲ့ရပါသည်။ လက်လုပ်လက်စား များအတွက် စာအုပ်များကို အခမဲ့ငှားရမ်း ဖတ်ရှုခွင့်ရသည်ပင် တော်လှပြီ ဟု ဆိုရတော့မည်။) အမှန်တကယ်ကား ဤသို့ မဖြစ်သင့်ချေ။

အပြုသဘောဖြင့် ပြောရမည်ဆိုလျှင် စာကြည့်တိုက်ဖွင့်မည်ဟု အတိအကျ ဆုံးဖြတ်ပြီးပါက တိုးတက် အောင်မြင်နေသော စာကြည့်တိုက် တစ်ခုသို့ နှစ်ခေါက်သုံးခေါက် အနည်းဆုံး သွားရောက် လေ့လာသင့်သည်။ သို့မဟုတ်လည်း စာကြည့်တိုက်လုပ်ငန်း၏ အခြေခံသဘောတရားများကို တတ်သိနားလည်သော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် တွေ့ဆုံဆွေးနွေးသင့် ၏။ ထိုသူ၏ အကြံပေးချက်များကိုလည်း လက်ခံလိုက်နာ ဆောင်ရွက်သင့် ပါသည်။ သို့မှသာ စာကြည့်တိုက် ဟူသော အမည်သညာနှင့် ကိုက်ညီပြီး လူထုအများကို အမှန်တကယ် အကျိုးပြုနိုင်သည့် "ကျေးလက် မျက်စိ တစ်စုံ" သို့မဟုတ် "ကျေးလက်တက္ကသိုလ်တစ်ခု" ဖြစ်လာပေလိမ့်မည်။

http://www.dhammadownload.com



## စာကိုး

၁။ ပရကထာ၊ ပါရဂူ၊ ပထမအကြိမ် ဖြည့်စွက်ထုတ်ဝေခြင်း။ ၁၉၉၈ ခုနှစ်၊ မုံရွေးစာအုပ်တိုက်။

၂။ သူတို့ခေတ် သူတို့အတိတ် သူတို့အရိပ်၊ သိန်းဖေမြင့်၊ ပထမအကြိမ် ၂၀၀၀ ပြည့်နှစ်၊ စာအုပ်ဈေး။

၃။ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ ဗိုလ်မှူး ဘသောင်း၊ ပဥ္စမအကြိမ်၊ ရာပြည့်။

၄။ လယ်တီပဏ္ဍိတ အလေ့အထ၊ ဒဂုန်ဦးစန်းငွေ၊ သင့်ဘဝ မဂ္ဂဇင်း၊ တွဲ ၁၊ အမှတ် ၃၊ ၁၃၁၅ ခု၊ သီတင်းကျွတ်။

၅။ ဦးရဲခိုင်၊ (လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ မြေး) မေးမြန်းချက်။

၆။ အရှင်အာဒိစ္စဝံသ (ဌေးလွင်၊ ဆားလင်းကြီး) မိန့်ကြားချက်။

http://www.dhammadownload.com

# လူငယ်တွေ တကယ်အောင်မြင်ချင်တာလား

လူငယ်လေးတွေနှင့် ကျွန်တော် အလုပ်တစ်ခုကို တွဲလုပ်ဖူးသည်မှာ ယခု အကြိမ်ပါနှင့်ဆိုလျှင် သုံးကြိမ်ရှိပြီဟု ဆိုရပါမည်။ သူတို့မှာ တူညီတာ တစ်ခု ရှိသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် အောင်မြင်မှုကို ဆာလောင်နေကြခြင်းပင် ဖြစ်သည်။

ကျွန်တော် ပထမဆုံး ပြောပြချင်သည့် အလုပ်အကိုင်တစ်ခုက သတင်းစာတိုက်လုပ်ငန်း ဖြစ်သည်။ ဒီလုပ်ငန်းကို ကျွန်တော့်လူငယ်ဘဝ အချိန် အတော်ကြာအောင် လုပ်ကိုင်ခဲ့ဖူးသည်။

ထိုစဉ်က မြင်မြင်သမျှ သတင်းစာတိုက် ဝန်ထမ်းအပေါင်းက ကျွန်တော့်ဆရာတွေချည်းပင် ဖြစ်သည်။

အင်္ဂလိပ်ခေတ်ကနေ ယခုခေတ်တိုင်အောင် စာပြင်ဆရာလုပ်နေသော အိန္ဒိယနွယ်ဖွား ဦးရန်ကနားသည်လည်း ကျွန်တော့်ဆရာ ဖြစ်သည်။ တစ်လောလေးကမှ အရက်ကြောင့် သေဆုံးသွားရရှာသော အကြီးတန်း သတင်းထောက် လူပျိုကြီး ကိုခင်ညွန့်သည်လည်း ကျွန်တော့်ဆရာပင် ဖြစ်သည်။ တစ်လောလေးက အူမကြီးကင်ဆာဖြင့် သေဆုံးသွားရှာသော အယ်ဒီတာပေါက်စ ကိုဖုန်းသည်လည်း ကျွန်တော့်ဆရာ ဖြစ်သည်။

ယုတ်စွအဆုံး ကျွန်တော် အလုပ်စတင်ဝင်ရောက်ရာ စာပြင်ဌာန တွင် ရှိရှိသမျှ စာပြင်ဆရာ ကြီးငယ်အားလုံးသည် ကျွန်တော့်ဆရာများပင် ဖြစ်သည်။

သတင်းစာပညာအစ 'စာပြင်' ကလို့ ဆိုရမလိုပင်။ စာကောင်းကောင်း ပြင်တတ်မှ စာရေးတတ်မည်။ စာရေးတတ်မှ သတင်းရေး တတ်

http://www.dhammadownload.com



မည်။ သတင်းရေးတတ်မှ သတင်း တည်းဖြတ်တတ်မည်။ သတင်း တည်းဖြတ်တတ်မှ အယ်ဒီတာ ဖြစ်မည်။ အယ်ဒီတာဖြစ်မှ တာဝန်ခံ အယ်ဒီတာ ဖြစ်မည်။ တာဝန်ခံအယ်ဒီတာဖြစ်မှ ဒုတိယအယ်ဒီတာချုပ် ဖြစ်မည်။ ဒုတိယအယ်ဒီတာချုပ်ဖြစ်မှ အယ်ဒီတာချုပ် ဖြစ်မည်။ အယ်ဒီတာချုပ်ကြီး ဖြစ်မှ သတင်းစာဆရာကြီးများနှင့် တွေ့ဆုံသိကျွမ်းခွင့်ရပြီး သူတို့ဆီက သတင်းစာပညာများကို အရယူနိုင်မည်။ အရယူနိုင်မှ ကိုယ်လည်း နောင်တစ်ချိန်တွင် သတင်းစာဆရာကြီး ဖြစ်မည်။ သတင်းစာဆရာကြီးဖြစ်မှ သတင်းစာရှင်းလင်းပွဲတွေ တက်ရမည်။ "သတင်းစာဆရာကြီးများ သိထားကြတဲ့အတိုင်း ကျွန်တော်တို့" အစချီသည့် သတင်းစာ ရှင်းလင်းပွဲများသို့ တက်ရောက်ခွင့်ရမည် စသည်ဖြင့် ငယ်စဉ်က ဒီအတွေး၊ ဒီဆန္ဒမျိုး ကျွန်တော့်မှာ ရှိနေခဲ့သည်။

ဆရာချစ်စံဝင်း စကားနှင့် ပြောရလျှင် **မိုးထိအောင် လှေကားထောင်** စာအုပ်တွင် ဆရာရေးထားသလို "သင် ဘာဖြစ်ချင်သလဲ။ ဖြစ်ချင်တဲ့ ဆန္ဒကို မီးပြင်းပြင်း ထိုးထားပါ" ဟု ဆိုသည့်အတိုင်း တစ်နေ့မှာ ငါ သတင်းစာဆရာ ဖြစ်ကို ဖြစ်ရမယ်ဟု စိတ်ပိုင်းဖြတ်ပြီး ကြိုးစားခဲ့သည်။

ဒါက ကျွန်တော့်ဘဝ၏ တစ်စိတ်တစ်ပိုင်းကို စာဖတ်သူ အကဲဖြတ်နိုင်အောင် ရေလာမြောင်းပေး လုပ်ခြင်းသာ ဖြစ်သည်။

တကယ်ပြောချင်တာက သတင်းစာ လုပ်ငန်းမှာ ကျွန်တော်က ပညာသင်ယူခြင်းခံရသူ သို့မဟုတ် ပညာရှာနေသူ ဖြစ်ခဲ့သည်။ အရွယ်လေးရလာလို့ လူကြီးဖြစ်လာတော့ ဂျာနယ်တိုက်တွေမှာ အယ်ဒီတာဆိုသော တာဝန်တစ်ခုကို ကြီးကြီးလေးလေး ထမ်းဆောင်ခဲ့ရသည်။ တကယ့်ကို ကြီးလေးပါသည်။ ယခု အခြေအနေတွင် တာဝန်ထမ်းဆောင်ရသော ပုဂ္ဂလိက ဂျာနယ်များက အယ်ဒီတာများ အတော်ခေါင်းစားပါသည်။ သတင်းဂျာနယ်ဆိုသည်က အစိုးရ၏ ခွင့်ပြုချက်ဖြင့် ပြည်သူလူထုကို အသိပေးရသော သတင်းလုပ်ငန်းဖြစ်၍ အကန့်အသတ်တချို့ ရှိပါသည်။ ရေးပြ၍ ကုန်မည်လည်း မဟုတ်သည့်အတွက် ရေးမပြလိုတော့ပါ။

အတိုချုပ်ပြောရလျှင်တော့ မီဒီယာ ဆိုတာက အဖြစ်အပျက်၊ အကြောင်းအရာတစ်ခုကို အခြားတစ်ဖက်က သိအောင်၊ မြင်အောင်၊ ခံစားနားလည်လာ

http://www.dhammadownload.com



အောင် အရှိကို အရှိအတိုင်း တင်ပြပေးရန် ဖြစ်သည်။ ဒီမှာ သတင်းရေးသူသည် တတိယလူ third person ဖြစ်သည်ကို မိမိကိုယ်မိမိ သတိပြုဖို့လိုသည်။ အချို့က ဒါကိုပင် တလွဲ အသုံးချနေသည်များ ရှိနေသည်။ မိမိကိုယ်မိမိ ဘာတာဝန်ကို ထမ်းဆောင်နေတာလဲ ဆိုသည်ကို မေ့လျော့နေကြသည်။ အမှုမထားတော့ အမှားတွေ ပြုလာသည်။ အမှားတွေ ပြုလာတော့ 'ဘက်တော်သား' ဆိုသောတံဆိပ် ကပ်ခံရတော့သည်။ သူက pro ပါကွာ၊ သူကတော့ anti ကွ ဆိုသည့် အမည်တွေ အတပ်ခံရတော့သည်။

ရှင်းရှင်းပြောရလျှင် အစိုးရဘက်က လိုက်ရေးလျှင် လူထု (စာဖတ်သူ) က မကြိုက်ပါ။ စာဖတ်သူ (လူထု) အကြိုက်ကိုချည်း ရေးလျှင်လည်း အစိုးရက ကြိုက်မည် မဟုတ်ပါ။ အထူးသဖြင့် ကိုယ်ကန်နေသည့်ကွင်းက ဘယ်ကွင်းမှာလဲ။ အဝေးကွင်းလား၊ အိမ်ကွင်းလား၊ ကြားကွင်းလား ဆိုတာကိုတော့ သတိပြုကြရမှာ ဖြစ်သည်။ **ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ** ဖြစ်အောင် ဂျာနယ်သမားများ အားထုတ်ကြရပါသည်။ ဒီလိုနှင့် ဟိုဘက်သည်ဘက် အစွန်းမရောက်အောင် အားထုတ်ရင်း တစ်ခါတစ်ခါ ခြေချော်လက်ချော်တွေလည်း ဖြစ်ကြရပါသည်။ ထားပါတော့။

လူငယ်သတင်းသမားများနှင့် ကျွန်တော် အလုပ်တွဲလုပ်နေရသည့် အခါ လူငယ်တွေကို ပြောချင်တာလေးတွေ ရှိလာသည်။

ဒီနေရာမှာ ကျွန်တော်က လူငယ်တွေကို တစ်ခု မေးချင်သည်။ 'လူငယ်တွေ တကယ် အောင်မြင်ချင်တာလား' ဆိုသည့် မေးခွန်းလေးတစ်ခုကို ကျွန်တော် မေးကြည့်ချင်ပါသည်။ အောင်မြင်ချင်တာ တကယ်ဆိုရင်တော့ ပန်းတိုင်ရှိဖို့ လိုအပ်မည် ဖြစ်သည်။

ပန်းတိုင်ရှိပြီ ဆိုလျှင်တော့ ပန်းတိုင်ရောက်အောင် အရောက်လှမ်းနိုင်သည့် ခွန်အားတွေ၊ အချိန်တွေ၊ နည်းစနစ်တွေ လိုအပ်မည်။ အဲဒီလို အချိန်တွေ၊ ခွန်အားတွေ၊ နည်းစနစ်တွေ ရှိလာပြီ ဆိုလျှင်တော့ စိုက်ထုတ်ရမည့် လုံ့လ၊ ဝီရိယတွေလည်း ရှိရပေတော့မည်။ လုံ့လ ဝီရိယ မရှိဘဲနှင့်တော့ ကံဆိုတာကလည်း ဘယ်လိုမှ ထောက်ကူပေး၍ မရသည်က အသေအချာပင် ဖြစ်သည်။ တချို့က မင်းလောင်းမှန်လျှင် ရထားဆိုက်မည်ဟု ဆိုသည်။

http://www.dhammadownload.com



ဒီခေတ်မှာတော့ ဘယ်မင်းလောင်းနားကိုမှ ရထားမဆိုက်တာတော့ အသေ အချာပဲ ဖြစ်သည်။

'ကံမကောင်းရင် ဘာမှလုပ်လို့ ကိုင်လို့ မအောင်မြင်ပါဘူးဗျာ' ဟု လူငယ်များက ဆင်ခြေပေးလာလျှင်လည်း အပြည့်အဝ မှန်တယ်လို့ မပြောနိုင်သလို မှားတယ်လို့လည်း မဆိုလိုချင်ပါ။ သို့ပေမဲ့ တကယ်ကြိုးစား လျှင်တော့ အသီးအပွင့်တစ်ခုခု ရမှာပါလို့တော့ ပြောလိုပါသည်။

တကယ် အောင်မြင်ချင်တာပါ ဆိုလျှင်တော့ဖြင့် စာရေးဆရာ Napoleon Hill ၏ Success through a positive mental attitude ကို ဘာသာပြန်ဆိုထားသည့် ဆရာ အောင်ဝင်း (စိတ်ပညာ) ၏ စာအုပ်ထဲက စာပိုဒ်အချို့ကို ရည်ညွှန်းပြောဆို ရေးသားလိုပါသည်။

ဆရာက စာဖတ်သူတို့ကို အရေးပါ အရာရောက်ဆုံး လူသား တစ်ဦး ဖြစ်လာအောင် မည်သို့ ကြိုးပမ်းရမည်။ မည်သို့ စိတ်စေတနာ မျိုး ထားရှိသင့်သည်ကို ညွှန်ပြထားသည်။ မြတ်စွာဘုရားကလည်း 'စိတ် ကောင်း ရှိဖို့က ပထမ' ဟု ဟောဆိုထားသည်။ ဒီစာအုပ်မှာ ဆိုထားသည် ကလည်း အပြုစိတ်ထား၊ အကောင်းမြင်စိတ်ထား Positive Mental Attitude, PMA ကို ညွှန်းထားသည်။ အပြုစိတ်ထား ဆိုသည်မှာလည်း မှန်ကန် သော စိတ်နေစိတ်ထား right mental attitude ကို ဆိုခြင်း ဖြစ်သည်။

မှန်ကန်သော စိတ်နေစိတ်ထား ဆိုသည်ကား အဘယ်အရာပါ နည်း။ မှန်ကန်သော စိတ်နေစိတ်ထား ဆိုသည်ကလည်း ယခု ဖော်ပြပါ စကားလုံးများ၏ အဓိပ္ပာယ်ပါသည့် စိတ်နေစိတ်ထားကို ပေါင်းစပ်ထားခြင်း ဖြစ်သည်လို့ ဆရာအောင်ဝင်းက ဆိုသည်။ ယင်းစိတ်ထားများကား -

| | |
|---|---|
| **faith** | **ယုံကြည်မှု** |
| **integrity** | **ရိုးသားဖြောင့်မတ်ခြင်း** |
| **hope** | **မျှော်လင့်ချက်** |
| **optimism** | **အကောင်းမြင်ဝါဒ** |
| **courage** | **ရဲရင့်စိတ်** |
| **initiative** | **မိမိကိုယ်မိမိ ကိုးစားလျက် စတင် ဦးဆောင် လုပ်ကိုင်ခြင်း** |

http://www.dhammadownload.com



| | |
|---|---|
| generosity | ရက်ရောမှု |
| tolerance | စိတ်ရှည်သည်းခံခြင်း |
| tact | လူမှုဆက်ဆံရေးတွင် တစ်ဖက်သားကို မထိပါးစေဘဲ စည်းရုံးပြောဆိုပြုမူမှု တတ်ကျွမ်းခြင်း |
| kindlyness | ကြင်နာမှု |
| good commomsence | ကောင်းမွန်သော အမှန်တရားနှင့် ဆုံးဖြတ်နိုင်သော ဉာဏ်ပညာ |

ဟု ဆိုထားသည်။ ဒီအချက်အလက်တွေထဲက ဘယ်နှချက်ကို များ သင် ပြည့်စုံနေပါပြီလဲ။ ဒါမှမဟုတ် ဒီအချက်တွေထဲက ဘယ်အချက်တွေကို မွေးယူနိုင်မလဲ။ အရေးအကြီးဆုံးက သင်ကိုယ်တိုင်ပဲ ဖြစ်သည်။

ဒီနေရာတွင် ပြောချင်သည့်အချက်က မှန်ကန်သော စိတ်နေ စိတ်ထားကို နေရာတိုင်းမှာ ထားလို့ရမှာလား။ ရေမရှိ မြေမရှိ ကျောက်တောင်ကြီး တစ်လုံးပေါ်မှာ မျိုးစေ့တွေ ပစ်ချလို့ သစ်ပင်ပေါက်နိုင်ပါ့မလားဆိုသည့် မေးခွန်းမျိုးတွေ ဝင်လာကောင်း ဝင်လာနိုင်ပါသည်။

လူငယ်တို့အနေနှင့် ဒီလို ပတ်ဝန်းကျင် အနေအထားမှာ ရောက်နေသူတစ်ယောက်ဆိုလျှင်တော့ ကိုယ့်ရဲ့ ရှင်သန် နိုးထနေတဲ့ အညှောက်ထွက်လိုစိတ်၊ အပင်ပေါက်လိုစိတ်လေး မကုန်ဆုံးမီမှာပဲ ရေကောင်း မြေကောင်းရှိတဲ့နေရာကို ရောက်အောင်သွားဖို့ ရအောင်ရွှေ့ဖို့ တိုက်တွန်းရပါမည်။

## လူငယ်တွေ တကယ် တိုးတက်ချင်တာလား

ဒီမေးခွန်းမျိုး အမေးရှိလာလျှင်လည်း လူငယ်တွေ ဖြေကြည့်ဖို့ ဝန်မလေးပါနှင့်။ ဖြေမည်ဆိုလျှင်လည်း 'အကျိုးသင့် အကြောင်းသင့် ဖြေဆိုနိုင်အောင် ကြိုးစားထားပါဦး' ဟု တိုက်တွန်းလိုပါသည်။

'လူငယ်တွေ တကယ် တိုးတက်ချင်တာလား' ဆိုသည့် မေးခွန်းမှာပင် တိုးတက်လိုတာ တကယ် ဟုတ်၊ မဟုတ် သံသယမေးခွန်း ဖြစ်နေသည်ကို ကြည့်ပါ။ အမေးခံရသော လူငယ်တစ်ယောက်ဖြစ်သည့် သင့်

http://www.dhammadownload.com



အတွက်လည်း တကယ် တိုးတက်ချင်တာ ဟုတ်၊ မဟုတ် ကိုယ့်ကိုယ်ကိုယ် အသေအချာ မေးကြည့်ဖို့ လိုပါလိမ့်မည်။

'လူကြီးတွေက ကျွန်တော် လုပ်သမျှ အကောင်းမမြင်ဘူးဗျာ။ သူ့ကိုကျတော့ ဘာလုပ်လုပ် အကောင်းထင်နေတယ်။ သူက ကွယ်ရာမှာ လုပ်ချင်တာ လုပ်လာပြီး ရှေ့မှာကျတော့ မခုတ်တတ်တဲ့ ကြောင်လို မျက်နှာပေးနဲ့၊ ဒီလိုလူမျိုးတွေပဲ ကောင်းစားနေတယ်' လို့ စိတ်ထဲမှာ ထင်နေပြီဆိုရင်တော့ နည်းနည်းလေး အကောင်းမြင်ကြည့်ပြီး ခဏလောက်အောင့်အည်းသည်းခံလိုက်ပါဦး။ အလျင်စလို ဒီနေရာက မစွန့်လိုက်ပါနဲ့ဦး။ သူပြောသမျှ ယုံပြီးပြီဆိုရင်တော့ သင့်အတွက်လည်း အလှည့်ဆိုတာ ရှိလာဦးမှာပါလို့ပဲ ပြောပါမည်။ ဒီလို လူကြီးမျိုးတွေမှာ ဘက်လိုက်မှု (bias) တွေ ရှိနေတာ မျိုးလည်း ဖြစ်နေတတ်ပါသည်။ သင် တကယ် မှန်နေတယ်ဆိုရင် အမှန်တရားကို ဘယ်သူမှ မျက်ကွက်ပြုလို့ မရပါ။ ရတယ်ဆိုလျှင်လည်း အမှန်တရားဘက်ကို အလှည့်မရောက်သေးလို့ပါဟု ပြောဆိုပါမည်။

လူငယ်များအတွက် ရှောင်ကြဉ်ရမည့် အစွန်းတရားတွေလည်း ရှိသေးသည်။ ဤအချက်နှစ်ချက်ကို အမြဲရှောင်ကြဉ်နိုင်မှသာ သင်၏ လိုအင်ဆန္ဒလည်း ပြည့်ဝမှာ ဖြစ်သည်။ သည်အချက်များက-

၁။ အနန္တပညာရှင် (သဘာဝတရား သို့မဟုတ် ဂေါ့ဒ်ဘုရားသခင်) က ချမှတ်ထားသည့် ဥပဒေသများကို ချိုးဖောက်မှု မပြုပါနှင့်။
Don't violate the laws of infinite intelligence.

၂။ လူသားအချင်းချင်းတို့၏ ရပိုင်ခွင့် စည်းမျဉ်းများကို ကျူးလွန်ချိုးဖောက်မှု မပြုပါနှင့် ဟူ၍ ဖြစ်သည်။

ဤအချက်များကို ရှောင်ကြဉ်နိုင်ပြီဆိုလျှင်တော့ သင့်မှာ အောင်မြင်ခြင်း၊ ကျန်းမာခြင်း၊ ပျော်ရွှင်ခြင်း၊ ကြွယ်ဝခြင်းတို့ကို သင် ပိုင်ဆိုင်ရတော့မည်ဟု တထစ်ချ ဆိုရပါတော့မည်။

**'သင် ဘာဖြစ်ချင်သလဲ။ အဲဒါကို သင် ရလိမ့်မည်'**

ဟု အီမာဆင် ဆိုသော ပုဂ္ဂိုလ်ကလည်း ဆိုထားသည် မဟုတ်ပါလား။

http://www.dhammadownload.com



လူငယ်များ အတွေးမှန်၊ အယူမှန်၊ အသိမှန်ဖြင့် အောင်မြင် ကြီးပွား ချမ်းသာကြပါစေ...

သိန်းအေး

ရည်ညွှန်း
အပြုစိတ်ထား အောင်မြင်ထင်ရှား၊ အောင်ဝင်း (စိတ်ပညာ)